# ပဋ္ဌာန်း ပဉ္စာဝါရ ကျက်မှတ်မည့်အစီအစဉ် မာတိကာ

**ခေါင်းစဉ်** **စာမျက်နှာ**


| | | |
|---|---|---|
| ၁။ | နိဒါန်း အပိုင်း(၁) | ၁ |
| ၂။ | အပိုင်း(၂) ဟေတုပစ္စည်း | ၃ |
| ၃။ | အပိုင်း(၃) ဈာနပစ္စည်း မဂ္ဂပစ္စည်း | ၇ |
| ၄။ | အပိုင်း(၄) အာဟာရပစ္စည်း ဣန္ဒြိယပစ္စည်း | ၉ |
| ၅။ | အပိုင်း(၅) ကမ္မပစ္စည်း | ၁၂ |
| ၆။ | အပိုင်း(၆) အဓိပတိပစ္စည်း၏ ကုသလပဒ | ၁၄ |
| ၇။ | အပိုင်း(၇) အဓိပတိပစ္စည်း၏ အကုသလပဒ အဗျာကတပဒ | ၁၇ |
| ၈။ | အပိုင်း(၈) အနန္တရ၊ သမနန္တရ၊ အာသေဝန၊ နတ္ထိ၊ ဝိဂတပစ္စည်း | ၂၀ |
| ၉။ | အပိုင်း(၉) အညမညပစ္စည်း သမ္ပယုတ္တပစ္စည်း | ၂၄ |
| ၁၀။ | အပိုင်း(၁၀) သဟဇာတပစ္စည်း ဝိပါကပစ္စည်း | ၂၇ |
| ၁၁။ | အပိုင်း(၁၁) ပုရေဇာတပစ္စည်း နိဿယပစ္စည်း | ၃၀ |
| ၁၂။ | အပိုင်း(၁၂) ပစ္ဆာဇာတပစ္စည်း ဝိပ္ပယုတ္တပစ္စည်း | ၃၄ |
| ၁၃။ | အပိုင်း(၁၃) အတ္ထိပစ္စည်း အဝိဂတပစ္စည်း | ၃၇ |
| ၁၄။ | အပိုင်း(၁၄) အာရမ္မဏပစ္စည်း၏ ကုသလပဒ | ၄၂ |
| ၁၅။ | အပိုင်း(၁၅) အာရမ္မဏပစ္စည်း၏ ကုသလပဒအဆက် | ၄၇ |
| ၁၆။ | အပိုင်း(၁၆) အာရမ္မဏပစ္စည်း၏ အကုသလပဒ | ၄၉ |
| ၁၇။ | အပိုင်း(၁၇) အာရမ္မဏပစ္စည်း၏ အဗျာကတပဒ | ၅၁ |
| ၁၈။ | အပိုင်း(၁၈) ဥပနိဿယပစ္စည်း၏ ကုသလပဒ | ၅၃ |
| ၁၉။ | အပိုင်း(၁၉) ဥပနိဿယပစ္စည်း၏ ကုသလပဒအဆက် | ၅၆ |
| ၂၀။ | အပိုင်း(၂၀) ဥပနိဿယပစ္စည်း၏ အကုသလပဒ | ၅၉ |
| ၂၁။ | အပိုင်း(၂၁) ဥပနိဿယပစ္စည်း၏ အဗျာကတပဒ | ၆၃ |

# တိကပဋ္ဌာန်း
# ဓမ္မာနုလောမ
# ကုသလတ္တိက ပဉှာဝါရ

.......................................................................................................

## ပဉှာဝါရ ကျက်မှတ်ပူဇော်ကြမယ်
## အပိုင်း(၁)

ပဉှာဝါရကို အာဂုံဖြေဆိုကြမဲ့သူလည်းရှိသလို မိမိဘာသာ အလွတ်ကျက်မှတ် ပူဇော်လိုသူတွေလည်း ရှိကြမှာပါ။ ကျွန်တော်ကိုယ်တိုင်လည်း အစအဆုံး အလွတ်မရသေးပါဘူး။ အဲ့ဒီတော့ ကျွန်တော်နဲ့အတူ လိုက်ပါ ကျက်မှတ်ချင်သူများရှိရင် ဒီကနေ့ စလိုက်ကြစို့လို့ ဖိတ်ခေါ်ပါတယ်။

ပထမဆုံး မကျက်မီ မဖြစ်မနေ သိသင့်တာလေးတွေ ရှိပါတယ်။ ကျွန်တော်တို့ ခုကျက်မှာက... ဓမ္မာနုလောမ တိကပဋ္ဌာန်းထဲက ကုသလတိက်၊ အဲ့ဒီကုသလတိက်ထဲကမှ နောက်ဆုံးဝါရဖြစ်တဲ့ ပဉှာဝါရထဲက ဖြစ်ပါတယ်။ ဒါကြောင့်မို့ "ကုသလတ္တိက ပဉှာဝါရ" လို့ ခေါ်တာပါ။

နောက်တစ်ခု သိထားသင့်တာက သင်္ချာ ပါ။ သင်္ချာဆိုတာကတော့ ပဒနဲ့ ပဒါဝသာန အတွဲ (တစ်နည်း) ပစ္စည်းနဲ့ ပစ္စယုပ္ပန် အတွဲအရေအတွက်ကို ခေါ်ပါတယ်။ ဒီ ပဉှာဝါရမှာ ပစ္စည်း-ပစ္စယုပ္ပန် အတွဲပေါင်း ၁၅တွဲရှိပါတယ်။ သင်္ချာ ၁၅ ချက်ပေါ့။ (တိုတိုနဲ့ရှင်းရှင်းဖြစ်အောင် ကုသိုလ်ကို "ကု"၊ အကုသိုလ်ကို "အကု"၊ အဗျာကတကို "ဗျာ"လို့ ရှေ့လျောက် သုံးနှုန်းသွားပါမယ်။) ဒါတွေကတော့ ...

| **ပစ္စည်း ... ပစ္စယုပ္ပန်** | **ပစ္စည်း ... ပစ္စယုပ္ပန်** |
|---|---|
| ကု .... ကု | ဗျာ .... ဗျာ |
| ကု .... အကု | ဗျာ .... ကု |
| ကု .... ဗျာ | ဗျာ .... အကု |
| ကု .... ကုဗျာ | |
| | ကုဗျာ ... ကု |
| အကု ... အကု | ကုဗျာ ... ဗျာ |
| အကု ... ကု | |
| အကု ... ဗျာ | အကုဗျာ .. အကု |
| အကု ... အကုဗျာ | အကုဗျာ .. ဗျာ |

၄ ၄ ၃ ၂ ၂ လို့လည်း မှတ်ထားလို့ ရပါတယ်။ သင်္ချာ ၁၅ချက်ရှိသော်လည်း ၂၄ ပစ္စည်းမှာ ဘယ်ပစ္စည်းမှာမှ ၁၅ချက်လုံး မစုံပါဘူး။ အများဆုံးဖြစ်တဲ့ နိဿယ၊ အတ္ထိ၊ အဝိဂတမှာတောင် သင်္ချာ ၁၃ချက်ထိပဲ ရှိပါတယ်။

ပြီးတော့ ရှိနိုင်တဲ့ သင်္ချာက တစ်တွဲထဲရှိတဲ့ ပစ္စည်းရှိတယ်၊ ၃တွဲ ၅တွဲ ၇တွဲ ၉တွဲ ၁၀တွဲ ၁၃တွဲ ဒီ ၇မျိုးသာပါပဲ။

နောက်တစ်ခု သိသင့်တာက "ဝိဓိ"နဲ့ "အနုဝါဒ" ပါ။ သင်္ချာတစ်ချက်ချင်းစီမှာ အဲ့လို ၂မျိုးစီ ဟောပါတယ်။

ဥပမာ ဟေတုပစ္စည်း ရဲ့ ကု-ကု သင်္ချာအတွက် ဝိဓိပါဠိတော်က "ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ "ကုသိုလ်တရားသည် ကုသိုလ်တရားအား ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်လို့ ဟောတာပါ။ ဘယ်ကုသိုလ်တရားက ဘယ်ကုသိုလ်တရားကို ကျေးဇူးပြုသလဲ ဆိုတာကိုတော့ အနုဝါဒနဲ့ ထပ်ဟောပါတယ်။

"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။" ကုသိုလ်ဟိတ် ၃ပါးသည် တပြိုင်တည်းယှဉ်ဘက် စိတ်စေတသိက် နာမ်ခန္ဓာတို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြု၏လို့ အသေးစိတ် ထပ်ဟောပါတယ်။ အဲ့ဒီ ဝိဓိပါဠိနဲ့ အနုဝါဒပါဠိ ၂ခုပေါင်းမှ သင်္ချာ တစ်ချက် ပြည့်စုံပါတယ်။

ပြန်ပြောရရင် .....
"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။ ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတုပစ္စယေန ပစ္စယော။" ဒီလို ဝိဓိရော အနုဝါဒရော ၂ခုပေါင်းကို ဆိုလိုပါတယ်။

နောက် အရေးကြီးတဲ့ တစ်ချက်က မျိုးပစ္စည်းတွေ အကြောင်းပါ။ မျိုးပစ္စည်းတွေ မသိရင် ပဋ္ဌာန်းလေ့လာရတာ အလွန်ခက်ခဲပါတယ်။ ၂၄ ပစ္စည်းကို တူရာတူရာမျိုးတွေထဲ ထည့်သွင်းလိုက်ရင် မျိုးအားဖြင့် ၉မျိုးရှိပါတယ်။ အာရမ္မဏမျိုး၊ သဟဇာတမျိုး၊ အနန္တရမျိုး၊ ပကတူပမျိုး၊ ဝတ္ထုမျိုး၊ ပစ္ဆာဇာတမျိုး၊ ဗလဝဒုဗ္ဗလနာနာက္ခဏိကမျိုး၊ ရုပ်အာဟာရမျိုးနဲ့ ရုပ်ဇီဝိတိန္ဒြိယမျိုး တို့ ဖြစ်ပါတယ်။

တကယ်တော့ ပြောရမှာ အများကြီးများ လောလောဆယ်တော့ ဒီလောက်ပဲ ပြောပါဦးမယ်။
အပိုင်း ၂မှ စ၍ စကျက်ပါတော့မည် … ဆန္ဒရှိသူများ လိုက်ပါကျက်မှတ်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**(၁၉-၅-၂၀၁၆)**

## အပိုင်း(၂)
## (ဟေတုပစ္စည်း)

စကျက်ကျက်ချင်း သဒ္ဒါ မလျော့ရလေအောင် လွယ်တာလေးတွေ အရင်ကျက်ဖို့ စိတ်ကူးမိပါတယ်။ ကြောက်သွားတာမျိုး မဖြစ်စေလိုပါဘူး။ ကျွန်တော်တို့ဒီနေ့ သဟာဇာတမျိုးထဲက ဟေတုပစ္စည်းနဲ့ စတင်ပါမယ်။ နောက်အပိုင်းတွေကျရင် ဒီဟေတုနဲ့ သင်္ချာလည်းတူ မျိုးလည်းတူတဲ့ ပစ္စည်းတွေ ကျော်ပြီးကျက်သွားပါမယ်။

ပထမဦးဆုံး ဓာတ်ပုံလေးကို saveယူထားလိုက်ပါ။ အဲ့ဒါကြည့်ပြီးကျက်ရမှာပါ။ အဲ့ဒီဇယားမှာ ဟေတုရဲ့ သင်္ချာ ၇ချက်အတွက် ဇယားတန်းRow ၇ခု တွေ့ရပါမယ်။ နောက်ပြီး ပဒ၊ ပဒါဝသာန၊ ပစ္စည်း၊ ပစ္စယုပ္ပန် ဆိုပြီး ပင်မဇယားတိုင်column ၄ခု တွေ့ရပါမယ်။ ပထမနှစ်တိုင်ဖြစ်တဲ့ ပဒနဲ့ ပဒါဝသာနနဲ့က ဝိဓိပါဠိတော်အတွက် ရည်ရွယ်ပါတယ်။ ပစ္စည်းနဲ့ ပစ္စယုပ္ပန် နှစ်တိုင်ကတော့ အနုဝါဒပါဠိကို ရည်ရွယ်ရင်းဖြစ်ပါတယ်။ ပစ္စည်းအတွက်ကတော့ ရှင်းပါတယ်ဟိတ် တရားတွေက ကျေးဇူးပြုမှာမို့ "ကုသလာ ဟေတူ၊ အကုသလာ ဟေတူ၊ အဗျာကတာ ဟေတူ"လို့ ဖော်ပါတယ်။ ကျေးဇူးပြုချင်းခံရမဲ့ ပစ္စယုပ္ပန် အပိုင်းမှာတော့ ဇယားတိုင် ၃ခုထပ်ခွဲထားတာ တွေ့ရပါမယ်။

ပန်-၁။ သမ္ပယုတ္တကာနံ ခန္ဓာ

ပန်-၂။ စိတ္တသမုဋ္ဌာနာနံ ရူပါနံ (သို့မဟုတ်) စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ

ပန်-၃။ ကဋတ္တာ စ ရူပါနံ

အဲ့ဒီ၃ခုမှာ နံပါတ်-၁ က တူတူယှဉ်ဘက် စိတ်စေတသိက် နာမ်ခန္ဓာ ၄ပါးကို ညွှန်းပါတယ်။ ၂က စိတ်ကထုတ်လုပ်တဲ့ စိတ္တဇရုပ်၊ ၃က ပဋိသန္ဓေကမ္မဇရုပ် စသဖြင့် အသီးသီး ညွှန်းပါတယ်။ ပန်-၁ ဖြစ်တဲ့ နာမ်ခန္ဓာ ၄ပါးသည် ကုသိုလ် အကုသိုလ် အဗျာကတ ၃မျိုးလုံး ဖြစ်နိုင်ပါတယ်။ ၂နဲ့ ၃တို့ကတော့ ရုပ်တွေဖြစ်တာမို့ အဗျာကတသာ ဖြစ်ကြပါတယ်။

**<u>#ကု-ကု</u>**

ကျွန်တော်တစ်ချက်ချင်း ပြန်ဖော်ပြပါမယ်.. ပထမဆုံး Rowကိုကြည့်ရင် ပဒနေရာမှာ "ကု"၊ ပဒါဝသာနနေရာမှာလည်း "ကု" ။ ဒါဆို သင်္ချာ ကု-ကု ပေါ့။ ဒါကိုကြည့်ပြီး ဝိဓိပါဠိကို ဖော်ရင် ...

"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။" အဲ့လိုပြန်ဖော်ပေးရပါတယ်။ ပစ္စည်းတိုင်း သင်္ချာတိုင်းအတွက် ဝိဓိပါဠိဆိုတာနဲ့. ...

**" ...... ဓမ္မော.. ... ဓမ္မဿ.......ပစ္စယေန ပစ္စယော။ "** အဲ့ဒါပုံသေပါပဲ။ ကွက်လပ် ၃ခုနေရာမှာ ပစ္စည်းရယ် ပစ္စယုပ္ပန်ရယ် ပစ္စယသတ္တိရယ် ထည့်လိုက်ရုံပါပဲ။

ကောင်းပါပြီ နောက်ထပ် ဇယားတိုင် ၂ခုဖြစ်တဲ့ ပစ္စည်း ပစ္စယုပ္ပန်ကနေ အနုဝါဒပါဠိကို ဖော်ပါမယ်။ အနုဝါဒကြတော့ ကု-ကု မို့ နောက်ကရုပ်အတွက် ၂ချက်မပါတော့ဘူး ....

*"ကုသလာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေနပစ္စယော။"* ဒါဆို ကု-ကု သင်္ချာတစ်ချက် ပြီးသွားပါပြီ။ ပြန်ပေါင်းပြရရင် ...

**"ကုသလော ဓမ္မော ကုသလဿ ဓမ္မဿ ဟေတု ပစ္စယေနပစ္စယော။**

**ကုသလာ ဟေတု သမ္ပယုတ္တကာနံ ခန္ဓာနံ ဟေတု ပစ္စယေနပစ္စယော။ "**

**#ကု-ဗျာ**

ကုသိုလ်စိတ်လို့ပြောတာနဲ့ ကျွန်တော်တို့ ဘယ်လို တန်းမြင်ရမလဲဆိုရင်ကုသိုလ်စိတ်တစ်ခု ဖြစ်ခိုက် တစ်ချိန်တည်းမှာ ရှိနေကြမဲ့ (ကုသိုလ်စိတ်+ စေတသိက် ၃၈ + စိတ္တဇရုပ်) ကို တန်းမြင်ရပါမယ်။ ၁+၃၈+ရုပ် အဲ့လိုလေး မှတ်ထားပေးပါ။

ခုကျွန်တော်တို့ ပြောနေတဲ့ ကုသိုလ်ဟိတ်၃ပါးသည် ၃၈ထဲမှာ ရှိနေတဲ့ အလောဘ/ အဒေါသ/ အမောဟ(ပညာ) ဆိုတဲ့ စေတသိတ် ၃ပါးကို ပြောတာပါ။ အဲ့ဒီ ၃ပါးက ကျန်တရားတွေကို ဟိတ်အဖြစ် ကျေးဇူးပြုနေတယ်ပေါ့။ ၁+၃၈+ရုပ်ကို သချာ ၃ချက်ခွဲကြည့်ရင် ..

၁။ (ကု-ဟိတ် ၃ )သည် (၁+၃၅) အား (ကု-ကု)အဖြစ်

၂။ (ကု-ဟိတ် ၃)သည် စိတ္တဇရုပ်အား (ကု-ဗျာ)အဖြစ်

၃။ (ကု-ဟိတ် ၃)သည် (၁+၃၅+ရုပ်)အား (ကု-ကုဗျာ)အဖြစ်

အသီးသီး ကျေးဇူးပြုသွားကြပါတယ်။ ပထမတစ်ချက် ကု-ကု က အပေါ်မှာ ဖော်ပြခဲ့ပြီးပါပြီ။ အခု ကု-ဗျာရဲ့ ဝိဓိပါဋ္ဌိကို ပုံကိုကြည့်ပြီး အလွယ်တကူ ဖော်လို့ရပါပြီ။

"ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတု ပစ္စယေနပစ္စယော။ " ပြီးတော့ အနဝါဒနဲ့ ထပ်ပြီးဟောပါတယ် ဘယ်ကုသလဓမ္မလဲဆိုတော့ "ကုသလာ ဟေတူ"ပါတဲ့၊ ဘယ်အဗျာကတဓမ္မလဲ ဆိုတော့ "စိတ္တသမုဋ္ဌာနာနံ ရူပါနံ"ပါတဲ့။

"ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတု ပစ္စယေနပစ္စယော။ " အဲ့လို ဟောတာပါ။ ပြန်ပေါင်းရင် ..( "ကုသလော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတု ပစ္စယေနပစ္စယော။ ကုသလာ ဟေတူ စိတ္တသမုဋ္ဌာနာနံ ရူပါနံ ဟေတု ပစ္စယေနပစ္စယော။")

**#ကု-ကုဗျာ**

ကု-ဟိတ် ၃ခုက (၁+၃၅+ရုပ်)ကို ကျေးဇူးပြုကြောင်း ဟောတာပါ။ အပေါ်က သချာ ၂ချက်ကို ပေါင်းထားတာပါပဲ။ သတိထားရမှာက တစ်ခုထက်ပိုပြီး ညွှန်းပြီဆို "စ"ဆိုတာလေး ထည့်ဟောရပါတယ်။ (... လည်းကောင်း ..... လည်းကောင်း) လို့ အဓိပ္ပါယ်ရပါတယ်။ ဒီ ကု-ကုဗျာ မှာလည်း ပဒါဝသာန တစ်ခုတည်းကကို ကုဗျာပေါင်းလျှက်ဖြစ်တဲ့အတွက် (ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ) လို့ အဲ့လို ပြန်ဖော်ရပါတယ်။ အနဝါဒမှာလည်း စိတ္တသမုဋ္ဌာနာနံ မဟုတ်တော့ပဲ စိတ္တသမုဋ္ဌာနာနဉ္စ လို့ Grammar အရ ပြောင်းသွားပါတယ်။ အဓိပ္ပါယ်က တူတူပါပဲ။

ပုံမှာလည်း မှားမှာစိုးလို့ (နဉ္စ)လေးပြပြီး သတိပေးထားပါတယ်။ အဲ့တော့ ကု-ကုဗျာ သည် ...

**"ကုသလော ဓမ္မော ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ဟေတု ပစ္စယေနပစ္စယော။**

**ကုသလာဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု ပစ္စယေနပစ္စယော။ "**

အဲ့လို ဖော်သွားပါတယ်။

**#အကု-အကု/ အကု-ဗျာ/ အကု-အကုဗျာ**

ဒီအကုသလသချာ ၃ချက်က ကုသိုလ်၃ချက်ကို ရရင် သိလွယ်သွားပါပြီ။ အကုသိုလ်စိတ်တစ်ခု ဖြစ်ခိုက်ကို ပြောနေတာပါလားလို့ တန်းမြင်ရမယ်။ အဲ့ဒီအခိုက်မှာ (အကုသိုလ်စိတ် + စေတသိက် ၂၇ခု+ စိတ္တဇရုပ်) ရှိနေပါလားလို့ သိထားသင့်တယ်။ စေတသိက် ၂၇ထဲက လောဘ ဒေါသ မောဟ ဆိုတဲ့

စေတသိက်၃ပါးက အကုသိုလ်ဟိတ်အဖြစ် ပစ္စည်းဘက်အခြမ်းမှာ ရှိနေမယ်။ ကျန်တဲ့ ၁+၂၄+ရုပ် သည် ပစ္စယုပ္ပန်ဘက်အခြမ်းမှာ ရှိနေမယ်ဆိုတာ မြင်လွယ်ပါပြီ။

အဲ့ဒီတော ..

၁။ အကု-ဟိတ် ၃သည် (၁+၂၄)အား (အကု-အကု)အဖြစ်

၂။ အကု-ဟိတ် ၃သည် စိတ္တဇရုပ်အား (အကု-ဗျာ)အဖြစ်

၃။ အကု-ဟိတ် ၃သည် (၁+၂၄+စိတ္တဇရုပ်)အား (အကု-အကုဗျာ)အဖြစ် အသီးသီး ကျေးဇူးပြု သွားမှာ ဖြစ်ပါတယ်။ လွယ်ပြီမို့ ပါဠိတွေ မဖော်ပြတော့ပြီ။

**#ဗျာ-ဗျာ**

ဒီ ဗျာ-ဗျာ သင်္ချာကို ပဋ္ဌာန်းလေ့လာသူတိုင်း ကြောက်ကြပါတယ်။ ၂၄ပစ္စည်းလုံးမှာ ပါတာလည်း အဲ့ဒီ ဗျာ-ဗျာ တစ်ချက်ပဲ စုံတယ်။ ဘာလို့ဆို စိတ်မှာလည်း အဗျာကတကရှိတယ် ဝိပါက်စိတ်နဲ့ ကြိယာစိတ်။ ဒါကိုပဲ ဝိပါကာဗျာကတနဲ့ ကြိယာဗျာကတ ဆိုပြီး နာမ်အဗျာကတ နှစ်မျိုးခွဲရတယ်။ ရုပ်တွေအားလုံးကလည်း အဗျာကတဆိုတော့ ဒီသင်္ချာဆိုရင် သေချာ သတိထားရတယ်။ ဗျာ-ဗျာမှာ ကာလကို ထည့်စဉ်းစားရပါတယ် ပဋိသန္ဓေအခါမှာလား ပဝတ္တိအခါမှာလား စသဖြင့်ပါ။ နှစ်ခုစလုံး ရှိနိုင်တဲ့အခါ ပဝတ္တိအခါကို အရင်ဟောပါတယ်။။ ပြီးရင် ပဋိသန္ဓေအခါ လာပါတယ်။ ဒီမှာလဲ တန်းမြင်ရမှာက ပဝတ္တိအခိုက်မှာ သဟိတ်အဗျာကတစိတ်+ စေတသိက်၃၈+ စိတ္တဇရုပ်။ ပဋိသန္ဓေ အခိုက်မှာ သဟိတ်ပဋိသန္ဓေစိတ်+ စေတသိက်၃၅+ ကမ္မဇရုပ် စသည်ဖြင့်ပါ။

ဝိဓိပါဠိတော်ကို ပုံအရဖော်ရရင် ..

**"အဗျာကတော ဓမ္မော အဗျာကတဿ ဓမ္မဿ ဟေတုပစ္စယေန ပစ္စယော။"**

ပြီးရင် ပဝတ္တိကာလအတွက် အနဝါဒကို အရင်ဟောပါတယ်။

**"ဝိပါကာဗျာကတာ ကြိယာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။"**

ပြီးရင် (ပဋိသန္ဓိက္ခဏေ)ဆိုပြီး ပဋိသန္ဓေအခါကို ညွှန်းပြီး ဆက်လာပါတယ်။ ပဋိသန္ဓေစိတ် အားလုံးသည် ဝိပါက်စိတ်ပဲ ဖြစ်ပါတယ်။ ကြိယာစိတ်မရှိပါဘူး။ ဒါကြောင့်မို့ ...

**"ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ဟေတူ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။"** လို့ ဟောပါတယ်။

ဒီနေ့တော့ ဒီလောက်ပါပဲ။ အစမို့ ရှည်ရှည်ဝေးဝေးပြောရတာမို့ သည်းခံဖတ်ပေးပါ။ အလွတ် ကျက်မှတ်ယုံအတွက်နဲ့ ဒီလောက်ပြောစရာမလိုပါဘူး။ အထိုက်အလျောက် နားလည်သွားစေချင်လို့ပါ။ နောက်နေ့တွေမှာ သဘောတူတဲ့ ပစ္စည်းတွေ အခါ သိပ်ရှင်းပြစရာမလိုတော့ ပါဘူး။ တန်းကျက်ရုံပါပဲ။

**(၂၀-၅-၂၀၁၆)**

# ဟေတုပစ္စည်း

သင်္ချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် | | |
|---|---|---|---|---|---|---|---|
| | | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
| ၁ | ကု | ကု | | ကုသလာ ဟေတူ | ။ | | |
| ၂ | ကု | ဗျာ | | ။ | | ။ | |
| ၃ | ကု | ကုဗျာ | | ။ | ။ | ။ *နဉ္စ | |
| ၄ | အကု | အကု | | အကုသလာ ဟေတူ | ။ | | |
| ၅ | အကု | ဗျာ | | ။ | | ။ | |
| ၆ | အကု | အကုဗျာ | | ။ | ။ | ။*နဉ္စ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာ ကြိ-ဗျာကတာ ဟေတူ | ။ | ။*နဉ္စ | |
| | | | ပဋိ | ပဋိ- ဝိဗျာ ဟေတူ | ။ | | ။ |

## အပိုင်း(၃)

## (ဈာနပစ္စည်း၊ မဂ္ဂပစ္စည်း)

ဟေတုကို ရတာနဲ့ ဈာနနဲ့ မဂ္ဂပစ္စည်းနှစ်ခုကို အာဂုံအားဖြင့် အလိုလိုရပြီးသားလို့ မှတ်ယူလိုက်ပါ။ ပုံပါ ဇယားကို ကြည့်ခြင်းအားဖြင့်လည်း ကောင်းစွာ သိနိုင်ပါတယ်။ ကွာတာဆိုလို့ ပစ္စည်းပိုင်းမှာပဲ ရှိတာပါ။ ကုသိုလ်ကို .....

ဟေတုမှာ = **ကုသလာ ဟေတူ**

ဈာနမှာ = **ကုသလာနိ ဈာနင်္ဂါနိ**

မဂ္ဂမှာ = **ကုသလာနိ မဂ္ဂင်္ဂါနိ**

အဲ့ဒီလိုလေးပဲ ကွာသွားတာပါ။ အကုသိုလ်နဲ့ အဗျာကတတွေအတွက် ဇယားနဲ့ ပါဠိကို ယှဉ်ကြည့်ရင် သိနိုင်ပါပြီ။ အာဂုံအလွတ်ရဖို့က ဒီလောက်ဆို လုံလောက်ပါပြီ။ ဟေတု၊ ဈာန၊ မဂ္ဂ ပစ္စည်း- ၃ခု ဒီနေ့ည အပြီးကျက်ကြစို့ .....

(၂၁-၅-၂၀၁၆)

### ဈာနပစ္စည်း

သချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် | | |
|---|---|---|---|---|---|---|---|
| | | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
| ၁ | ကု | ကု | | ကုသလာနိ ဈာနင်္ဂါနိ | ။ | | |
| ၂ | ကု | ဗျာ | | ။ | | ။ | |
| ၃ | ကု | ကုဗျာ | | ။ | ။ | ။ *နဠ | |
| ၄ | အကု | အကု | | အကုသလာနိ ဈာနင်္ဂါနိ | ။ | | |
| ၅ | အကု | ဗျာ | | ။ | | ။ | |
| ၆ | အကု | အကုဗျာ | | ။ | ။ | ။*နဠ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာနိ ကြိ- ဗျာကတာနိ ဈာနင်္ဂါနိ | ။ | ။*နဠ | |
| | | | ပဋိ | ပဋိ- ဝိဗျာနိ ဈာနင်္ဂါနိ | ။ | | ။ |

# မဂ္ဂပစ္စည်း

သၚ်္ချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် | | |
|---|---|---|---|---|---|---|---|
| | | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
| ၁ | ကု | ကု | | ကုသလာနိ မဂ္ဂင်္ဂါနိ | ။ | | |
| ၂ | ကု | ဗျာ | | ။ | | ။ | |
| ၃ | ကု | ကုဗျာ | | ။ | ။ | ။ *နဋ္ဌ | |
| ၄ | အကု | အကု | | အကုသလာနိ မဂ္ဂင်္ဂါနိ | ။ | | |
| ၅ | အကု | ဗျာ | | ။ | | ။ | |
| ၆ | အကု | အကုဗျာ | | ။ | ။ | ။*နဋ္ဌ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာနိ ကြိ- ဗျာကတာနိ မဂ္ဂင်္ဂါနိ | ။ | ။*နဋ္ဌ | |
| | | | ပဋိ | ပဋိ- ဝိဗျာနိ မဂ္ဂင်္ဂါနိ | ။ | | ။ |

## အပိုင်း(၄)
## (အာဟာရပစ္စည်း၊ ဣန္ဒြိယပစ္စည်း)

**#အာဟာရပစ္စည်း**

အာဟာရပစ္စည်းကလည်း ဟေတု၊ ဈာန၊ မဂ္ဂတို့နဲ့ အတူတူနီးပါးပါပဲ။ နောက်ဆုံး ဗျာ-ဗျာ မှာ ရုပ်-ရုပ်ချင်း ကျေးဇူးပြုတဲ့ အကြောင်းကို ဆက်ဟောထားတာလေးပဲ ပိုပါတယ်။ ဟေ ဈာ မဂ် မှာတုန်းက ကျေးဇူးပြုတဲ့ ပစ္စည်းက စေတသိက်တွေချည်းပဲ။ နာမ်က နာမ်ကို/ နာမ်က ရုပ်ကို / နာမ်က နာမ်+ရုပ်ကို ကျေးဇူးပြုတာ။ ဒါကိုပဲ ကု-ကု၊ ကု-ဗျာ၊ ကု-ကုဗျာ ဆိုပြီး ပြောတာပဲပေါ့။ အာဟာရမှာကျတော့ ရုပ်က ရုပ်ကို ကျေးဇူးပြုတာပါလာတယ်။ နှစ်ခုလုံးကလည်း အဗျာကတတွေပဲမို့ ဗျာ-ဗျာ သင်္ချာထဲ ပါသွားတာပေါ့။ ဒါလေးပဲ ပိုထူးပါတယ်။

နောက် ပစ္စည်းပိုင်းမှာလည်း Grammar အရ အခေါ်လေးတွေ နည်းနည်း ပြောင်းတယ် ...
ကုသိုလ်ကို ....

ဟေတုမှာ - ကုသလာ ဟေတူ

ဈာနမှာ - ကုသလာနိ ဈာနင်္ဂါနိ

မဂ္ဂမှာ - ကုသလာနိ မဂ္ဂင်္ဂါနိ

အာဟာရမှာ - ကုသလာ အာဟာရာ

<u>နောက်လာမဲ့ ဣန္ဒြိယနဲ့ ကမ္မမှာလည်း</u>

ဣန္ဒြိယမှာ - ကုသလာ ဣန္ဒြိယာ

ကမ္မမှာ - ကုသလာ စေတနာ

အဲ့ဒီလိုလေးတွေပဲ ကွဲလွဲပါတယ်။ ဒီနေရာမှာလည်း သတိထားကြည့်ပါနော် ကမ္မမှာ "ကုသလာ ကမ္မာ" လို့ မဟောဘူး။ ကုသလာ စေတနာ လို့ပဲ ဟောတယ်။ "စေတနာကို ကံလို့ ငါဘုရားဟောတယ်" ဆိုတဲ့ စကားဟာ ပဋ္ဌာန်းထဲမှာ ကောင်းစွာ တွေ့နိုင်ပါတယ်နော်။

ကောင်းပါပြီ။ ဒီလိုဆို အာဟာရပစ္စည်းလည်း မခက်ခဲလောက်ပါဘူး။ ပိုလာတဲ့ ပါဠိက "ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော။" ဒါလေးပါပဲ။ ဒီပါဠိတစ်ကြောင်းကလည်း ပစ္စယနိဒ္ဒေသကို ရွတ်ဖတ်နေသူအဖို့ မြင်တာနဲ့ သိနေပါပြီ။

**#ဣန္ဒြိယပစ္စည်း**

ဒီမှာလည်း ဟေ ဈာ မဂ် မှာတုန်းကထက် ၂ခုပိုလာပါတယ်။ အဲ့ဒါက ရုပ်က နာမ်ကို ကျေးဇူးပြုတာရယ် ရုပ်-ရုပ်ချင်း ကျေးဇူးပြုတယ်ရယ်ပါ။ ရုပ်က နာမ်ကို ကျေးဇူးပြုတာကို "ဝတ်ပုတိန်" လို့ ဗယားထဲမှာ ရေးထားတာ တွေ့ရပါမယ်။ (ဝတ္ထုပုရေဇာတိန္ဒြိယ)ကို အတိုကောက် ပြောထားတာပါ။ ရုပ်က နာမ်ကို ကျေးဇူးပြုတာမှာ ဘယ်ရုပ်က ဘယ်နာမ်ကို အစိုးတရ ကျေးဇူးပြုမှာလဲ ဆိုရင် စက္ခုအကြည်ရုပ်က မြင်သိစိတ် (စက္ခုဝိညာဏ)ကို/ သောတအကြည်ရုပ်က ကြားသိစိတ် (သောတဝိညာဏ)ကို စသည်ဖြင့် အကြည်ရုပ် ၅မျိုးက ဆိုင်ရာ သိစိတ် ၅မျိုးကို အသီးသီး ကျေးဇူးပြုကြတယ်ပေါ့။ ဒါနဲ့ ဝတ္ထုပုရေ-ဇာတိန္ဒြိယလို့ ခေါ်ရတဲ့ အကြောင်းက ဒီအကြည်ရုပ် ၅မျိုးဟာ ပင်ကိုသဘာဝ ဝတ္ထုရုပ်လည်းဖြစ်နေတယ်၊ ဆိုင်ရာသိစိတ်မတိုင်မီမှာ ကြိုပြီးရှိနှင့်နေလို့ ပုရေဇာတလည်းဖြစ်တယ်၊ ဆိုင်ရာသိစိတ်ကို အစိုးတရ

ကျေးဇူးပြုလို့ ဣန္ဒြိယလည်းဖြစ်တယ်။ ဒါကြောင့် ဒီသဘာဝသုံးမျိုး ပေါင်းပြီး ဝတ္ထုပုရေဇာတိန္ဒြိယ ဒီလို ခေါ်တာပါ။ ဒါမသိလည်း အလွတ်တော့ ကျက်လို့ရပါတယ် သိတော့ ပိုကောင်းတာပေါ့။

နောက်တစ်ခုက ရုပ်-ရုပ်ချင်း ကျေးဇူးပြုတာ။ ကျွန်တော်တို့ သိထားတဲ့ ရုပ် ၂၈ပါးထဲမှာ ဇီဝိတရုပ်ဆိုတာ ပါတယ်။ အဲ့ဒီဇီဝိတရုပ်က ပဋိသန္ဓေကမ္မဇရုပ်ကို ဣန္ဒြိယသတ္တိနဲ့ ကျေးဇူးပြုပါတယ်တဲ့။ ပဋိသန္ဓေကမ္မဇရုပ်ကို ပဋ္ဌာန်းထဲမှာ ကဋတ္တာရုပ်လို့ သုံးပါတယ်။ ဒါကြောင့်မို့ " ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။" လို့ နောက်ဆုံးမှာ ထည့်ဟောထားတာ ဖြစ်ပါတယ်။ ဒီပစ္စည်းမှာ ပိုလာတဲ့ ၂ချက်လုံးကလည်း အဗျာကတတရား တွေချည်းပဲမို့ ဗျာ-ဗျာထဲမှာပဲ ဝင်သွားကြပါတယ်။ ဒီလောက်ဆို အာဟာရနဲ့ ဣန္ဒြိယကို ကျက်ရလွယ်ပြီထင်ပါတယ်။

(၂၂-၅-၂၀၁၆)

## အာဟာရပစ္စည်း

သင်္ချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် | | |
|---|---|---|---|---|---|---|---|
| | | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
| ၁ | ကု | ကု | | ကုသလာ အာဟာရာ | ။ | | |
| ၂ | ကု | ဗျာ | | ။ | | ။ | |
| ၃ | ကု | ကုဗျာ | | ။ | ။ | ။ *နဋ္ဌ | |
| ၄ | အကု | အကု | | အကုသလာ အာဟာရာ | ။ | | |
| ၅ | အကု | ဗျာ | | ။ | | ။ | |
| ၆ | အကု | အကုဗျာ | | ။ | ။ | ။*နဋ္ဌ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာ ကြိ-ဗျာကတာ အာဟာရာ | ။ | ။*နဋ္ဌ | |
| | | | ပဋိ | ပဋိ- ဝိဗျာကတာ အာဟာရာ | ။ | | ။ |
| | | | ရုပ် | ကဗဠီကာရော အာဟာရော | | ဣမဿ ကာယဿ | |

# ကၠန္ဒြိယပစ္စည်း

သၡ်ာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန်: သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | | ကုသလာ ကၠန္ဒြိယာ | ။ | | |
| ၂ | ကု | ဗျာ | | ။ | | ။ | |
| ၃ | ကု | ကုဗျာ | | ။ | ။ | ။ *နဋ္ဌ | |
| ၄ | အကု | အကု | | အကုသလာ ကၠန္ဒြိယာ | ။ | | |
| ၅ | အကု | ဗျာ | | ။ | | ။ | |
| ၆ | အကု | အကုဗျာ | | ။ | ။ | ။*နဋ္ဌ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာ ကြိ-ဗျာကတာ ကၠန္ဒြိယာ | ။ | ။*နဋ္ဌ | |
| | | | ပဋိ | ပဋိ- ဝိဗျာကတာ ကၠန္ဒြိယာ | ။ | | ။ |
| | | | [illegible] | စက္ခုန္ဒြိယံ | စက္ခုဝိညာဏသ္သ | | |
| | | | | သောတိန်/ ဃာနိန်/ ဇိဝှိန်/ ကာယိန် | သောတ/ ဃာန/ ဇိဝှာ/ ကာယ ဝိညာဏသ္သ | | |
| | | | ရုပ် | ရူပဇီဝိန္ဒြိယံ | | ကဋတ္တာ ရူပါနံ | |

## အပိုင်း(၅)
## (ကမ္မပစ္စည်း)

ကမ္မပစ္စည်းက ဟေ ရှာ မင် တို့ထက် ထူးတာလေးတွေ ပါလာပါပြီ။ ကမ္မပစ္စည်းဖြစ်တဲ့ စေတနာစေတသိက်က စိတ္တက္ခဏ တစ်ချက်အတွင်း တူတူဖြစ်နေတဲ့ စိတ်စေတသိက်ရုပ်တွေကို ကမ္မသတ္တိနဲ့ ကျေးဇူးပြုသလို ဝီထိစဉ်တွေ ကာလတွေ ဘဝတွေခြားပြီးလည်း ကျေးဇူးပြုပြန်ပါတယ်။ ရှေ့အပိုင်းတွေမှာ ကျက်ခဲ့ကြတဲ့ ဟေ ရှာ မင် အာဟာ ဣံ ဆိုတဲ့ ၅ပစ္စည်းက စိတ္တက္ခဏ တစ်ချက် ပစ္စုပ္ပန်ကာလမှာပဲ ကျေးဇူးပြုပါတယ်။ ဝီထိတွေ ဘဝတွေခြားပြီး ကျေးဇူးမပြုနိုင်ဘူး။ ဒါ ကမ္မနဲ့ ကျန် ၅ပစ္စည်းရဲ့ ထူးခြားချက်ပါ။

ကမ္မရဲ့ ကျေးဇူးပြုပုံ ၂ချက်မှာ အတူတကွ ကျေးဇူးပြုတဲ့အပိုင်းက ဟေတု စတဲ့ ၅ပစ္စည်းနဲ့ တူတူပါပဲ။ ကာလတွေခြားပြီး ကျေးဇူးပြုတာကို "နာနာက္ခဏိက" လို့ ခေါ်ပါတယ်။ ဒီလို့ နာနာက္ခဏိက- ကမ္မအဖြစ် ကျေးဇူးပြုတာမှာလည်း ကုသိုလ်/ အကုသိုလ် ကံတစ်ခုခုက ပဋိသန္ဓေစိတ်နဲ့ရုပ်ကို ထုတ်လုပ်ပေးတာလို့ နားလည်ပေးပါ။ ပဋ္ဌာနသမုပ္ပါဒ်နဲ့ ပြောရရင် "သင်္ခါရပစ္စယာ ဝိညာဏံ" ဆိုတာနဲ့ ရှင်းပြလို့ရတယ်။ သင်္ခါရက ကုသိုလ်/အကုသိုလ် စေတနာကို ပြောတာ၊ ဝိညာဏံက ပဋိသန္ဓေစိတ်ကို ပြောတာ။ ပဋိသန္ဓေစိတ်နဲ့ ပဋိသန္ဓေကမ္မဇရုပ်သည် ဝိပါက်အဗျာကတတွေ ဖြစ်ပါတယ်။ သူတို့ကို ထုတ်လုပ်တဲ့ ကံကတော့ ကုသိုလ်/ အကုသိုလ် ကံ တစ်ခုခုဖြစ်ပါတယ်။ အဗျာကတ စေတနာက ပဋိသန္ဓေအကျိုးကို မပေးနိုင်ပါဘူး။ ဒါကြောင့်မို့ နာနာက္ခဏိက ကမ္မနဲ့ ကျေးဇူးပြုတဲ့အခါ ကု-ဗျာနဲ့ အကု-ဗျာ သင်္ချာ ၂ချက်မှာပဲ ဝင်သွားပါတယ်။ ကျန်တဲ့ သင်္ချာတွေမှာ ဟေတုစတဲ့ ၅ပစ္စည်းနဲ့ တူတူပါပဲ။

နောက်တစ်ခုက ဗျာ-ဗျာမှာ "စေတနာ ဝတ္ထုသြသ"ဆိုတဲ့ တစ်ချက်ပိုလာတယ်။ ဒါလည်း ပဋိသန္ဓေအခိုက်ကိုပဲ ညွှန်းတာပါ။ ပဋိသန္ဓေစိတ်က ဝိပါက်စိတ်မို့ အတူတူဖြစ်နေတဲ့ စေတနာကလည်း ဝိပါက်အဗျာကတ စေတနာပေ့ါ။ အဲ့ဒီစေတနာက တပြိုင်တည်းဖြစ်နေတဲ့ ဟဒယဝတ္ထုရုပ်ကို သဟဇာတကမ္မနဲ့ ကျေးဇူးပြုနေပြန်ပါတယ်။

ပဋိသန္ဓေအခိုက်လေးကို ပြန်ပြီးအာရုံပြုပေးပါ။ အဲ့ဒီအချိန်မှာ စေတနာ ၂မျိုးလုံးကို သတိထားပေးပါ။ ဘဝဘဝက ကု/ အကု စေတနာကလည်း နာနာက္ခဏိကကမ္မနဲ့ ကု-ဗျာ အကု-ဗျာထဲ ဝင်သွားမယ်။ တူတူဖြစ်နေတဲ့ စေတနာကတော့ ဗျာ-ဗျာအဖြစ် ဝင်သွားမယ်။ ဒီလောက်ဆို ကျက်လို့လည်းရ အတန်အသင့်လည်း နားလည် သွားလောက်ပြီ ထင်ပါတယ်။

**ဟေ ရှာ မင် သည် အတူတူ။ အာဟာရသည် တစ်ချက်ပိုတယ်။ ဣန္ဒြိယသည် ၂ချက်ပိုတယ်။ ကမ္မသည် ၃ချက်ပိုပါတယ်။**

(၂၅-၅-၂၀၁၆)

# ကမ္မပစ္စည်း

သင်္ချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် | | |
|---|---|---|---|---|---|---|---|
| | | | | | သမ္ပယုတ္တကာနံ ခန္ဓာနံ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ | ကဋတ္တာ စ ရူပါနံ |
| ၁ | ကု | ကု | | ကုသလာ စေတနာ | ။ | | |
| ၂ | ကု | ဗျာ | သဟ | သဟဇာတာ ကုသလာ စေတနာ | | ။ | |
| | | | နာနာ | နာနာက္ခဏိကာ ကုသလာ စေတနာ | ဝိပါကာနံ ခန္ဓာနံ | | ။ |
| ၃ | ကု | ကုဗျာ | | ကုသလာ စေတနာ | သမ္ပယုတ္တကာနံ ခန္ဓာနံ | ။ *နဋ္ဌ | |
| ၄ | အကု | အကု | | အကုသလာ စေတနာ | ။ | | |
| ၅ | အကု | ဗျာ | သဟ | သဟဇာတာ အကုသလာ စေတနာ | | ။ | |
| | | | နာနာ | နာနာက္ခဏိကာ အကုသလာ စေတနာ | ဝိပါကာနံ ခန္ဓာနံ | | ။ |
| ၆ | အကု | အကုဗျာ | | အကုသလာ စေတနာ | သမ္ပယုတ္တကာနံ ခန္ဓာနံ | ။*နဋ္ဌ | |
| ၇ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ-ဗျာကတာ ကြိ-ဗျာကတာ စေတနာ | ။ | ။*နဋ္ဌ | |
| | | | ပဋိ | ပဋိ- ဝိဗျာကတာ စေတနာ | ။ | | ။ |
| | | | | စေတနာ | ဝတ္ထုဿ | | |

## အပိုင်း(၆)
## (အဓိပတိပစ္စည်း ကုသလပဒ)

တကယ်တော့ ကျွန်တော်တို့ သဟဇာတ ၇မျိုးကို အရင်ဆုံး လေ့လာ ကျက်မှတ်ခဲ့တာပါ။ ရှေ့မှာ ၆ပစ္စည်း ပြီးခဲ့ပါပြီ။ သဟဇာတ ၇မျိုးမှာ အဓိပတိပစ္စည်းက အခက်ဆုံးလို့ ပြောလို့ရပါတယ်။ ဘာလို့ဆို သူက သဟဇာတတင်မကဘူး အာရမ္မဏမျိုးမှာလည်း ပါဝင်နေလို့ပါ။

သဟဇာတာအဓိပတိရဲ့ သဘာဝက အတူဖြစ်ဘက် တရားတွေအပေါ်မှာ အကြီးမှူးဖြစ်ပြီး ကျေးဇူးပြုတာ။ အာရမ္မဏာဓိပတိကတော့ အလေးအမြတ်ပြုအပ်သော အာရုံအဖြစ် မိမိကိုအာရုံပြုတဲ့ စိတ်စေတသိက်တွေကို လွှမ်းမိုးကြီးစိုးပြီး ကျေးဇူးပြုတာပါ။ ပြောရမယ်ဆိုရင် "ဆန္ဒ၊ ဝီရိယ၊ စိတ်၊ ဝီမံသ(ပညာ)၊ အာရုံ" ဆိုပြီး အဓိပတိတရားတွေ ၅ပါး ရှိကြတယ်ပေ့ါ။ ဒီ၅ပါးအနက် ဝီမံသ(ပညာ)ကလွဲလို့ ကျန်လေးပါးက ကုသိုလ်ရော အကုသိုလ်ရော ဖြစ်နိုင်မယ်။ ဝီမံသကတော့ ကုသိုလ် သက်သက်သာ ဖြစ်ပါတယ်။

#ကု-ကု

အဓိပတိရဲ့ ကု-ကုအပိုင်းမှာ ပစ္စည်းနဲ့ ပစ္စယုပ္ပန်တွေသည် ကုသိုလ်ချည်းပါပဲ။ မျိုးတူကြတာမို့ သဟဇာတလည်း ရမယ်၊ အာရမ္မဏလည်း ရပါတယ်။ ဒါကြောင့် ဝိဓိပါဠိကို ဟောပြီးတဲ့အခါ အနုဝါဒ ပါဠိကို မဟောမီ "အာရမ္မဏာဓိပတိ၊ သဟဇာတာဓိပတိ" အာရမ္မဏာဓိပတိလည်း ရှိတယ် သဟဇာတာ-ဓိပတိလည်း ရှိတယ်လို့ အရင် အစပျိုးလိုက်တယ်။ ပြီးတော့မှ "အာရမ္မဏာဓိပတိ" အာရမ္မဏာဓိပတိ ဆိုတာကတော့ ... ဆိုပြီး အနုဝါဒပါဠိကို ဆက်ဟောတော် မူပါတယ်။ ဒါ ဗုဒ္ဓရဲ့ ပဋ္ဌာန်းဟောနည်း စနစ်ပါ။

ကောင်းပါပြီ ကု-ကု အပိုင်းဖြစ်လို့ ပစ္စည်းဘက်က အာရုံကလည်း အဓိပတိဖြစ်သော ကုသိုလ် အာရုံ၊ ပစ္စယုပ္ပန်ဘက်က စိတ်ကလည်း ကုသိုလ်စိတ် ဖြစ်ရပါတယ်။ ကုသိုလ်အာရုံ များစွာ ရှိတဲ့အနက် အဓိပတိထိုက်သော အာရုံကို ၆ပိုင်းပဲ ရှိကြောင်း ပဋ္ဌာန်းမှာ ပြထားပါတယ်။ ပုံမှာ အမှတ်စဉ် တပ်ထားတဲ့ ၆ခုကို တွေ့ရပါမယ်။

၁။ ဒါန၊ နိစ္စသီလ၊ ဉပုသ်

၂။ ရှေးက ပြုလုပ်လေ့ရှိသော ကုသိုလ်

၃။ မိမိဝင်စားခဲ့သော ဈာန်

၄။ နိဗ္ဗာန်ကို အာရုံပြုသော ဂေါတြဘူစိတ်

၄။ မဂ်စိတ်၏ ရှေး၌ဖြစ်သာ ဝေါဒါန်စိတ်

၆။ မဂ်စိတ်

အဲ့ဒီ ၆ပါးသည် ကုသိုလ်စိတ်က အာရုံပြုအပ်တဲ့ အဓိပတိထိုက်သော အာရုံတွေပါတဲ့။ ဒီ၆ပါးကို ယူတဲ့ ကုသိုလ်စိတ်ကလည်း ကုသိုလ်စိတ် ၂၁ပါးအနက် "ပစ္စဝေက္ခတိ - ဆင်ခြင်သည်" လို့ ဆိုတာမို့ မဟာကုသိုလ်စိတ် ၈ပါးကိုသာ ညွှန်းပါတယ်။

သဟဇာတာဓိပတိကတော့ ရှင်းပါတယ်။ ဟေ ဈာ မဂ် တို့နဲ့ တူတူပါပဲ။ "ကုသလာ ဟေတူ" ဆိုတဲ့နေရာမှာ "ကုသလာဓိပတိ" ဆိုပြီးပြောင်းသွား ပါတယ်။ ဒီလောက်ဆို ကု-ကုအပိုင်း သဘောပေါက် ကျက်မှတ်နိုင်ကြပြီထင်ပါတယ်။

#ကု-အကု

ကု-အကုမှာတော့ ပစ္စည်းနဲ့ ပစ္စယုပ္ပန်က ဆန့်ကျင်ဘက်ကြီးမို့ သဟဇာတာဓိပတိ ရရန် အကြောင်းမရှိပါဘူး။ အာရမ္မဏာဓိပတိ တစ်ပိုင်းပဲ ရှိပါမယ်။ ဒီအပိုင်းမှာတော့ ကုသိုလ်အဓိပတိ အာရုံ ၆ပိုင်းလို့ အပေါ်မှာ ပြခဲ့ပေမဲ့ အကုသိုလ်စိတ်က ယူနိုင်တာ ၃ပိုင်းပဲ ရှိပါတယ်။ ဂေါတြဘူ/ ဝေါဒါန်နဲ့ မဂ်စိတ် အာရုံတွေကိုတော့ အကုသိုလ်စိတ်က မယူနိုင်ပါဘူး။ ၁/ ၂/ ၃ ဒါပဲ ယူနိုင်တယ်ပေါ့။ ယူတဲ့ အကုသိုလ်စိတ်ကလည်း အကုသိုလ်စိတ် ၁၂ပါးအနက် လောဘမူစိတ် ၈ပါးသာလျှင် ဖြစ်ပါတယ်။ ကျန်တဲ့ ဒေါသမူလစိတ်တို့ မောဟမူလစိတ်တို့က မယူနိုင်ပါဘူး။ ဒါလည်း ပစ္စယုပ္ပန်ဘက်က ပါဠိကို ကြည့်ခြင်းဖြင့် သိနိုင်ပါတယ်။ "ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ = သာယာသည်၊ အလွန်နှစ်သက်မြတ်နိုးသည်၊" တဲ့။ ဒါ လောဘစိတ်ကို ညွှန်းတယ်။ နောက်တစ်ခု " ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ = ရာဂဖြစ်သည် ဒိဋ္ဌိဖြစ်သည် "တဲ့။ ဒါလည်း ဒိဋ္ဌိဂတသမ္ပယုတ် လောဘမူစိတ်ကိုပဲ ညွှန်းတာပဲ။

ပြန်ပြောရရင် ကု-ကုပိုင်းမှာ ကုသိုလ်အဓိပတိ ၆ပါးကို မဟာကုသိုလ်စိတ် ၈ပါးကကျေးဇူးပြုတယ်၊ ကု-အကုပိုင်းမှာ ကုသိုလ်အဓိပတိ ၃ပါးကို လောဘမူစိတ် ၈ပါးက ကျေးဇူးပြုတယ်။

#ကု-ဗျာ

ဒီသချာမှာလည်း အာရမ္မဏနဲ့ သဟဇာတ ၂ခုကွဲပါတယ်။ ကု-ဗျာ ဖြစ်တာမို့ ကုသိုလ်အာရုံကို အဗျာကတစိတ်က ယူတယ်လို့ တန်းမြင်လိုက်ပါတော့။ ဒီမှာတော့ အဗျာကတစိတ်က တခြားမဟုတ်ဘူး။ ရဟန္တာပုဂ္ဂိုလ်တွေရဲ့ မဟာကြိယာဉာဏသမ္ပယုတ်စိတ်ကို ဆိုလိုပါတယ်။ ကုသိုလ်အာရုံကလည်း တခြားကုသိုလ် အာရုံမဟုတ်ဘူး၊ မဂ်ကုသိုလ်အာရုံပါ။ ဒါကြောင့်မို့ "အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ ဂရုံ ကတွာ ပစ္စဝေက္ခတိ = ရဟန္တာပုဂ္ဂိုလ်သည် မဂ်မှထ၍ မဂ်ကို အလေးအမြတ်အာရုံပြု၍ ဆင်ခြင်သည်" တဲ့။ ဒီတစ်ချက်ထဲပါပဲ။ သဟဇာတာဓိပတိက ဟေ ဗျာ မဂ် အတိုင်းမို့ လွယ်ကူပြီမို့ မရှင်းတော့ပါ။

#ကု-ကုဗျာ

ဒီအပိုင်းကလည်း ဟေ ဗျာ မဂ် အတိုင်းပါပဲ။ အာရမ္မဏာအဓိပတိ မရှိပါဘူး။ သဟဇာတာဓိပတိ တစ်ခုပဲ ရှိပါမယ်။ ဒါကြောင့်မို့ လွယ်ကူပါပြီ။

အနည်းငယ် ခက်သလိုရှိတာမို့ ဒီအပိုင်းလေးကို ထပ်ခါထပ်ခါ ဖတ်စေလိုပါတယ်။ မရှင်းလင်းရင် မေးမြန်နိုင်ပါတယ်။ နောက်အပိုင်းတွေမှာ အဓိပတိရဲ့ အကုသလပဒနဲ့ အဗျာကတပဒတွေကို ဆက်ရေးပါမယ်။ အလွတ်မှတ်မိရုံသက်သက် မဟုတ်ဘဲ အတန်အသင့် နားလည်သွားစေလိုတာမို့ ရှည်ရှည်ဝေးဝေး ရှင်းပြရတာ သည်းခံပေးကြပါခင်ဗျာ .....

ကောင်းစွာ ကျက်မှတ်ပူဇော်နိုင်ကြပါစေ .....

(၂၆-၅-၂၀၁၆)

## အဓိပတိပစ္စည်း

သချ်ာ -ဒသ (၁၀ချက်)

**ကုသလပဒ-၄ချက်**

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် |
|---|---|---|---|---|---|
| ၁ | ကု | ကု | အာရမ္မဏ | ၁။ ဒါန် ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၂။ ပုဗ္ဗေ သုစိဏ္ဏာနိ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၃။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၄။ သေက္ခာ ဂေါတြဘုံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၅။ ဝေါဒါနံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၆။ သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | သဟ | ကုသလာ ဓိပတိ | သမ္ပယုတ္တကာနံ ခန္ဓာနံ |
| ၂ | ကု | အကု | အာရမ္မဏ | ၁။ ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| | | | | ၂။ ပုဗ္ဗေ သုစိဏ္ဏာနိ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| | | | | ၃။ ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| ၃ | ကု | ဗျာ | အာရမ္မဏ | အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | သဟ | ကုသလာဓိပတိ | စိတ္တသမုဋ္ဌာနံ ရူပါနံ |
| ၄ | ကု | ကုဗျာ | သဟ | ကုသလာဓိပတိ | သမ္ပယုတ္တကာနံ ခန္ဓာနံ<br>စိတ္တသမုဋ္ဌာနဉ္စ ရူပါနံ |

## အပိုင်း(၇)
## (အဓိပတိပစ္စည်း အကုသလပဒ၊ အဗျာကတပဒ)

ဒီနေ့တော့ အဓိပတိပစ္စည်းရဲ့ ကျန်နေတဲ့ ပဒလေးတွေ ဆက်ကြဦးစို့။

**#အကု-အကု**

ဒီပဒမှာ အာရမ္မဏနဲ့ သဟဇာတ ၂ပိုင်းလုံးရပါတယ်။ အာရမ္မဏပိုင်းမှာတော့ အကု-အကု ဖြစ်တာကြောင့် ရှေ့က အကုက အကုသိုလ်အာရုံ၊ နောက်က အကုက အကုသိုလ်စိတ်ဆိုတာ တန်းမြင်နိုင်မယ်ထင်ပါတယ်။

ဒီနေရာမှာ သတိထားစရာလေးတစ်ခု ထပ်ပြောပါမယ်။ ဟေတုတို့ ဈာနတို့ မဂ္ဂတို့ စသည်အားဖြင့် ပြောတဲ့အခါ သူတို့ရဲ့ တရားကိုယ်တွေဖြစ်ကြတဲ့ ဟိတ်၆ပါးတို့ ဈာန်အင်္ဂါ၅ပါးတို့ မဂ္ဂင်၉ပါးတို့က ဘယ်မှာရှိမလဲဆိုရင် ပစ္စည်းဘက်အခြမ်းမှာရှိပါမယ်။ အကြောင်းဘက်အခြမ်းလို့ ပြောရင်လည်းရတယ်။ ပဒဘက်လို့လည်း ပြောလို့ရတယ်။ ပစ္စည်း/ အကြောင်းတရား/ ပဒ/ ကတ္တား ဘယ်လိုပဲ ဖြစ်ဖြစ် တူတူပါပဲ။ ခုလည်း အာရမ္မဏာဓိပတိလို့ ဆိုတဲ့အတွက် အာရုံအဖြစ်အဓိပတိ ဖြစ်နေမဲ့ တရားက ဘယ်မှာရှိမလဲဆိုရင် ပစ္စည်းဘက်အခြမ်းမှာ ရှိနေသဘယ်။ အာရုံယူနိုင်တဲ့ တရားကလည်း စိတ်စေတသိက်ပဲရှိတယ်။ ရုပ်တွေက အာရုံကို မသိနိုင်ဘူး။ ဒါကြောင့် အာရုံဟော့လို့ ဆိုတာနဲ့ ပစ္စယုပ္ပန်သည် စိတ်စေတသိက်ပဲ ဖြစ်ပါမယ်။ အခု အာရမ္မဏာဓိပတိလို့ ပြောတယ် ပစ္စယုပ္ပန် ဘက်မှာလည်း အကုဆိုတာကို တွေ့တယ်။ ဒါဆို အကုသိုလ်စိတ်နဲ့ ယှဉ်ဘက်စေတသိက်တွေဆိုတာ နားလည်သဘောပေါက်ပြီ ထင်ပါတယ်။

ကုသိုလ်ဘက်မှာ အဓိပတိထိုက်တဲ့ ကုသိုလ်အာရုံကို ၆ပိုင်းခွဲပြသွားတယ်။ သို့သော် အဓိပတိထိုက်တဲ့ အကုသိုလ်အာရုံကတော့ ၂ပိုင်းပဲရှိပါမယ်။ ရာဂနဲ့ ဒိဋ္ဌိပါ။ အဲ့ဒီရာဂနဲ့ ဒိဋ္ဌိတွေက ရာဂနဲ့ ဒိဋ္ဌိကိုပဲ အဓိပတိသတ္တိနဲ့ ကျေးဇူးပြုတယ်လို့ ဆိုလိုပါတယ်။ ပစ္စည်းဘက်မှာလည်း ရာဂ ဒိဋ္ဌိ၊ ပစ္စယုပ္ပန်ဘက်လည်း ရာဂ ဒိဋ္ဌိ။ သဟဇာတာဓိပတိကတော့ ရှေ့အပိုင်းတွေ နားလည်ပြီးသူအဖို့ လွယ်ကူပါပြီ။ အကု-အကုအပိုင်းကတော့ ဒီလောက်ပါပဲ။

**#အကု-ဗျာ/ အကု-အကုဗျာ**

ဒီအပိုင်းတွေကလည်း သဟဇာတာဓိပတိတစ်မျိုးပဲ ရကြပါတယ်။ ဟေ ဈာ မဂ် နဲ့ တူတူပဲမို့ မရှင်းတော့ပြီ။

**#ဗျာ-ဗျာ**

အာရမ္မဏနဲ့ သဟဇာတ ၂ပိုင်းရှိပါတယ်။ အာရမ္မဏမှာ ဗျာ-ဗျာ ဖြစ်တာမို့ ပစ္စည်းဘက် အာရုံကလည်း အဗျာကတအာရုံ၊ ပစ္စယုပ္ပန်ဘက် စိတ်စေတသိက်ကလည်း အဗျာကတ။ ဗျာ-ဗျာမှာ ၁ ၂ ၃ ဆိုပြီး ၃ပိုင်းကို ဇယားမှာ တွေ့မှာပါ။ ၁နဲ့ ၂သည် ရဟန္တာတို့ရဲ့ ကြိယာဗျာကတစိတ်အတွက် အဓိပတိထိုက်သော နိဗ္ဗာန်၊ ဖိုလ်ကို ရည်ညွှန်းပါတယ်။ နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ အဗျာကတစိတ်သည် မဟာကြိယာညာဏသမ္ပယုတ်စိတ်နဲ့ ဖိုလ်စိတ်နဲ့ ဒါပဲရှိပါတယ်။ ဒါကြောင့် ၁နဲ့ ၂ရဲ့ ပစ္စဝေက္ခတိ= ဆင်ခြင်သည် ဆိုတာ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ်ကို ဆိုလိုပြီး။ ၃ကတော့ အရဟတ္တဖိုလ်စိတ်ကို ဆိုလိုပါတယ်။ သဟဇာတာဓိပတိကို ဟေ ဈာ မဂ် အတိုင်း သိအပ်ပြီ။

**#ဗျာ-ကု**

အာရမ္မဏာဓိပတိ တစ်ချက်ပဲရှိပါတယ်။ ဗျာ-ဗျာနဲ့ ဗျာ-ကုနဲ့သည် ပစ္စည်းပိုင်းက အတူတူပါပဲ။ အဗျာကတအာရုံကို ယူတဲ့ ပုဂ္ဂိုလ်ပဲ ကွာသွားတာပါ။ ဗျာ-ဗျာသည် အရဟန္တပုဂ္ဂိုလ် တစ်မျိုးတည်း အတွက်ဖြစ်ပြီး ဗျာ-ကုသည် သောတာပန် သကဒါဂါမ် အနာဂါမ်ပုဂ္ဂိုလ်များ အတွက် ဖြစ်ပါတယ်။ ဒါကြောင့်မို့ "ပစ္စဝေက္ခတိ" နေရာမှာ "ပစ္စဝေက္ခန္တိ" လို့ ပြောင်းသွားပါတယ်။ အနည်းကိန်း(singular) ကနေ အများကိန်း(plural) ကို ပြောင်းသွားပါတယ်။ ဆင်ခြင်သည်ကနေ ဆင်ခြင်ကြသည်လို့ ဒီလို ဖြစ်သွားပါတယ်။ ၃သည် နိဗ္ဗာန်ကို အာရုံပြုနိုင်တဲ့ ကုသိုလ်စိတ်ကို ပြပါတယ်။ ဂေါတြဘူစိတ် ဝေါဒါန်စိတ် နဲ့ မဂ်စိတ်တွေပါ။ ဂေါတြဘူနဲ့ ဝေါဒါန်သည် တကယ်တော့ မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်များသာ ဖြစ်ပါသည်။

**#ဗျာ-အကု**

ဒီသင်္ချာမှာလည်း အာရမ္မဏာဓိပတိ တစ်ချက်ပဲရှိပါတယ်။ ဗျာ-အကု ဆိုတော့ အဗျာကတအာရုံက အကုသိုလ်စိတ်ကို အဓိပတိသတ္တိနဲ့ ကျေးဇူးပြုတာပါလားလို့ မြင်နိုင်ပြီ ထင်ပါတယ်။ အကုသိုလ်စိတ်က ယူမဲ့ အဗျာကတအာရုံက ကြတော့ စက္ခု အစရှိတဲ့ ပသာဒရုပ် ၅ပါး၊ ရူပ အစရှိတဲ့ ဂေါစရရုပ် ၅ပါး (၇ပါး)၊ ဟဒယဝတ္ထုရုပ်၊ လောကီဝိပါက်စိတ်၊ ကြိယာစိတ်နဲ့ ယှဉ်ဘက်စေတသိက် တွေဖြစ်ကြပါတယ်။ ပစ္စယုပ္ပန် အပိုင်းဖြစ်တဲ့ အကုသိုလ်စိတ်ကတော့ ရှေ့နည်းများအတိုင်း ရာဂ ဒိဋ္ဌိပဲဖြစ်ပါတယ်။ လောဘမူစိတ်၈ပါးပေါ့။

ဒီလောက်ဆို အဓိပတိရဲ့ အကုသလပဒနဲ့ အဗျာကတပဒ တွေကို ကျက်မှတ် ပူဇော်နိုင်ကြမယ် ထင်ပါတယ်။ အနည်းငယ်ခက်သလို ရှိတာမို့ အလွတ်ကျက်မှတ်ရင်း အဓိပ္ပါယ်အထိ နှလုံးသွင်း ဆင်ခြင်မှ ပိုမိုစွဲမြဲမှတ်မိမယ် ထင်ပါတယ်။

အားလုံး ပဋ္ဌာန်းဉာဏ်များ ရင့်သန်တိုးပွားကြပါစေ

**(၁-၆-၂၀၁၆)**

# အဓိပတိပစ္စည်း

သချာ -ဒသ (၁၀ချက်)

<u>အကုသလပဒ-၃ချက်၊ အဗျာကတပဒ ၃ချက်။</u>

| | ပဒ | ပဒါဝသာန | | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် |
|---|---|---|---|---|---|
| ၅ | အကု | အကု | အာရမ္မဏာ | ၁။ ရာဂံ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| | | | | ၁။ ဒိဋ္ဌိံ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| | | | သဟ | အကုသလာဓိပတိ | သမ္ပယုတ္တကာနံ ခန္ဓာနံ |
| ၆ | အကု | ဗျာ | | အကုသလာဓိပတိ | စိတ္တသမုဋ္ဌာနံ ရူပါနံ |
| ၇ | အကု | အကုဗျာ | | အကုသလာဓိပတိ | သမ္ပယုတ္တကာနံ ခန္ဓာနံ<br>စိတ္တသမုဋ္ဌာနဉ္စ ရူပါနံ |
| ၈ | ဗျာ | ဗျာ | အာရမ္မဏာ | ၁။ အရဟာ ဖလံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၂။ နိဗ္ဗာနံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၃။ နိဗ္ဗာနံ | ဖလဿ |
| | | | သဟ | ဝိပါကဗျာ-ကြိယာဗျာ-ဓိပတိ | သမ္ပယုတ္တကာနံ ခန္ဓာနံ<br>စိတ္တသမုဋ္ဌာနဉ္စ ရူပါနံ |
| ၉ | ဗျာ | ကု | အာရမ္မဏာ | ၁။ သေက္ခာ ဖလံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၂။ နိဗ္ဗာနံ | ဂရုံ ကတွာ ပစ္စဝေက္ခတိ။ |
| | | | | ၃။ နိဗ္ဗာနံ | ဂေါတြဘုဿ၊ ဝေါဒါနဿ၊ မဂ္ဂဿ။ |
| ၁၀ | ဗျာ | အကု | အာရမ္မဏာ | ၁။ စက္ခုံ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |
| | | | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကဗျာကတေ ကြိယာဗျာကတေ ခန္ဓေ | ဂရုံ ကတွာ အဿာဒေတိ အဘိနန္ဒတိ၊ |
| | | | | တံ | ဂရုံ ကတွာ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ။ |

## အပိုင်း(၈)
## (အနန္တရပစ္စည်း၊ သမနန္တရပစ္စည်း၊ အာသေဝနပစ္စည်း၊ နတ္ထိပစ္စည်း၊ ဝိဂတပစ္စည်း)

ဒီနေတော့ အနန္တရမျိုးတွေကို ဒီတစ်ပိုင်းတည်းနဲ့ အရကျက်ပါမယ်။ အနန္တရပစ္စည်း တစ်ခုကိုရရင် သမနန္တရ၊ နတ္ထိ၊ ဝိဂတ၊ အနန္တရူပနိဿယ ၄လုံးမျိုးပါ အလိုအလျောက် ရပြီးဖြစ်ပါမယ်။ အာသေဝနကတော့ နောက်ဆုံးမှာ ထပ်ရှင်းပေးပါမယ်။

သင်္ချာအားဖြင့် ၇ချက်ရှိပါတယ်။ ကုသလပဒ ၂ချက်၊ အကုသလပဒ ၂ချက်၊ အဗျာကတပဒ ၃ချက်ပါ။ ပထမဆုံး အနန္တရမျိုး ပစ္စည်းတွေရဲ့ သဘာဝကို ပြောလိုပါတယ်။ ဒီပစ္စည်းတွေကို နားလည်ဖို့အတွက် ဝီထိစဉ်တွေကို နားလည်ဖို့ လိုပါတယ်။ စိတ်စေတသိက်တွေဟာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီး ရဟန္တာတို့ရဲ့ စုတိစိတ်ကို မရောက်မချင်း ပြတ်တောက် ကြားလပ်သွားခြင်းမရှိဘဲ ဖြစ်လိုက်ပျက်လိုက်နဲ့ စနစ်တကျ စီးမျောနေကြပါတယ်။

ရှေးရှေးစိတ်တွေဟာ နောက်နောက်စိတ်တွေကို အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊ နတ္ထိသတ္တိ၊ ဝိဂတသတ္တိ၊ အနန္တရူပနိဿယသတ္တိ ဆိုတဲ့ ဒီသတ္တိ၅မျိုးနဲ့ စိတ္တက္ခဏ တစ်ချက်တိုင်းမှာ အမြဲ ကျေးဇူးပြုနေတယ်။ အာသေဝနသတ္တိကတော့ ဇောကိစ္စဆောင်ရွက်သခိုက်မှာ ထပ်တိုး ကျေးဇူးပြုပါတယ်။ ဒါကြောင့်မို့ စိတ်စေတသိက်အစုတွေသည် ၂ခု တပြိုင်းတည်း ဖြစ်တယ်လို့ မရှိသလို တစ်စုနဲ့ တစ်စုအကြားမှာလည်း ကြားလပ်သွားတယ် မရှိပါဘူး။ အဲ့ဒီလို ပစ္စယသတ္တိ ၅မျိုး (သို့မဟုတ်) ၆မျိုးရဲ့ အထောက်အပံ့နဲ့အတူ ဝီထိအစဉ်အတန်းကြီးဟာ သံသရာတစ်လျောက်ပြုခဲ့တဲ့ အကျိုးပေးရန် ကျန်နေသေးတဲ့ ကုသိုလ်အကုသိုလ်ကံတွေ ကိန်းဝပ်ရင်း စနစ်တကျ ဖြစ်လိုက်ပျက်လိုက် ချီတက်နေတယ်လို့ ကြိုတင် နားလည်ထားစေလိုပါတယ်။ ထိုထိုကံတွေဟာ အကြောင်းညီညွတ်တဲ့အခါ အကျိုးပေးကြမှာ ဖြစ်ပါတယ်။

***#ကု-ကု***

ဒီပစ္စည်းတွေမှာ ပစ္စည်းရောပစ္စယုပ္ပန်ရောသည် စိတ်စေတသိက်တွေသာ ဖြစ်ပါတယ်။ နာမ်-နာမ်ချင်း ကျေးဇူးပြုတယ်ပေါ့။ ဒါကြောင့် ကု-ကုလို့ တွေ့ရပြီမို့ ရှေ့စိတ်သည်လည်း ကုသိုလ်စိတ် နောက်စိတ်သည်လည်း ကုသိုလ်စိတ်။ ဒီကျေးဇူးပြုပုံက ဘယ်အချိန်မှာ ဖြစ်နိုင်မလဲဆိုတော့ လောကီ-ကုသိုလ်ဝီထိတွေ မဂ်ဝီထိတွေ ကျတဲ့အခါ ဖြစ်ပါတယ်။ လောကီကုသိုလ်ဝီထိတွေမှာလည်း ဇောအခိုက်သာ ကျေးဇူးပြုပါမယ်။

ရှေးရှေးကုသိုလ်ဇောကို နောက်နောက် ကုသိုလ်ဇောတွေက ၆ပစ္စည်းလုံးနဲ့ ကျေးဇူးပြုပါမယ်။ ဒါကိုပဲ "ပုရိမာပုရိမာ ကုသလာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ" လို့ ဒီလို ဟောပါတယ်။

မဂ္ဂဝီထိမှာတော့ နည်းနည်းထူးပါပြီ။ သောတာပတ္တိမဂ္ဂဝီထိကို ချကြည့်ရင် ...

**"ပ-ဥ-န-ဂေါ်-မဂ်-ဖိုလ်-ဖိုလ်-ဘဝင်"** ဆိုပြီး ရပါမယ်။ ဒီမှာပါတဲ့ န= အနုလုံ ဖြစ်ပြီး ဂေါ်= ဂေါ်တြဘူကို ဆိုလိုပါတယ်။ ၂ခုစလုံးသည် မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ်ဖြစ်ပါတယ်။ အထက်မဂ္ဂဝီထိတွေကျတော့ .....

**"ပ-ဥ-န-ဝေါဒါန်-မဂ်-ဖိုလ်-ဖိုလ်-ဘဝင် "** ဆိုပြီး ရှိပါတယ်။ ဝေါဒါန်စိတ်သည်လည်း မဟာကုသိုလ် ဉာဏသမ္ပယုတ်စိတ် ပါပဲ။ ဒါကြောင့်မို့ ဇယားရဲ့ ကု-ကု အပိုင်းမှာ ၂ ၃ ၄ ၅ တို့သည် မဂ္ဂဝီထိတွေကို ညွှန်းတယ်ဆိုတာ မြင်သာပြီ ထင်ပါတယ်။

၂ နဲ့ ၄သည် သောတာပတ္တိမဂ္ဂဝီထိထဲက အနုလုံကနေ ဂေါတြဘူ၊ ဂေါတြဘူကနေ မဂ် ဒါကို ဟောထားတာပါ။ ၃နဲ့ ၅ ကတော့ အထက်မဂ္ဂဝီထိတွေထဲက အနုလုံကနေ ဝေါဒါန်၊ ဝေါဒါန်ကနေ မဂ် ကျေးဇူးပြုကြောင်း ဟောထားတာ ဖြစ်ပါတယ်။

**#ကု-ဗျာ**

ကု-ဗျာအဖြစ် ကျေးဇူးပြုနိုင်တာသည် ဇောအခိုက်မှာ မဟုတ်တော့ဘူး။ ဒါကြောင့် "ပုရိမာ"တို့ "ပစ္ဆိမာနံ" တို့ မဟောတော့ပါဘူး။ လောကီကုသိုလ်ဝီထိတွေ အတွက်ဆိုရင် ကု-ဗျာ သချာ ရနိုင်တဲ့ နေရာသည် ကုသိုလ် အဆုံးဇောနဲ့ တဒါရုံ/ဘဝင်ကြား တစ်နေရာပဲ ရှိပါတယ်။ ဒါကြောင့် "ကုသလံ ဝုဋ္ဌာနဿ" လို့ စဟောပါတယ်။ လောကီပြီးရင် မဂ္ဂဝီထိလာပါတယ်။ မဂ္ဂဝီထိမှာလည်း ကု-ဗျာ သချာသည် မဂ်စိတ်နဲ့ ဖိုလ်စိတ်ကြား တစ်နေရာပဲ ရှိပါတယ်။ ဒါကို "မဂ္ဂေါ ဖလဿ" လို့ ဆက်ဟောတယ်။ မဂ်ဝီထိပြီးရင် ဖိုလ်ဝီထိလို့ ခေါ်တဲ့ ဖလသမာပတ္တိဝီထိကို ဟောပါတယ်။ ဖိုလ်ဝီထိချကြည့်ရင် ...

**"န-န-န-ဖိုလ်များစွာ-ဘဝင်"** လို့ ရပါတယ်။ ဒီမှာ ရှိတဲ့ အနုလုံစိတ်သည် မဟာကုသိုလ်ရော မဟာကြိယာစိတ်ရော ဖြစ်နိုင်ပါတယ်။ သေက္ခပုဂ္ဂိုလ်များအတွက် ကုသိုလ်၊ ရဟန္တာ အတွက် အဗျာကတပါ။ သို့သော် လက်ရှိသချာသည် ကု-ဗျာမို့ သေက္ခာ ပုဂ္ဂိုလ်တွေအတွက်သာ ဖြစ်ပါတယ်။ ဒါကြောင့် ပါဠိထဲမှာလည်း သေက္ခာလို့ ထည့်ဟောပါတယ် **"အနုလောမံ သေက္ခာယ ဖလသမာပတ္တိယာ"** တဲ့။

ရဟန္တာ ပုဂ္ဂိုလ်အတွက်က ဗျာ-ဗျာ သချာထဲ ဝင်သွားပါတယ် **"အရဟတော အနုလောမံ ဖလသမာပတ္တိယာ"** တဲ့။ ဖိုလ်ဝီထိပြီးရင် နိရောဓသမာပတ္တိဝိထိ နောက်ဆုံးဟောပါတယ်။

**"ဥ-န-ဂေါ-နေဝ-နေဝ- နိရောဓ - ဖိုလ် ဘဝင်"** ပါ။ ဒီမှာပါတဲ့ နေဝ ဆိုတာ နေဝသညာ-နာသညာယတနစျာန်ကို ဆိုလိုပါတယ်။ နိရောဓသမာပတ်သည်လည်း အနာဂါမ်နဲ့ ရဟန္တာတို့ ဆိုက်ရောက်နိုင်တဲ့အတွက် အနာဂါမ်ဖြစ်ရင် နေဝကုသိုလ်စျာန်၊ ရဟန္တာသည် နေဝကြိယာစျာန် ဖြစ်ပါတယ်။ နိရောဓမှ ထတဲ့အခါ ဆိုင်ရာ ဖိုလ်ဇော တစ်ကြိမ် ဇောပါတယ်။ အဲ့ဒီဖိုလ်ဇောကို နိရောဓကို မရောက်မီ ဖြစ်ခဲ့တဲ့ နေဝကုသိုလ်စျာန်စိတ်က အာသေဝနကြံ ၅ပစ္စည်းနဲ့ ကျေးဇူးပြုပါတယ်တဲ့။ **"နိရောဓာ ဝုဋ္ဌဟန္တဿ** = နိရောဓမှထလတ်သော်၊ **နေဝသညာနာသညာယတနကုသလံ**= နေဝကုသိုလ်စိတ်သည်၊ **ဖလသမာ-ပတ္တိယာ** = အနာဂါမိဖိုလ်ဟူသော ဖလသမာပတ်အား" ၅ပစ္စည်းနဲ့ ကျေးဇူးပြုသည်ပေ့ါ။

ရဟန္တာအတွက် နေဝကြိယာဇောက ဖိုလ်စိတ်ကို ကျေးဇူးပြုမှာဖြစ်ကြောင်း ဗျာ-ဗျာထဲ ဟောပါတယ်။

**#အကု-အကု**

ဒါကတော့ မထူးဆန်းပါဘူး။ အကုသိုလ်ဝီထိတွေထဲက အကုသိုလ်ဇောတွေအကြား ဟောကြား ထားတာပါ။ ၆ပစ္စည်း စလုံး ရပါတယ်။

**#အကု-ဗျာ**

ဒါကလည်း အကုသိုလ် အဆုံးဇောက တဒါရုံ/ဘဝင်ကို ကျေးဇူးပြုပုံ ဟောပါတယ်။ "အကုသလံ ဝုဋ္ဌာနဿ" တစ်ချက်ထဲပါပဲ။

**#ဗျာ-ဗျာ**

စိတ်တွေထဲမှာ အဗျာကတစိတ်ဟာ အဖြစ်အများဆုံးပါ။ တစ်ဝီထိမှာ စိတ္တက္ခဏ ၁၇ချက် ဖြစ်ပျက် သွားရင် ၁၀ချက်က ဝိပါက်အဗျာကတစိတ်တွေပါပဲ။ ဒီဝိပါက်စိတ်တွေကြားမှာလည်း အာသေဝနကြံ

၅ပစ္စည်းနဲ့ ချိတ်ဆက်နေပါတယ်။ ကြိယာဇာတွေကြားမှာတော့ အာသေဝနအပါအဝင် ၆ပစ္စည်းလုံး ရပါတယ်။ အာသေဝနအတွက် အနီရောင်လေးတွေနဲ့ ပြထားတာကို ရိပ်မိမယ်ထင်ပါတယ်။ နံပါတ် ၂ **"ဘဝင်္ဂ အာဝဇ္ဇနာယ"** သည် အဗျာကတချင်း တူသော်လည်း ဝိပါက်အဗျာကတက ကြိယာဗျာကတကို ကျေးဇူးပြုကြောင်း ဟောလိုရင်း ဖြစ်ပါတယ်။ ၃မှာ **"ကြိယံ ဝုဋ္ဌာနဿ"** က ကြိယာဗျာကတက ဝိပါက် အဗျာကတကို ကျေးဇူးပြုကြောင်း ဟောပါတယ်။ အဲ့တော့ နံပါတ် ၁သည် ဝိပါက်ဝိပါက်ချင်း ကြိယာ-ကြိယာချင်း ဖြစ်ပြီး ၂-က ဝိပါက်က ကြိယာကို ၃-က ကြိယာက ဝိပါက်ကို ဒီလိုမှတ်ယူနိုင်ပါတယ်။ ၄နဲ့ ၅နဲ့က ရဟန္တာပုဂ္ဂိုလ်အတွက်ဖြစ်ကြောင်း ကု-ဗျာ မာကတည်းက ကြိုတင်ရှင်းလင်းခဲ့ပြီး ဖြစ်ပါတယ်။

**#ဗျာ-ကု/ဗျာ-အကု**

ဒီသင်္ချာ ၂ချက်ကတော့ ဝုဋ္ဌောခေါ် မနောဒွါရာဝဇ္ဇန်းကနေ ကုသိုလ်/ အကုသိုလ် ပထမဇောကို ကျေးဇူးပြုကြောင်း ဟောထားတာပါ။ ဒါဆို ဝုဋ္ဌောက ကြိယာဇောကို ကျေးဇူးပြုကြောင်း **"အာဝဇ္ဇနာ ကြိယာဗျာကတာနံ ခန္ဓာနံ"** ပါဠိမတွေ့ဘူးလို့ ပြောစရာရှိတယ်။ တကယ်က ဗျာ-ဗျာထဲမှာ "ပုရိမာ ပုရိမာ ကြိယာဗျာကတာ ခန္ဓာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ခန္ဓာနံ" ဆိုတဲ့ ပါဠိတော်ထဲ အကျုံးဝင်ပြီးသား ဖြစ်ကြောင်း နားလည်ပေးပါ။

ပြောတာလည်း ရှည်သွားပြီမို့ ဒီလောက်ဆို အတော်ဟန်ကျပြီ ထင်ပါတယ်။ အားလုံး ပဋ္ဌာန်းဉာဏ်များ ရင်သန့်ပွားများ ကြပါစေ။

**(၁၀-၆-၂၀၁၆)**

## အနန္တရပစ္စည်း/ သမနန္တရပစ္စည်း / အာသေဝနပစ္စည်း/ နတ္ထိပစ္စည်း / ဝိဂတပစ္စည်း
## (အနန္တရူပနိဿ အပါအဝင်)

သချာ -သတ္တ (၇ချက်)

| | ပဒ | ပဒါဝ ဿာန | ပစ္စည်း = ကတ္တား | ပစ္စယုပ္ပန် = သမ္ပဒါန် |
|---|---|---|---|---|
| ၁ | ကု | ကု | ၁။ ပုရိမာ ပုရိမာ ကုသလာ ခန္ဓာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ခန္ဓာနံ |
| | | | ၂။ အနုလောမံ | ဂေါတြဘုဿ |
| | | | ၃။ အနုလောမံ | ဝေါဒါနဿ |
| | | | ၄။ ဂေါတြဘူ | မဂ္ဂဿ |
| | | | ၅။ ဝေါဒါနံ | မဂ္ဂဿ |
| ၂ | ကု | ဗျာ | ၁။ ကုသလံ | ဝုဋ္ဌာနဿ |
| | | | ၂။ မဂ္ဂေါ | ဖလဿ |
| | | | ၃။ အနုလောမံ | သေက္ခာယ ဖလသမာပတ္တိယာ |
| | | | ၄။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကုသလံ | ဖလသမာပတ္တိယာ |
| ၃ | အကု | အကု | ပုရိမာ ပုရိမာ အကုသလာ ခန္ဓာ | ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ခန္ဓာနံ |
| ၄ | အကု | ဗျာ | အကုသလံ | ဝုဋ္ဌာနဿ |
| ၅ | ဗျာ | ဗျာ | ၁။ ပုရိမာ ပုရိမာ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာ | ပစ္ဆိမာနံ ပစ္ဆိမာနံ ဝိပါကာဗျာကတာနံ ကြိယာဗျာကတာနံ ခန္ဓာနံ |
| | | | ၂။ ဘဝင်္ဂ | အာဝဇ္ဇနာယ |
| | | | ၃။ ကိရိယံ | ဝုဋ္ဌာနဿ |
| | | | ၄။ အနုလောမံ | ဖလသမာပတ္တိယာ |
| | | | ၅။ နိရောဓာ ဝုဋ္ဌဟန္တဿ နေဝသညာနာသညာယတနကိရိယံ | ဖလသမာပတ္တိယာ |
| ၆ | ဗျာ | ကု | အာဝဇ္ဇနာ | ကုသလာနံ ခန္ဓာနံ |
| ၇ | ဗျာ | အကု | အာဝဇ္ဇနာ | အကုသလာနံ ခန္ဓာနံ |

**အပိုင်း(၉)**

**(အညမညပစ္စည်း၊ သမ္ပယုတ္တပစ္စည်း)**

အညမညပစ္စည်းသည် သင်္ချာ တီဂါ (၃ချက်) ပါ။ အကြောင်းနဲ့အကျိုး အချင်းချင်းအပြန်အလှန် ကျေးဇူးပြုပုံကို ဟောတဲ့ ပစ္စည်းဖြစ်ပါတယ်။ အပြန်အလှန်လို့ ဆိုတာမို့ ဒီမှာပါတဲ့ ဓမ္မတွေသည် အကြောင်းဘက်ရော အကျိုးဘက်ရော နှစ်ဘက်ရမှ ဒီပစ္စည်းနဲ့ ကျေးဇူးပြုနိုင်ပါတယ်။ ဥပမာအားဖြင့် ဆိုရင် ဗျာ-ဗျာမှာ "ခန္ဓာ ဝတ္ထုဿ အညမညပစ္စယေနပစ္စယော" လို့ မြင်တာနဲ့ "ဝတ္ထု ခန္ဓာနံ အညမညပစ္စယေနပစ္စယော" ဆိုတာ အလိုအလျောက် နားလည်နိုင်ပါမယ်။ ခန္ဓာသည် ဝတ္ထုကို အညမညသတ္တိနဲ့ ကျေးဇူးပြုပါတယ် ဆိုရင် ဝတ္ထုသည်လည်း ခန္ဓာကို အညမညနဲ့ ကျေးဇူးပြုပါမယ်။ ဒါမှ အညမညလို့ ခေါ်တော့မှာပေါ့နော်။

**#ကု-ကု**

ဒါကတော့ ကုသိုလ်စိတ်လေး တစ်ခုဖြစ်ခိုက် အဲ့ဒီအချိန်မှာရှိနေတဲ့ စိတ်စေတသိက်တွေ ဖြစ်ကြတဲ့ နာမ်ခန္ဓာ ၄ပါး အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြတာ ဖြစ်ပါတယ်။ ခန္ဓာ ၁ပါးက အကြောင်းဖြစ်ရင် ကျန်နေတဲ့ ခန္ဓာ ၃ပါးက အကျိုး၊ ၂ပါးက အကြောင်းဆိုရင် ကျန်၂ပါးက အကျိုး၊ ၃ပါးက အကြောင်းနေရာမှာဆိုရင် ကျန်၁ပါးကအကျိုး အဲ့လို ကျေးဇူးပြုနေပါမယ်။ ဇယားကနေ ပါဠိပြန်ဖော်တဲ့အခါ အကြောင်းဘက်က "၁"သည် ဧကော၊ "၂" သည် ဒွေ၊ "၃" သည် တယော။ အကျိုးဘက်က "၁"သည် ဧကဿ၊ "၂" သည် ဒွိန္နံ၊ "၃" သည် တိဏ္ဏန္နံ အဲ့လို သဒ္ဒါအရ ပြောင်းသွားပါတယ်။

**"ကုသလော (၁ ၃ ၂) >> (၃ ၁ ၂) အညမညပစ္စယေန ပစ္စယော"** အဲ့ဒီလို မြင်ရပါတယ်။ ဒါကို ပြန်ဖြန့်တော့

**"ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အညမညပစ္စယေနပစ္စယော"**

**"တယော ခန္ဓော ဧကဿ ခန္ဓဿ အညမညပစ္စယေနပစ္စယော"**

**"ဒွေ ခန္ဓော ဒွိန္နံ ခန္ဓာနံ အညမညပစ္စယေနပစ္စယော"**

အဲ့လို ပြန်ဖော်ရပါမယ်။ ရွတ်ရင်းနဲ့ သဘောပေါက်လာပါလိမ့်မယ်။

**#အကု-အကု**

ဒါလည်းပဲ အကုသိုလ်စိတ်တစ်ခုဖြစ်ခိုက် နာမ်ခန္ဓာ ၄ပါး အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြတာ ဖြစ်ပါတယ်။ ပါဠိတော်ကိုလည်း ကု-ကု ပဒမှာ ဖော်ခဲ့သလို ပြန်ဖော်ရပါမယ်။ ကုသလော နေရာမှာ အကုသလော လို့ ပြောင်းသွားတာပဲ ရှိပါတယ်။

**#ဗျာ-ဗျာ**

ဒီသင်္ချာမှာတော့ ပဝတ္တိအခိုက်၊ ပဋိသန္ဓေအခိုက်နဲ့ ရုပ်သက်သက် ဆိုပြီး သုံးပိုင်းကွဲပါတယ်။ ပဝတ္တိအခိုက်ကတော့ အပေါ်က ပဒတွေနဲ့ တူတူပါပဲ။ ကုသလော နေရာမှာ ဝိပါကာဗျာကတော ကိရိယာဗျာကတော ဆိုပြီး ပြောင်းသွားပါမယ်။ ဝိပါက်စိတ်(သို့မဟုတ်) ကြိယာစိတ် ဖြစ်ခိုက် နာမ်ခန္ဓာ၄ပါး အချင်းချင်း အပြန်အလှန် ကျေးဇူးပြုကြတာ ဖြစ်ပါတယ်။

ပဋိသန္ဓေအခိုက်မှာတော့ ပဋိသန္ဓေဝိပါက်စိတ်အပြင် ဟဒယဝတ္ထုပါ ပါလာပါပြီ။ အဲ့တော့ ၁ ကနေ ၃+ဝတ္ထုကို၊ ၃ကနေ ၁+ဝတ္ထုကို၊ ၂ကနေ ၂+ဝတ္ထုကို ကျေးဇူးပြုပါတယ်။ အရင်လို ၁-၃ ၃-၁ ၂-၂

မဟုတ်တော့ဘဲ အကျိုးဘက်မှာ ဝတ္ထုလေးတွေ ပေါင်းပေါင်း ပါလာပါတယ်။ နောက်တစ်ခါ နာမ်ခန္ဓာ၄ပါး တစ်ပေါင်းတည်းက ဝတ္ထုရုပ်ကို၊ ဝတ္ထုရုပ်ကလည်း နာမ်ခန္ဓာ ၄ပါး တစ်ပေါင်းတည်းကို ကျေးဇူးပြုပြန်ပါတယ်။

ရုပ်သက်သက်မှာကျတော့ မဟာဘုတ်ရုပ်ရယ် ဇာဟိရရုပ်ရယ် အာဟာရဇရုပ် ဥတုဇရုပ် အသညသတ္တရုပ် ဆိုပြီး ၅မျိုးခွဲဟောတယ်။ သို့သော် တကယ်တော့ မဟာဘုတ်ရုပ်ပါပဲ။ ဇာဟိရတို့ အာဟာရဇတို့ ဥတုဇတို့ အသညသတ်ဇီဝိတနဝက ကလာပ်ရုပ်တို့မှာ ရှိတဲ့ မဟာဘုတ်ကိုပဲ ဟောတာ ဖြစ်ပါတယ်။ မဟာဘုတရုပ်ဟာ ၄ပါးရှိတာမို့ နာမ်ခန္ဓာ ၄ပါးဟောပုံနဲ့ ဆင်တူပါတယ်။ ၁-၃ ၃-၁ ၂-၂ ပုံစံပါပဲ။ "ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ" ဆိုတဲ့ ပုံစံအတိုင်း "ဧကံ မဟာဘူတံ တိဏ္ဏန္နံ မဟာဘူတာနံ" အဲ့ဒီလို ဟောပါတယ်။

ဒီလောက်ဆို အညမညပစ္စည်း ကျက်ရ သိပ်မခက်ခဲလောက်တော့ဘူး ထင်ပါတယ်။

**#သမ္ပယုတ္တပစ္စည်း**

အညမညကိုရရင် သမ္ပယုတ္တက လွယ်ကူပါပြီ။ သမ္ပယုတ္တပစ္စည်းမှာ အကြောင်းတရားနဲ့ အကျိုးတရားဟာ ယှဉ်ပြီးကျေးဇူးပြုကြပါတယ်။ ဘယ်လိုယှဉ်လဲဆိုရင် အရည်အချင်း ၄မျိုးနဲ့ တူပြီး ယှဉ်တယ်။ အကြောင်းနဲ့ အကျိုးဟာ ဖြစ်ပေါ်လာတာလည်း တူတယ်။ ပျက်သွားတာလည်း တူတယ်။ ပြုနေတဲ့ အာရုံလည်း တူတယ်။ မှီနေတဲ့ ဝတ္ထုလည်း တူတယ်။ သတိထားရမှာက တတိယအချက်ဖြစ်တဲ့ အာရုံတူတဲ့ အချက်ပဲ။ ရုပ်တရားတွေဟာ အာရုံကို မယူတက်ဘူး။ စိတ်စေတသိက်ဆိုတဲ့ နာမ်တရားတွေကပဲ အာရုံကို ယူကြတယ်။ ဒါကြောင့်မို့ ဒီပစ္စည်းမှာ အကြောင်းအကျိုး နှစ်ဖက်လုံးမှာ ရုပ်တွေမပါဘူး။ အာလုံး နာမ်ချည်းပါပဲ။ ပါဠိတော်တွေကလည်း ဇယားမှာ အနီရောင်နဲ့ ပြထားတဲ့ ရုပ်နဲ့ ပတ်သက်တာတွေ ချန်လှပ်ပြီးထုတ်ရုံပဲ ရှိပါတယ်။ ဇယားအပြည့်အစုံသည် အညမညပစ္စည်း၊ အနီရောင်များမပါ ကျန်အနက်ရောင်များသည် သမ္ပယုတ္တပစ္စည်း ဖြစ်ပါတယ်။

ဆက်လက်ကျက်မှတ်ပူဇော်နိုင်ကြပါစေ။

**(၇-၇-၂၀၁၆)**

## သမ္မယုတ္တပစ္စည်း/ အညမညပစ္စည်း

သချာ တီကာ (၃ချက်)

| | ပဒ | ပဒါဝသာန | | ပစ္စည်း (ကတ္တား) | ပစ္စယုပ္ပန် (သမ္ပဒါန်) | နာမ်ခန္ဓာ၄ပါး + ဝတ္ထု | | |
|---|---|---|---|---|---|---|---|---|
| ၁ | ကု | ကု | | ကုသလော ဧကောခန္ဓော | တိဏ္ဏန္နံ ခန္ဓာနံ | ၁ | ၃ | |
| | | | | တယော ခန္ဓာ | ဧကဿ ခန္ဓဿ | ၃ | ၁ | |
| | | | | ဒွေ ခန္ဓာ | ဒွိန္နံ ခန္ဓာနံ | ၂ | ၂ | |
| ၂ | အကု | အကု | | အကုသလော [ဧကော။ တယော။ ဒွေ] | [တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ] | ၁ | ၃ | |
| | | | | | | ၃ | ၁ | |
| | | | | | | ၂ | ၂ | |
| ၃ | ဗျာ | ဗျာ | ပဝတ္တိ | ဝိပါကာဗျာကတော ကြိယာဗျာကတော [ဧကော။ တယော။ ဒွေ] | [တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ] | ၁ | ၃ | |
| | | | | | | ၃ | ၁ | |
| | | | | | | ၂ | ၂ | |
| | | | ပဋိသန္ဓိက္ခဏေ | ဝိပါကာဗျာကတော [ဧကော။ တယော။ ဒွေ] | [တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ] | ၁ | ၃ | ဝတ္ထုဿစ |
| | | | | | | ၃ | ၁ | ဝတ္ထုဿစ |
| | | | | | | ၂ | ၂ | ဝတ္ထုဿစ |
| | | | | ခန္ဓာ | ဝတ္ထုဿ | | | |
| | | | | ဝတ္ထု | ခန္ဓာနံ | | | |
| | | | ရုပ်သက်သက် | ဧကံ မဟာဘူတံ | တိဏ္ဏန္နံ မဟာဘူတာနံ | ၁ | ၃ | |
| | | | | တယော မဟာဘူတာ | ဧကဿ မဟာဘူတဿ | ၃ | ၁ | |
| | | | | ဒွေ မဟာဘူတာ | ဒွိန္နံ မဟာဘူတာနံ | ၂ | ၂ | |
| | | | ဗ၊ ဟာ၊ ဥ၊ ည | ဗာဟိရဲ့ အာဟာရသမုဋ္ဌာန်၊ ဥတုသမုဋ္ဌာန်၊ အသညသတ္တာန် [ဧကံ။ တယော။ ဒွေ မဟာဘူတံ] | [တိဏ္ဏန္နံ၊ ဧကဿ၊ ဒွိန္နံ မဟာဘူတာနံ] | ၁ | ၃ | |
| | | | | | | ၃ | ၁ | |
| | | | | | | ၂ | ၂ | |

# အပိုင်း(၁၀)
# (သဟဇာတပစ္စည်း၊ ဝိပါကပစ္စည်း)

သဟဇာတပစ္စည်းကတော့ သဟဇာတပစ္စည်းမျိုး (၁၅)မျိုးအတွက် ခေါင်းဆောင်ပစ္စည်း ဖြစ်ပါတယ်။ ရှေ့အပိုင်း (၉)မှာ အညမညကို ကျက်နည်း၊ ဇယားကနေ ပါဠိဖော်နည်း ပြခဲ့ပြီးသားမို့ သိပ်မခက်တော့ပါဘူး။ တစ်မျက်နှာစာ ဇယားတစ်ချက်တည်းနဲ့ သဟဇာတကို ရနိုင်ပါပြီ။ သဟဇာတပစ္စည်းရဲ့ သတ္တိကတော့ စိတ္တက္ခဏ တစ်ချက်အတွင်းမှာ အကြောင်းတရားနဲ့ အကျိုးတရားတို့ အတူတကွ ဖြစ်ပြီး ကျေးဇူးပြုတာ ဖြစ်ပါတယ်။ အကြောင်းဓမ္မရယ် သူ့ကြောင့် ဖြစ်လာရတဲ့ အကျိုးဓမ္မရယ်ဟာ တပြိုင်တည်း တူတူဖြစ်ပေါ်လာတယ်ဆိုတာ အလွန်အံ့ဩစရာ ကောင်းပါတယ်။ သာမန်အားဖြင့် ကျွန်တော်တို့ စဉ်းစားနိုင်တာက အကျိုးတစ်ခု ဖြစ်ပေါ်ဖို့ အကြောင်းတရားက အချိန်တစ်ခုတော့ စောပြီးဖြစ်ရပါတယ်။ တစ်စက္ကန့်ရဲ့ တစ်သန်းပုံ တစ်ပုံပဲ ဖြစ်ဖြစ်ပေါ့။ ဒီမှာကတော့ တပြိုင်တည်းတဲ့။ သြော် ဒါကြောင့်လည်း စိတ္တက္ခဏတစ်ချက်ကို သိနိုင်တာ (ဖမ်းမိနိုင်တာ) သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓတစ်ဆူပဲ ရှိတယ်လို့ ပြောတာကိုး။

**#ကု-ကု**

ကု-ကု သချ်ာသည် အညမညက ကု-ကုသချ်ာနဲ့ အတူတူပဲမို့ ထပ်မပြတော့ပါ။ ဇယားကိုလည်း ထပ်ချုံ့လိုက်ပါတယ်။ အညမညမှာတုန်းက ကု-ကုမှာ သုံးကြောင်းပြထားပါတယ်။ အဲ့ဒီ သုံးကြောင်းကိုပဲ ဇယားပိုမို ကျစ်လစ်စေလိုတဲ့အတွက် တစ်ကြောင်းတည်း ထပ်ပေါင်းလိုက်တာ ဖြစ်ပါတယ်။ နားလည်နိုင်မယ် ထင်ပါတယ်။

**#ကု-ဗျာ**

ကုသိုလ်စိတ်ဖြစ်ပြီဆိုတာနဲ့ ကုသိုလ်စိတ်က ထုတ်လုပ်တဲ့ စိတ္တဇရုပ်လည်း တပြိုင်တည်း ပေါ်လာ ပါတယ်။ အဲ့ဒီ ကုသိုလ်စိတ္တုပ္ပါဒ်ဆိုတဲ့ နာမ်ခန္ဓာ ၄ပါးဟာ စိတ္တဇရုပ်ကို သဟဇာတသတ္တိနဲ့ ကျေးဇူးပြုပါ တယ်လို့ ဟောခြင်းဖြစ်ပါတယ်။

**#ကု-ကုဗျာ**

ဒီသချ်ာက တကယ်တော့ အပေါ်က သချ်ာနှစ်ချက်ကို ပေါင်းပြီး ပြန်ဟောတာပါပဲ။ ဟေတုပစ္စည်းရဲ့ ဟောပုံနဲ့ တူပါတယ်။ ကုသိုလ်စိတ်လို့ ပြောတာနဲ့ အဲ့ဒီအခိုက်မှာ စိတ်ရော စေတသိက်ရော စိတ္တဇရုပ်ရော ကျွန်တော်တို့ တန်းပြီး မြင်ရပါမယ်။ စိတ်စေတသိက် နာမ်ခန္ဓာ၄ပါးက သူတို့အချင်းချင်းလည်း ကျေးဇူး ပြုကြောင်း ကု-ကုနဲ့ ပြတယ်။ နာမ်ခန္ဓာ၄ပါး တစ်ပေါင်းတည်းကလည်း စိတ္တဇရုပ်ကို ကျေးဇူးပြုကြောင်း ကု-ဗျာနဲ့ ပြတယ်။ နာမ်ခန္ဓာ၄ပါးဟာ သူ့အချင်းချင်း အသေးစိတ်ကျေးဇူးပြုရင်းသား စိတ္တရုပ်ကိုပါ ကျေးဇူး ပြုကြောင်း ကု-ကုဗျာနဲ့ ပြတာ တွေ့ရပါတယ်။

**#အကုသလပဒ ၃ချက်**

အကု-အကု၊ အကု-ဗျာ၊ အကု-အကုဗျာ ဆိုတဲ့ အကုသလပဒ ၃ချက်ကတော့ ကုသလပဒနဲ့ ဟောပုံတူတူပဲမို့ မပြတော့ပြီ။

**#ဗျာ-ဗျာ**

ဗျာ-ဗျာမှာ အညမညမှာတုန်းကလိုပဲ ပဝတ္တိရယ် ပဋိသန္ဓေရယ် ရုပ်သက်သက်ရယ် ဆိုပြီး ရှိပါတယ်။ **ပဝတ္တိအခါမှာ** အညမညပစ္စည်းအရ ဝိပါက်/ကြိယာ အဗျာကတနာမ်ခန္ဓာ ၄ပါးက ၁-၃ ၃-၁ ၂-၂ ဆိုပြီး အချင်းချင်း ကျေးဇူးပြုတယ်။ သဟဇာတမှာကျတော့ စိတ္တဇရုပ်ပါ တစ်ပေါင်းတည်း ပါလာတယ်။ ဆိုလိုတာက ဝိပါက်/ကြိယာ အဗျာကတစိတ္တုပ္ပါဒ် တစ်ခုဖြစ်ပြီဆိုတာနဲ့ တပြိုင်တည်းမှာ စိတ္တဇရုပ်လည်း ဖြစ်လာတယ်။ (ဒွေးပဉ္စဝိဉာဏ်-၁၀တို့ အရူပဝိပါက်၄တို့က စိတ္တဇရုပ်ကို မထုတ်လုပ်တာ သိပြီးသားလို့ ယူဆပါတယ်နော်၊) အဲ့ဒီတော့ အဲ့ဒီအခိုက်မှာ အညမညက နာမ်ခန္ဓာ၄ပါးကြားမှာ ကျေးဇူးပြုပြီး သဟဇာတကတော့ စိတ္တဇရုပ်

အပါအဝင် တပြိုင်တည်းပေါ်လာတဲ့ အားလုံးကြားမှာ ကျေးဇူးပြုပါတယ်။ ဒါကြောင့် ပါဠိတော် တစ်ကြောင်းတိုင်းမှာ "စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ" ဆိုတာ ပေါင်းပါလာတာ ဖြစ်ပါတယ်။

**ပဋိသန္ဓေအခိုက်**မှာ အညမညထက် နည်းနည်းထူးတာပဲ ရှိပါတယ်။ အညမညမှာက "ဝတ္ထုဉ္စ စ" ဆိုတဲ့ ပါဠိတော်လေး ပေါင်းပေါင်းပါတယ်။ သဟဇာတမှာတော့ "ကဋတ္တာ စ ရူပါနံ" ဆိုပြီး ပြောင်းသွားတယ်။ ဒါလည်းရှင်းပါတယ်။ ပဋိသန္ဓေအခိုက်မှာ ဖြစ်သမျှဓမ္မ အကုန်ပြပါဆိုရင် ဆိုင်ရာ ပဋိသန္ဓေစိတ္တုပ္ပါဒ်ရယ် ကဋတ္တာရုပ်တွေရယ် ရှိပါမယ်။ အဲ့ဒီ ကဋတ္တာရုပ်ထဲမှာ ဝတ္ထုလို့ဆိုတဲ့ ဟဒယဝတ္ထုလေးပါတယ်။ ဒါကြောင့် အညမညကတော့ နာမ်ခန္ဓာ၄ပါးနဲ့ ဟဒယဝတ္ထုရုပ်ရဲ့ကြားမှာ ကျေးဇူးပြုနေမှာ ဖြစ်ပြီး သဟဇာတ-သတ္တိကတော့ နာမ်ခန္ဓာ၄ပါးရော ဟဒယဝတ္ထုအပါအဝင် ကဋတ္တာရုပ်အားလုံးကိုရော ကျေးဇူးပြုနေမှာ ဖြစ်ပါတယ်။

**ရုပ်သက်သက်က**လည်း အညမညနည်းတူ ၅မျိုးထပ်ပိုင်းပါတယ်။ အစဆုံးမှာ ဘယ်မှာရှိတဲ့ မဟာဘုတ်လို့ မဆိုပဲ အားလုံးကို ခြုံငုံပြီး မဟာဘုတ်သက်သက်ကို အရင်ဟောပါတယ်။ အဲ့ဒီနောက်မှာ ဗာဟိရ အာဟာရဇ ဥတုဇ အသညသတ်ရုပ် စတဲ့ ၄မျိုးမှာရှိသော မဟာဘုတ် ဆိုပြီး ဟောသွားပါတယ်။ အဲ့ဒီလို ၅မျိုးဟောတဲ့ နေရာမှာလည်း ပါဠိတော် ၂ကြောင်း ၂ကြောင်းစီ ဟောပါတယ်။ ပထမတစ်ကြောင်းက မဟာဘုတ် ၄ပါးအချင်းချင်း ၁-၃ ၃-၁ ၂-၂ ဆိုပြီးဟောတယ်။ နောက်တစ်ကြောင်းက အဲ့ဒီမဟာဘုတ်၄ပါး တစ်ပေါင်းတည်းက သူ့ကိုမှီပြီးဖြစ်နေတဲ့ ဥပါဒါရုပ်စသည်ကို ကျေးဇူးပြုကြောင်း ဟောပါတယ်။ သတိထား စရာလေးက အပြာရောင်နဲ့ ပြထားတာ လေးတွေပါ။ ပထမတစ်ခုမှာ

**မဟာဘူတာ စိတ္တသမုဋ္ဌာနာနံရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ** လို့ အနားသတ်ပါတယ်။ ဒီအထဲမှာ ပဝတ္တိကမ္မဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်၊ စိတ္တဇရုပ်ဆိုပြီး ရုပ်၃မျိုးပါတယ်ဆိုတာ သိရပါမယ်။ အလယ်၃ခုကတော့ ဥပါဒါရုပ်ကိုပဲ ကျေးဇူးပြုကြောင်း ပြတယ်။ အသညသတ်မှာကြတော့ ကဋတ္တာရုပ်ရော ဥပါဒါရုပ်ရော ဖြစ်သွားပြန်တယ်။ ဒါကလည်း ရှင်းပါတယ် ဗာဟိရ/ အာဟာရ/ ဥတု တို့ကြောင့် ဖြစ်တဲ့ ရုပ်တွေထဲမှာ ကမ္မဇ ဇီဝိတရုပ်လေး မပါဘူး အားလုံး ဥပါဒါရုပ်တွေချည်းပဲ။ အသညသတ် ဇီဝိတနဝကရုပ်မှာတော့ ဇီဝိတရုပ်လေး ပါလာတယ်။ ဒါကြောင့်မို့ ကဋတ္တာရူပါနံ ဆိုတာလေ ပိုပါလာကြောင်း အကြမ်းအားဖြင့် မှတ်ယူထားပါ။

**#ကုဖ္လာ-ဖ္လာ**

ဒီသင်္ချာကတော့ အကြောင်းဓမ္မက (ကုနဲ့ဖ္လာ) အကျိုးဓမ္မက (ဖ္လာ) ဖြစ်ပါတယ်။ ဒီသင်္ချာက အကျိုးဘက်ကို ကြည့်ရင် နားလည်ပို့ မခက်ပါဘူး။ စိတ္တဇရုပ်ကို တွေ့ပါမယ်။ စိတ္တဇရုပ်ကို အပေါ်က သင်္ချာတွေထဲ ပြန်ကြည့်ရင် (ကုသိုလ် အကုသိုလ် အဗျာကတ) နာမ်ခန္ဓာ၄ပါးရယ် မဟာဘုတ်ရယ်ကို တွေ့ပါမယ်။ ဒါကြောင့် ကုသိုလ်စိတ္တုပ္ပါဒ်နဲ့ မဟာဘုတ်တို့သည် စိတ္တဇရုပ်ကို ကျေးဇူးပြုကြောင်း ကုဖ္လာ-ဖ္လာနဲ့ ပြတယ်။ အကုသိုလ်စိတ္တုပ္ပါဒ်အတွက် အကုဖ္လာ-ဖ္လာနဲ့ ပြပါတယ်။ အဗျာကတစိတ္တုပ္ပါဒ်အတွက်ကတော့ ဖ္လာ-ဖ္လာ ထဲမှာပဲ ပြန်ဝင်သွားပါတယ်။ (မဟုတ်ရင် ဖ္လာဖ္လာ-ဖ္လာ တွေ ဖြစ်ကုန်ပါမယ်။)

**#ဝိပါကပစ္စည်း**

ဒီပစ္စည်းက ဝိပါက်စိတ်ဖြစ်သခိုက် တကွဖြစ်လာကြတဲ့ နာမ်ခန္ဓာ၄ပါးရယ် ရုပ်တွေရယ် ဝိပါကသတ္တိနဲ့ ကျေးဇူးပြုနေကြောင်း ဟောတာဖြစ်ပါတယ်။ ဝိပါက်စိတ်ဖြစ်ချိန် သီးသန့်မို့ ကြိယာဗျာကတေခန္ဓေ ဆိုတာ မပါတော့တာပါ။ နောက်တစ်ခုက " ခန္ဓာ ဝတ္ထုဉ္စ" တော့ပါပြီး "ဝတ္ထု ခန္ဓာနံ" ဆိုတာ မပါတော့တာကို သတိထားပါ။ ဘာလို့လဲဆိုရင် ဝိပါကသတ္တိဟာ ဝိပါက်စိတ်တွေရဲ့ သတ္တိပါ။ ရုပ်သည် ဝိပါကသတ္တိနဲ့ ကျေးဇူးမပြုနိုင်ပါဘူး။ ကျေးဇူးပြုခြင်းကိုသာ ခံရနိုင်ပါတယ်။ အနီရောင်ပြထားသော ပါဠိတော်များသည် ဝိပါကပစ္စည်းဖြစ်ပါသည်။

**သဟဇာတက ကျယ်ဝန်းတဲ့အတွက် ရှည်ရှည်ဝေးဝေး ပြောရတာ ခွင့်လွှတ်ပါ။ နားလည်ရင် ကျော်ဖတ်ပြီး နားမလည်နိုင်တာရှိက ထပ်မံ မေးမြန်းနိုင်ပါတယ်ခင်ဗျာ။ ချမ်းမြေ့စွာ ဆက်လက်ကျက်မှတ် ပူဇော်နိုင်ကြပါစေ ....

# သဟဇာတပစ္စည်း (ဝိပါကပစ္စည်း)

သချာ (န၀)

| | ပဒ | ပဒါဝသာန် | | ပစ္စည်း(ကတ္တား) | ပစ္စယုပ္ပန်(သမ္ပဒါန်) |
|---|---|---|---|---|---|
| ၁ | ကု | ကု | | ကုသလော [၁ ၃ ၂]ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ |
| | | ဗျာ | | ကုသလာခန္ဓာ | စိတ္တသမုဋ္ဌာနာနံရူပါနံ |
| | | ကုဗျာ | | ကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ |
| ၂ | အကု | အကု | | အကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ |
| | | ဗျာ | | အကုသလာခန္ဓာ | စိတ္တသမုဋ္ဌာနာနံရူပါနံ |
| | | အကုဗျာ | | အကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ |
| ၃ | ဗျာ | ဗျာ | ပဝတ္တိ | ဝိ..ဗျာ / ကြိ..ဗျာကတော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စရူပါနံ |
| | | | ပဋိသန္ဓေ | ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + ကဋတ္တာစရူပါနံ |
| | | | | ခန္ဓာ | ဝတ္ထုဿ |
| | | | | ဝတ္ထု | ခန္ဓာနံ |
| | | | ရုပ်သက်သက် | [၁ ၃ ၂] **မဟာဘူတံ** | [၃ ၁ ၂] မဟာဘူတာနံ |
| | | | | *မဟာဘူတာ* | *စိတ္တသမုဋ္ဌာနာနံရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ* |
| | | | | **ဗာဟိရံ** [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ |
| | | | | *မဟာဘူတာ* | *ဥပါဒါရူပါနံ* |
| | | | | **အာဟာရသမုဋ္ဌာနံ** [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ |
| | | | | *မဟာဘူတာ* | *ဥပါဒါရူပါနံ* |
| | | | | **ဥတုသမုဋ္ဌာနံ** [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ |
| | | | | *မဟာဘူတာ* | *ဥပါဒါရူပါနံ* |
| | | | | **အသညသတ္တာနံ** [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ |
| | | | | *မဟာဘူတာ* | ***ကဋတ္တာရူပါနံ** ဥပါဒါရူပါနံ* |
| ၄ | ကုဗျာ | ဗျာ | | ကုသလာခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံရူပါနံ |
| ၅ | အကုဗျာ | ဗျာ | | အကုသလာခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံရူပါနံ |

အနီရောင်ပါဠိတော်များသည် ဝိပါကပစ္စည်းဖြစ်ပါသည်။

## အပိုင်း(၁၀)
## (ပုရေဇာတပစ္စည်း၊ နိဿယပစ္စည်း)

မိတ်ဆွေများ၏ တိုက်တွန်းမှုအရ ကိစ္စတွေများတဲ့ကြားက ရေးဖို့ကျန်နေတဲ့ ပစ္စည်းလေးတွေ ဒီရက်ပိုင်း အပြီးဆက်ရေးပါမယ်။ အပိုင်း ၁၀မှာ သဟဇာတ ပြီးခဲ့ပါပြီ၊ ခုအပိုင်းမှာ ပုရေဇာတကို အရင် ကျက်မှတ်သင့်ပါတယ်။ သဟဇာတနဲ့ ပုရေဇာတကို ရသွားပြီဆိုရင် နိဿယဟာ အလွန်လွယ်ကူသွားပါပြီ။

**#ပုရေဇာတ**

ပုရေဇာတရဲ့ ထူးခြားချက်က ပစ္စယုပ္ပန်များဟာ စိတ်စေတသိက်တွေပဲ ဖြစ်ပါတယ်။ ပစ္စည်းပိုင်းမှာက အာရုံရယ် ဝတ္ထုရယ် ဆိုပြီး ရုပ်တွေချည်း ၂မျိုးရှိပါတယ်။ ဒါ့ကြောင့် ပစ္စည်းပိုင်းက အဗျာကတပဲဖြစ်မယ်၊ ပစ္စယုပ္ပန် ကတော့ ကု/အက/ဗျာ ၃မျိုးလုံးဖြစ်မယ်။

အာရုံဆိုသည်မှာလည်း ကာလ၃ပါး၊ ကာလဝိမုတ် ဆိုပြီးရှိတယ်။ ဒီ ပုရေဇာတမှာတော့ ပုရေဇာတဖြစ်တဲ့ အာရုံအကြောင်း ဟောတာပါ။ တနည်းအားဖြင့် အာရုံက စိတ်ထက် အရင် ဖြစ်တယ်ပေါ့။

အာရမ္မဏပုရေဇာတမှာ စက္ခုပသာဒအစရှိတဲ့ ပသာဒရုပ်တွေပါတယ်၊ ရူပါရုံအစရှိတဲ့ အာရုံ၆ပါးပါပါတယ်။ ဝတ္ထုပုရေဇာတမှာ စက္ခုဝတ္ထုအစရှိတဲ့ ဝတ္ထုရုပ်၆ပါး ပါပါတယ်။ အဲ့ဒါလေးကိုပဲ ပုဂ္ဂိုလ်အလျောက်၊ စိတ်အလျောက် သင်္ချာထဲကို ခွဲပြီး ဝင်သွားတာပါပဲ။

**#နိဿယ**

နိဿယကတော့ သဟဇာတနဲ့ ပုရေဇာတနဲ့ကို ရရင် အလိုအလျောက်ရပြီး ဖြစ်ပါလိမ့်မယ်။

**(သဟဇာတပါဠိတော်အားလုံး+ ဝတ္ထုပုရေဇာတနိဿယ+ သဟပုရေမိဿက)**

**24-4-2017**

# ပုရေဇာတ

သချာ် (တီကဂ်ါ) (◉ = ပုရေဇာတပစ္စယေန ပစ္စယော။)

| မှတ်ချက် | | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|---|
| အဗျာကတပဒ-၃ | | **(၁) အဗျာကတော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ◉** |
| | | အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။ | |
| | | **အာရမ္မဏပုရေဇာတံ -** | |
| | အာရမ္မဏ | အရဟာ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | | ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿတိ။ |
| | | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏာတိ။ |
| | | ရူပါယတနံ | စက္ခုဝိညာဏဿ ◉ |
| | | သဒ္ဒါ../ဂန္ဓာ../ရသာ../ဖောဋ္ဌဗ္ဗာယတနံ | သောတ../ဃာန../ဇိဝှါ../ကာယဝိညာဏဿ ◉ |
| | | **ဝတ္ထုပုရေဇာတံ -** | |
| | ဝတ္ထု | စက္ခာယတနံ | စက္ခုဝိညာဏဿ ◉ |
| | | သောတာယတနံ/ ဃာနာ../ ဇိဝှါ../ ကာယာယတနံ | သောတ../ ဃာန../ ဇိဝှါ../ ကာယဝိညာဏဿ ◉ |
| | | ဝတ္ထု | ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ◉ |
| | | **(၂) အဗျာကတော ဓမ္မော** | **ကုသလဿ ဓမ္မဿ ◉** |
| | | အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။ | |
| | | **အာရမ္မဏပုရေဇာတံ -** | |
| | အာရမ္မဏ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | | ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿန္တိ။ |
| | | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏန္တိ။ |
| | | **ဝတ္ထုပုရေဇာတံ -** | |
| | ဝတ္ထု | ဝတ္ထု | ကုသလာနံ ခန္ဓာနံ ◉ |
| | | **(၃) အဗျာကတော ဓမ္မော** | **အကုသလဿ ဓမ္မဿ ◉** |
| | | အာရမ္မဏပုရေဇာတံ၊ ဝတ္ထုပုရေဇာတံ။ | |
| | | **အာရမ္မဏပုရေဇာတံ -** | |
| | အာရမ္မဏ | စက္ခုံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဒစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | ။ ။<br>(အထက်ပါအတိုင်း) |
| | | **ဝတ္ထုပုရေဇာတံ -** | |
| | ဝတ္ထု | ဝတ္ထု | အကုသလာနံ ခန္ဓာနံ ◉ |

# နိဿယပစ္စည်း

သင်္ချာ (တေရသ) (⊛ = နိဿယပစ္စယေန ပစ္စယော။)

| | | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|---|
| ကုသလပဒ-၃ | | (၁) ကုသလော ဓမ္မော | ကုသလဿ ဓမ္မဿ ⊛ |
| | | ကုသလော [၁ ၃ ၂]ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ ⊛ |
| | | (၂) ကုသလော ဓမ္မော | အဗျာကတဿ ဓမ္မဿ ⊛ |
| | | ကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ⊛ |
| | | (၃) ကုသလော ဓမ္မော | ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ⊛ |
| | | ကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ⊛ |
| အကုသလပဒ-၃ | | (၄) အကုသလော ဓမ္မော | အကုသလဿ ဓမ္မဿ ⊛ |
| | | အကုသလော [၁ ၃ ၂]ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ ⊛ |
| | | (၅) အကုသလော ဓမ္မော | အဗျာကတဿ ဓမ္မဿ ⊛ |
| | | အကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ⊛ |
| | | (၆) အကုသလော ဓမ္မော | အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ⊛ |
| | | အကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ⊛ |
| အဗျာကတပဒ-၃ | | (၇) အဗျာကတော ဓမ္မော | အဗျာကတဿ ဓမ္မဿ ⊛ |
| | ပဝတ္တိ | ဝိ..ဗျာ /ကြိ..ဗျာကတော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ⊛ |
| | ပဋိသန္ဓေ | ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော[၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + ကဋတ္တာ စ ရူပါနံ ⊛ |
| | | ခန္ဓာ | ဝတ္ထုဿ ⊛ |
| | | ဝတ္ထု | ခန္ဓာနံ ⊛ |
| | ရုပ်သက်သက် | [၁ ၃ ၂] **မဟာဘူတံ** | [၃ ၁ ၂] မဟာဘူတာနံ ⊛ |
| | | *မဟာဘူတာ* | *စိတ္တသမုဋ္ဌာနာနံ ရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ* ⊛ |
| | | **ဗာဟိရံ၊ အာဟာရသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနံ၊ အသညသတ္တာနံ** [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ ⊛ |
| | | *မဟာဘူတာ* | ***ကဋတ္တာရူပါနံ** ဥပါဒါရူပါနံ* ⊛ |
| | ဝတ္ထုပုရေဇာတ် | စက္ခာယတနံ | စက္ခုဝိညာဏဿ ⊛ |
| | | သောတာယတနံ/ ဃာနာ../ ဇိဝှါ../ ကာယာယတနံ | သောတ../ ဃာန../ ဇိဝှါ../ ကာယဝိညာဏဿ ⊛ |
| | | ဝတ္ထု | ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ⊛ |
| | ဝတ္ထုပုရေဇာတ် | (၈) အဗျာကတော ဓမ္မော | ကုသလဿ ဓမ္မဿ ⊛ |
| | | ဝတ္ထု | ကုသလာနံ ခန္ဓာနံ ⊛ |
| | | (၉) အဗျာကတော ဓမ္မော | အကုသလဿ ဓမ္မဿ ⊛ |
| | | ဝတ္ထု | အကုသလာနံ ခန္ဓာနံ ⊛ |

| | | | |
|---|---|---|---|
| ကုဗျာ ပဒ-၂ | မိဿက | (၁၀) ကုသလော စ အဗျာကတော စ ဓမ္မာ | ကုသလသဿ ဓမ္မဿ |
| | | ကုသလော [၁ ၃ ၂]ခန္ဓော စ ဝတ္ထု စ | [၃ ၁ ၂]ခန္ဓာနံ |
| | | (၁၁) ကုသလော စ အဗျာကတော စ ဓမ္မာ | အဗျာကတဿ ဓမ္မဿ |
| | | ကုသလာ ခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |
| အကုဗျာ ပဒ-၂ | မိဿက | (၁၂) အကုသလော စ အဗျာကတော စ ဓမ္မာ | အကုသလဿ ဓမ္မဿ |
| | | အကုသလော [၁ ၃ ၂]ခန္ဓော စ ဝတ္ထု စ | [၃ ၁ ၂]ခန္ဓာနံ |
| | | (၁၃) အကုသလော စ အဗျာကတော စ ဓမ္မာ | အဗျာကတဿ ဓမ္မဿ |
| | | အကုသလာ ခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ |

မှတ်ချက်။ အနီရောင်ဖြင့်ပြထားသော ပါဠိများသည် ဝတ္ထုပုရေဇာတနိဿယဖြစ်ပြီး၊ အပြာရောင်များသည် သဟ-ပုရေမိဿက ဖြစ်ပါသည်။ ကျန်ပါဠိများသည် သဟဇာတပစ္စည်း အပြည့်အစုံဖြစ်ပါသည်။ ထို့ကြောင့်-

**နိဿယပစ္စည်း= သဟဇာတပစ္စည်းအပြည့်အစုံ+ဝတ္ထုပုရေဇာတနိဿယ+သဟပုရေမိဿက**

## အပိုင်း(၁၂)
## (ပဋ္ဌာဇာတပစ္စည်း၊ ဝိပ္ပယုတ္တပစ္စည်း)

ဒီအပိုင်းမှာတော့ ဝိပ္ပယုတ္တပစ္စည်းကို ပဋ္ဌာဇာတပစ္စည်းနဲ့အတူ တွဲပြီးကျက်မှတ်ဖို့ တိုက်တွန်းချင်ပါတယ်။ ဘာလို့လဲဆိုရင် ဝိပ္ပယုတ္တပစ္စည်းဟာ သဟဇာတဝိပ္ပယုတ်၊ ပုရေဇာတဝိပ္ပယုတ်နဲ့ ပဋ္ဌာဇာတဝိပ္ပယုတ် ဆိုပြီး ၃မျိုးရှိလို့ပါ။ အပိုင်း ၁၀မှာ သဟဇာတကို ကျက်ခဲ့တယ် အဲ့ဒီထဲ သဟဇာတဝိပ္ပယုတ် ပါခဲ့ပြီးဖြစ်ပါတယ်။ အပိုင်း ၁၁မှာ ပုရေဇာတကို ကျက်ခဲ့တယ် ပုရေဇာတ-ဝိပ္ပယုတ် ပါခဲ့ပြီးပါပြီ။ အခုအပိုင်းမှာ ပဋ္ဌာဇာတ ကျက်မယ်ဆိုရင် ပဋ္ဌာဇာတဝိပ္ပယုတ္တကို ရပြီးဖြစ်ပါတယ်။ ဒါဆို ဝိပ္ပယုတ္တအတွက် အသစ်ကျက်မှတ်စရာ မပါတော့ဘူးပေါ့။

ကျွန်တော့်ရဲ့ ကျက်မှတ်ပုံက ငယ်ရာကနေ ကြီးရာကို ကျက်မှတ်ပုံမျိုးပါ။ သဟမျိုး ၁၅ပစ္စည်းကို ကျက်မှတ်ပုံလေး ဥပမာပြပါရစေ။ အစပိုင်းတွေမှာ ဟေတုစတဲ့ သဟငယ် ၇မျိုးကို ကျက်ခဲ့တယ်၊ အဲ့ဒါပြီးတော့ သဟလတ်၄မျိုးထဲက အညမည‌နဲ့ သမ္ပယုတ္တကို ကျက်ခဲ့တယ်။ အဲ့ဒါတွေကို ရပြီးတော့ သဟဇာတကို သဟလတ်ထဲက ဝိပါကနဲ့ တွဲပြီး ကျက်ပါတယ်။ နိဿယကို ရဖို့အတွက် ပုရေဇာတကို တွဲပြီး ကျက်ပါတယ်။ အဲ့ဒါပြီးမှ သဟလတ်ထဲက ကျန်နေတဲ့ ဝိပ္ပယုတ္တကို ကျက်ဖို့ရာ ပဋ္ဌာဇာတနဲ့ တွဲပြီး ကျက်ပါတယ်။ ဒါဆိုရင် သဟငယ် ၇၊ သဟလတ်၄နဲ့ သဟကြီး၄ထဲက သဟဇာတ နိဿယ တို့ကို ရရှိပြီး ဖြစ်ပါတယ်။ သဟဇာတရယ် ပုရေဇာတရယ် ပဋ္ဌာဇာတရယ်ကို ရရှိပြီးတာနဲ့ ခက်ပါတယ်ဆိုတဲ့ အတ္ထိ အဝိဂတဟာ အလွယ်တကူ ရရှိနိုင်ပါပြီ။

သဟမျိုး ၁၅ပစ္စည်း ကျက်မှတ်ပုံ အစီအစဉ် -

၁။ သဟငယ်၇မျိုး

၂။ အညမည၊ သမ္ပယုတ္တ

၃။ သဟဇာတ၊ ဝိပါက

၄။ နိဿယ(+ပုရေဇာတ)

၅။ ဝိပ္ပယုတ္တ (+ပဋ္ဌာဇာတ)

၆။ အတ္ထိ၊ အဝိဂတ

### #ပဋ္ဌာဇာတ

ပဋ္ဌာဇာတကတော့ ကျေးဇူးပြုပုံ ဆန်းကျယ်ပါတယ်။ အကျိုးက ရုပ်တရားဖြစ်ပြီး အရင်ဖြစ်နှင့်ပါတယ်။ အကြောင်းက စိတ်စေတသိက်တွေဖြစ်ပြီး ရုပ်ဖြစ်ပေါ်လို့ စိတ္တက္ခဏ တစ်ချက်အကြာမှာ ဖြစ်ပါတယ်။

စိတ်တစ်ခုဖြစ်နေတဲ့ အခိုက်မှာ ရုပ်တွေဟာ အလွန်ရှုပ်ထွေးစွာ ရှိနေကြတယ်ဆိုတာ အာရုံပြု မှတ်သားစေလိုပါတယ်။ ဥပမာ လောဘစိတ်ပါဝင်တဲ့ စက္ခုဒွါရိက ဝီထိဖြစ်တယ် ဆိုပါစို့။ အဲ့ဒီဝီထိထဲက ၁၇ချက်မြောက်မှာရှိတဲ့ဒုတိယတဒါရုံလေးကို စဉ်းစားကြည့်ပါမယ်။ အဲ့ဒီ တဒါရုံစိတ်ဖြစ်နေတဲ့ အခိုက်မှာ အတီတဘဝင်နဲ့ တပြိုင်တည်း ဖြစ်ခဲ့တဲ့ စိတ္တဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်၊ ကမ္မဇရုပ်တွေ ရှိနေတယ်၊ မချုပ်သေးဘူး။ အဲ့ဒီလိုပဲ ဘဝင်စလနနဲ့ အပြိုင်ဖြစ်ခဲ့တဲ့ စတုဇကာယတွေလည်း ရှိနေတယ်။ ပြောရရင် စက္ခုဝိညာဏ်အခိုက် စိတ္တဇရုပ်ကို မထုတ်လုပ်နိုင် တာကလွဲလို့

ကျန်စိတ်အခိုက်တွေမှာ စတုဇကာယကို အကုန်လုံး ဖြစ်ပေါ်နိုင်တယ်။ အကြမ်းဖျင်း တွက်ကြည့်ပါမယ်။

ကမ္မဇရုပ်က စိတ္တက္ခဏ ၁ချက်မှာ ဥပါဒ် ဌီ ဘင် ၃ခါလုံးမှာဖြစ်တာမို့ (စိတ္တက္ခဏ၁၆ချက်× ၃= ရုပ်၄၈)၊ စိတ္တဇရုပ်က စိတ္တက္ခဏ ၁ချက်မှာ ဥပါဒ်အခိုက် တစ်ကြိမ်ပဲ ဖြစ်တာမို့ (စိတ္တက္ခဏ ၁၅ ချက်× ၁= ရုပ်၁၅)( စိတ္တဇရုပ်ကို မထုတ်သော စက္ခုဝိညာဏ်အတွက် တစ်ခုချန်ခဲ့ခြင်း ဖြစ်)၊ ဥတုဇရုပ်လည်း စိတ္တက္ခဏ ၁၆ကြိမ်မှာ ၁၆ခါဖြစ်နိုင်တယ်၊ အာဟာရဇရုပ်လည်း ထို့အတူပါပဲ။

ဒီလိုဆို ဒုတိယတဒါရုံ ဖြစ်တဲ့အခိုက် သူ့ရှေ့ စိတ်၁၆ခုနဲ့ အပြိုင်ဖြစ်ခဲ့ပြီး မချုပ်သေးတဲ့ ရုပ်ပေါင်း ၉၅ခု ရှိနိုင်တယ်ပေ့ါ။ အဲ့ဒီထဲမှာမှ ဒုတိယတဒါရုံက ပစ္ဆာဇာတ သတ္တိနဲ့ ကျေးဇူးပြုနိုင်တာသည် ရှေ့ပထမတဒါရုံအခိုက် ဖြစ်ပေါ်ခဲ့ကြတဲ့ ရုပ်၄မျိုးကိုပဲ ဖြစ်ပါတယ်တဲ့။ အရေအတွက်က အတိအကျမဟုတ်ပါဘူး။ သဘောနားလည်ရုံ တွက်ပြတာပါ။ ဒီလောက်ဆို ပစ္ဆာဇာတ ကျေးဇူးပြုပုံကို ကွက်ကွက်ကွင်းကွင်း မြင်နိုင်ပြီ ထင်ပါတယ်။ ဒီဖြစ်စဉ်ကို ပါဠိပူဇော်ရပါလျှင် ....

"ပစ္ဆာဇာတာ (နောက်၌ဖြစ်သော)၊ ဝိပါကာဗျာကတာ ခန္ဓာ (ဒုတိယတဒါရုံဟူသော ဝိပါက် နာမက္ခန္ဓာ တို့သည်)၊ ပုရေဇာတဿ (ပထမတဒါရုံအခိုက် ဖြစ်နှင့်သော)၊ ဣမဿ ကာယဿ (တိဇကာယ စတုဇကာယ တို့အား)၊ ပစ္ဆာဇာတပစ္စယေန (ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်)၊ ပစ္စယော ဥပကာရကော (ကျေးဇူးပြု၏) " ဟူသတည်း။

**#ဝိပ္ပယုတ္တ**

ဝိပ္ပယုတ္တအတွက် အထူးတလည် ထပ်ရှင်းလင်းရန် မရှိပါပြီ။ စိတ်နဲ့ စိတ္တဇရုပ်လိုမျိုး နာမ်တရားနဲ့ ရုပ်တရားတွေဟာ ရံခါမှာ ဥပါဒ်ပြိုင် တကွဖြစ်ကြတယ်၊ အထူးထူးသော သတ္တိတွေနဲ့လည်း ကျေးဇူးပြုကြတယ်။ သို့သော် တစ်ပါးနဲ့တပါးရောနှောနေတာ မဟုတ်ကြောင်း သဟဇာတ-ဝိပ္ပယုတ်ကို ဟောပါတယ်။

ပစ္ဆာဇာတနဲ့ ချိတ်ဆက်နေကြတဲ့ အကြောင်းနာမ်နှင့် အကျိုးရုပ်တရားတွေသည် ကျေးဇူးပြုနေကြတယ်ဆိုသော်လည်း သဘာဝခြင်း ပေါင်းစပ်နေတာ မဟုတ်ဘူး၊ ရောနှောနေတာ မဟုတ်ဘူး ဖြစ်ကြောင်း ပစ္ဆာဇာတဝိပ္ပယုတ်နဲ့ ဟောပါတယ်။

အမှီခံ ဝတ္ထုရုပ် ၆ပါးနဲ့ မှီနေကြတဲ့ စိတ်စေတသိက်တွေသည် (ပဋိသန္ဓေအခါမှ လွဲ၍) ဘယ်သောအခါမှ အတူမဖြစ်ကြပါဘူး။ အမှီခံ ဝတ္ထုရုပ်တွေက အရင်ဖြစ်နှင့်ရပါတယ်။ အဲ့ဒီလို နာမ်နဲ့ရုပ်ဟာ ပုရေဇာတသတ္တိနဲ့ ဆက်စပ်နေသော်လည်း ရောနှောသွားတာ မဟုတ်ဘူး ဆိုတာကို ပုရေဇာတဝိပ္ပယုတ်နဲ့ ဟောပါတယ်။

အကျဉ်းပြောရရင် နာမ်နဲ့ရုပ်သည် သဟဇာတပဲဖြစ် ပုရေဇာတပဲဖြစ်ဖြစ် ပစ္ဆာဇာတပဲဖြစ်ဖြစ် မည်သို့ပင် ဆက်စပ်ကျေးဇူးပြုသည်ဖြစ်ပါစေ တစ်ရံတစ်ဆစ်မျှ သမ္ပယုတ်မဖြစ်နိုင်ဘူး၊ ပေါင်းစပ်ရောနှောနေတာ မဟုတ်ဘူး ဆိုတာကို ဝေနေယျတွေရဲ့ သံသယတွေ ဖြေဖျောက်စေဖို့ရာ ဝိပ္ပယုတ္တပစ္စည်းကို ဟောကြားလေသလားလို့ မှန်းဆ ကြည်ညိုမိပါတယ်။

**25-4-2017**

# ဝိပ္ပယုတ္တ

သချာ (ပဠ္ဍ) (⊛ = ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။)

| မှတ်ချက် | | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|---|
| ကုပဒ-၁ | | **(၁) ကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| | | သဟဇာတံ၊ ပစ္ဆာဇာတံ။ | |
| | | **သဟဇာတာ** ကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ⊛ |
| | | **ပစ္ဆာဇာတာ** ကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| အကုပဒ-၁ | | **(၂) အကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| | | သဟဇာတံ၊ ပစ္ဆာဇာတံ။ | |
| | | **သဟဇာတာ** အကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ⊛ |
| | | **ပစ္ဆာဇာတာ** အကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| အဗျာကတပဒ-၃ | | **(၃) အဗျာကတော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| | | သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ။ | |
| | | **သဟဇာတာ** | |
| | ပဝတ္တိ | ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ⊛ |
| | ပဋိသန္ဓေ | ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ ခန္ဓာ | ကဋတ္တာ ရူပါနံ ⊛ |
| | | ခန္ဓာ | ဝတ္ထုဿ ⊛ |
| | | ဝတ္ထု | ခန္ဓာနံ ⊛ |
| | | **ပုရေဇာတံ -** | |
| | ဝတ္ထု-၆ | စက္ခာယတနံ | စက္ခုဝိညာဏဿ ⊛ |
| | | သောတာယတနံ/ ဃာနာ../ ဇိဝှါ../ ကာယာယတနံ | သောတ../ ဃာန../ ဇိဝှါ../ ကာယဝိညာဏဿ ⊛ |
| | | ဝတ္ထု | ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ⊛ |
| | | **ပစ္ဆာဇာတာ** | |
| | | ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| | | **(၄) အဗျာကတော ဓမ္မော** | **ကုသလဿ ဓမ္မဿ ⊛** |
| | ဝတ္ထု | **ပုရေဇာတံ -** | |
| | | ဝတ္ထု | ကုသလာနံ ခန္ဓာနံ ⊛ |
| | | **(၅) အဗျာကတော ဓမ္မော** | **အကုသလဿ ဓမ္မဿ ⊛** |
| | ဝတ္ထု | **ပုရေဇာတံ -** | |
| | | ဝတ္ထု | အကုသလာနံ ခန္ဓာနံ ⊛ |

မှတ်ချက်။ အနီရောင်ပါဠိများသည် ပစ္ဆာဇာတပစ္စည်း ဖြစ်ပါသည်။ အောက်ပါဇယားတွင်လည်း သီးသန့်ကြည့်ရှုနိုင်ပါသည်။

## ပစ္ဆာဇာတပစ္စည်း

သချာ (တီကာ) (⊛ = ပစ္ဆာဇာတပစ္စယေန ပစ္စယော။)

| ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|
| **(၁) ကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| ပစ္ဆာဇာတာ ကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| **(၂) အကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| ပစ္ဆာဇာတာ အကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| **(၃) အဗျာကတော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ⊛** |
| ပစ္ဆာဇာတာ ဝိပါကာဗျာကတာ ကိရိယာဗျာကတာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |

# အပိုင်း(၁၃)
# (အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း)

အတ္ထိပစ္စည်းရဲ့ သဘာဝက... အကြောင်းတရားဟာ အကျိုးတရားကို ထင်ရှားရှိနေခိုက်မှာ ကျေးဇူးပြုတာ ပါတဲ့။ ဘယ်လိုမျိုးလဲ ဆိုရင်

၁။ ရံခါမှာ အကြောင်းဟာ အကျိုးနဲ့ တပြိုင်တည်းလည်း ဖြစ်တယ်၊ ထင်ရှားရှိဆဲမှာလည်း ထင်ရှားရှိခြင်းအားဖြင့် ကျေးဇူးပြုတယ်တဲ့၊ ဒါဟာ သဟဇာတ+ အတ္ထိ = သဟဇာတတ္ထိ ပေါ့။

၂။ ရံခါမှာ အကြောင်းဟာ အကျိုးရဲ့ အရင်မှာ ကြိုပြီး ဖြစ်နှင့်တယ်၊ သို့သော် ကျေးဇူးပြုနေတဲ့ အချိန်မှာတော့ အကျိုးတရားနဲ့အတူ ထင်ရှားရှိနေတယ်၊ ထင်ရှားရှိခြင်းအားဖြင့် ကျေးဇူးပြုပါတယ်တဲ့။ ဒါမျိုးကျတော့ ပုရေဇာတ +အတ္ထိ= ပုရေဇာတတ္ထိ ပေါ့။

၃။ ရံခါကျတော့ အကြောင်းဟာ အကျိုးရဲ့နောက်မှ ဖြစ်ရတယ်။ အဲ့ဒီလိုမျိုး အကြောင်းနဲ့ အကျိုးဟာ တစ်ခုနဲ့တစ်ခု ဖြစ်ပေါ်ချိန်ခြင်း မတူသော်လည်း ကျေးဇူးပြုနေတဲ့ အချိန်မှာတော့ အကျိုးတရားနဲ့အတူ ထင်ရှားရှိနေသေးတယ်။ ဒါကို ပစ္ဆာဇာတ +အတ္ထိ= ပစ္ဆာဇာတတ္ထိ လို့ မြင်လို့ရပါတယ်။

ကုသိုလ်ဝီထိတစ်ခုရဲ့ ဒုတိယဇောအခိုက်ကို စဉ်းစားကြည့်ပါမယ်။ ဒီဒုတိယဇော အခိုက်မှာ ရှိနေကြတဲ့ ဓမ္မတွေကို စဉ်းစားကြည့်ရင်

၁။ ဒုတိယဇောစိတ် (ဝိညာဏက္ခန္ဓာ)

၂။ ၎င်းစိတ်၏ ယှဉ်ဘက် စေတသိက်များ (ကြွင်းနာမ်ခန္ဓာ၃ပါး)

၃။ ၎င်းစိတ်က ထုတ်လုပ်သည့် စိတ္တဇရုပ်

၄။ ၎င်းစိတ်နှင့်အတူ ဉပါဒ်ကြသည့် ကမ္မဇရုပ်၊ ဥတုဇရုပ်၊ အာဟာရဇရုပ်များ

၅။ ပထမဇော အပါအဝင် ရှေးရှေးစိတ် ၁၆ခု ဖြစ်ခိုက် ဖြစ်ပေါ်ခဲ့ကြသော စတုဇ ရုပ်များ

အဲ့ဒီတရားတွေထဲက ကုသိုလ်နာမက္ခန္ဓာ ၄ပါးဟာ ဉပါဒ်ခြင်းလည်း တူတယ်၊ တစ်ပါးကို တပါးက ထင်းရှားရှိဆဲမှာလည်း ကျေးဇူးပြုတယ်၊ ဒါကြောင့်မို့ သဟဇာတတ္ထိရဲ့ ကု-ကု သင်္ချာထဲ ဝင်သွားတယ်။ (ကုသလော ဧကော ခန္ဓော တိဏ္ဏန္နံ ခန္ဓာနံ အတ္ထိပစ္စယေန ပစ္စယော... စသည်)။

ကုသိုလ်စိတ်နဲ့ ဉပါဒ်ပြိုင်တဲ့ စိတ္တဇရုပ်လည်း ဒီနည်းအတိုင်းပါပဲ။ သို့သော် ရုပ်သည် အဗျာကတဖြစ်တာမို့ သဟဇာတတ္ထိရဲ့ ကု-ဗျာထဲ ဝင်သွားပါတယ်။ (ကုသလာ ခန္ဓာ စိတ္တ-သမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော)။

စိတ်နဲ့ ဉပါဒ်ပြိုင်ပြီး ထင်ရှားရှိနေတဲ့ ကမ္မဇအစရှိတဲ့ ရုပ်၃မျိုးကရော သဟဇာတတို့ အတ္ထိတို့ မရဘူးလားလို့ မေးစရာ ရှိပါတယ်။ မရပါဘူး၊ အတူတူ ဉပါဒ်ပြိုင်ပြီး ဖြစ်လာရုံနဲ့ သဟဇာတ သတ္တိမရအပ်ဘူး၊ ထင်ရှားရှိနေရုံနဲ့လည်း အတ္ထိ မဟုတ်ပါဘူး။ "ဖြစ်စေ၊ တည်စေ၊ ဤနှစ်ထွေ၊ ခေါ်လေ ကျေးဇူးပြု" ဆိုတဲ့အတိုင်း ဖြစ်စေတတ်သော သဘော၊ တည်စေတတ်သော သဘော ရှိမှသာ ကျေးဇူးပြုနိုင်ကြပါတယ်။

စိတ်နဲ့ ဥပါဒ်ပြိုင်ပြီး ဖြစ်ခဲ့တဲ့ ကမ္မဇ အစရှိတဲ့ ရုပ်၃မျိုးဟာ အတူတူ ဖြစ်ပေါ်လာကြပြီး ထင်ရှားရှိနေကြသော်လည်း စိတ်ကြောင့်ဖြစ်တာလည်းမဟုတ်၊ စိတ်ရဲ့ တည်မှီရာလည်း မဟုတ်၊ တနည်းနည်းနဲ့ ပတ်သက်မှု မရှိတဲ့အတွက် သဟဇာတတ္တိ မရဘူးလို့ ဒီလို မှတ်ယူရပါမယ်။

ရှေးရှေးစိတ်၁၆ခုနဲ့ အတူ ဖြစ်ပေါ်ခဲ့ကြပြီး ထင်ရှားရှိနေကြသေးတဲ့ ရုပ်များစွာလည်း ရှိနေကြတယ်။ စိတ်ရဲ့ အရင် ဖြစ်နှင့်ခဲ့ကြသော်လည်း အာလုံး ပုရေဇာတသတ္တိ မရပါဘူး။ ထိုရုပ်များစွာအနက် ပထမဇောနဲ့ ဥပါဒ်ပြိုင်ခဲ့တဲ့ ဟဒယဝတ္ထုလေး တစ်ခုပဲ ပုရေဇာတ သတ္တိ ရအပ်ပါတယ်။ အဲ့ဒီဟဒယနဲ့ ဒုတိယဇောတို့ရဲ့ ကျေးဇူးပြုပုံက ထူးခြားပါတယ်။ ဟဒယဝတ္ထုကို အကြောင်းအနေနဲ့ ယူရင် ဒုတိယဇောသည် အကျိုးအနေနဲ့ ရပါတယ်၊ ပုရေဇာတတ္တိပေါ့။ ဗျာ-ကုသခ်ျာထဲ ဝင်သွားပါမယ်။ (ဝတ္ထု ကုသလာနံ ခန္ဓာနံ အတ္တိပစ္စယေန ပစ္စယော) ။

ဒုတိယဇောကို အကြောင်းအနေနဲ့ ယူရင် ဟဒယဝတ္ထုသည် အကျိုးနေရာ တည်ပါတယ်၊ ပစ္ဆာဇာတတ္တိပေါ့။ ကု-ဗျာထဲကို ဝင်သွားပါမယ်။ (ပစ္ဆာဇာတာ ကုသလာ ခန္ဓာ ပုရေဇာတဿ ဣမဿ ကာယဿ အတ္တိပစ္စယေန ပစ္စယော) ။

ဒီလောက်ဆိုရင် ကျက်မှတ်တဲ့အခါ အထောက်အကူ ရနိုင်ပြီ ထင်ပါတယ်။ အတ္တိနဲ့ အဝိဂတဟာ တူတူပဲမို့ သီးခြား မရှင်းတော့ပါဘူး။ ကျန်သင်္ချာများကို ချဲ့ပြီး ဉာဏ်သွေးကြဖို့ တိုက်တွန်းချင်ပါတယ်။

ပဋ္ဌာန်းဉာဏ်များ ထက်သန်နိုင်ကြပါစေ...

26-4-2017

# အတ္ထိ/အဝိဂတပစ္စည်း

သင်္ချာ (တေရသ) (☸ =
အတ္ထိ/အဝိဂတပစ္စယေန ပစ္စယော။)

| | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|
| ကုသလပဒ-၃ | **(၁) ကုသလော ဓမ္မော** | **ကုသလဿ ဓမ္မဿ ☸** |
| | ကုသလော [၁ ၃ ၂]ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ ☸ |
| | **(၂) ကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ☸** |
| | သဟဇာတံ၊ ပစ္ဆာဇာတံ။ | |
| | **သဟဇာတာ** ကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ☸ |
| | **ပစ္ဆာဇာတာ** ကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ☸ |
| | **(၃) ကုသလော ဓမ္မော** | **ကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ☸** |
| | ကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ☸ |
| အကုသလပဒ-၃ | **(၄) အကုသလော ဓမ္မော** | **အကုသလဿ ဓမ္မဿ ☸** |
| | **အကုသလော [၁ ၃ ၂]ခန္ဓော** | [၃ ၁ ၂]ခန္ဓာနံ ☸ |
| | **(၅) အကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ☸** |
| | သဟဇာတံ၊ ပစ္ဆာဇာတံ။ | |
| | **သဟဇာတာ** အကုသလာ ခန္ဓာ | စိတ္တသမုဋ္ဌာနာနံ ရူပါနံ ☸ |
| | **ပစ္ဆာဇာတာ** အကုသလာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ☸ |
| | **(၆) အကုသလော ဓမ္မော** | **အကုသလဿ စ အဗျာကတဿ စ ဓမ္မဿ ☸** |
| | အကုသလော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂]ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ☸ |

| | | (၇) အဗျာကတော ဓမ္မော | အဗျာကတဿ ဓမ္မဿ ⊛ |
|---|---|---|---|
| အဗျာကတပဒ-၃ | | သဟဇာတံ၊ ပုရေဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။ | |
| | | **သဟဇာတော** | |
| | ပဝတ္တိ | ဝိ..ဗျာ /ကြိ..ဗျာကတော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + စိတ္တသမုဋ္ဌာနာနဉ္စ ရူပါနံ ⊛ |
| | ပဋိသန္ဓေ | ပဋိသန္ဓိက္ခဏေ ဝိ..ဗျာကတော [၁ ၃ ၂] ခန္ဓော | [၃ ၁ ၂] ခန္ဓာနံ + ကဋတ္တာ စ ရူပါနံ ⊛ |
| | | ခန္ဓာ | ဝတ္ထုဿ ⊛ |
| | | ဝတ္ထု | ခန္ဓာနံ ⊛ |
| | ရုပ်သက်သက် | [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ ⊛ |
| | | *မဟာဘူတာ* | *စိတ္တသမုဋ္ဌာနံရူပါနံ ကဋတ္တာရူပါနံ ဥပါဒါရူပါနံ* ⊛ |
| | | ဗာဟိရံ။ အာဟာရသမုဋ္ဌာနံ။ ဥတုသမုဋ္ဌာနံ။ အသညသတ္တာနံ [၁ ၃ ၂] မဟာဘူတံ | [၃ ၁ ၂] မဟာဘူတာနံ ⊛ |
| | | *မဟာဘူတာ* | *ကဋတ္တာရူပါနံ ဥပါဒါရူပါနံ* ⊛ |
| | | ပုရေဇာတံ- | |
| | အာရမ္မဏပုရေဇာတ | အရဟာ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | | ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿတိ။ |
| | | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏာတိ။ |
| | | ရူပါယတနံ | စက္ခုဝိညာဏဿ ⊛ |
| | | သဒ္ဒါ../ဂန္ဓာ../ရသာ../ဖောဋ္ဌဗ္ဗာယတနံ | သောတ../ဃာန../ဇိဝှါ../ကာယဝိညာဏဿ ⊛ |
| | ဝတ္ထုပုရေဇာတ | စက္ခာယတနံ | စက္ခုဝိညာဏဿ ⊛ |
| | | သောတာယတနံ/ ဃာနာ../ ဇိဝှါ../ ကာယာယတနံ | သောတ../ ဃာန../ ဇိဝှါ../ ကာယဝိညာဏဿ ⊛ |
| | | ဝတ္ထု | ဝိပါကာဗျာကတာနံ ကိရိယာဗျာကတာနံ ခန္ဓာနံ ⊛ |
| | | ပစ္ဆာဇာတာ ဝိ..ဗျာကတာ ကိရိ..ဗျာကတာ ခန္ဓာ | ပုရေဇာတဿ ဣမဿ ကာယဿ ⊛ |
| | | ကဗဠီကာရော အာဟာရော | ဣမဿ ကာယဿ |
| | | ရူပဇီဝိတိန္ဒြိယံ | ကဋတ္တာရူပါနံ |
| | | (၈) အဗျာကတော ဓမ္မော | ကုသလဿ ဓမ္မဿ ⊛ |
| | | ပုရေဇာတံ | |
| | အာရမ္မဏပုရေဇာတ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | | ဒိဗ္ဗေန စက္ခုနာ ရူပံ ဝတ်ပု | ပဿန္တိ။ |
| | | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏန္တိ။ |
| | ဝတ်ပု | ဝတ္ထု | ကုသလာနံ ခန္ဓာနံ ⊛ |

| | | (၉) အဗျာကတော ဓမ္မော | အကုသလဿ ဓမ္မဿ ◉ |
|---|---|---|---|
| | | **ပုရေဇာတံ** | |
| | အာရမ္မဏပုရေဇာတ | စက္ခုံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| | | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ | ။ ။ (အထက်ပါအတိုင်း) |
| | ဝတ်ပု | ဝတ္ထု | အကုသလာနံ ခန္ဓာနံ ◉ |
| ကုဗျာ ပဒ-၂ | | (၁၀) ကုသလော စ အဗျာကတော စ ဓမ္မာ | ကုသလဿ ဓမ္မဿ ◉ |
| | သဟ+ပု မိသ် | **သဟဇာတံ၊ ပုရေဇာတံ။** | |
| | | သဟဇာတော ကုသလော[၁ ၃ ၂]ခန္ဓော စ ဝတ္ထု စ | [၃ ၁ ၂]ခန္ဓာနံ ◉ |
| | | (၁၁) ကုသလော စ အဗျာကတော စ ဓမ္မာ | အဗျာကတဿ ဓမ္မဿ ◉ |
| | | **သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။** | |
| | | **သဟဇာတာ** ကုသလာ ခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံရူပါနံ ◉ |
| | ပစ္ဆာ+ဟာ မိသ် | **ပစ္ဆာဇာတာ** ကုသလာ ခန္ဓာ စ + ကဗဠီကာရော အာဟာရော စ | ဣမဿ ကာယဿ ◉ |
| | ပစ္ဆာ+ဣံ မိသ် | **ပစ္ဆာဇာတာ** ကုသလာ ခန္ဓာ စ + ရူပဇီဝိတိန္ဒြိယဉ္စ | ကဋတ္တာရူပါနံ ◉ |
| အကုဗျာ ပဒ-၂ | | (၁၂) အကုသလော စ အဗျာကတော စ ဓမ္မာ | အကုသလဿ ဓမ္မဿ ◉ |
| | သဟ+ပု မိသ် | **သဟဇာတံ၊ ပုရေဇာတံ။** | |
| | | သဟဇာတော အကုသလော[၁ ၃ ၂]ခန္ဓော စ ဝတ္ထု စ | [၃ ၁ ၂]ခန္ဓာနံ ◉ |
| | | (၁၃) အကုသလော စ အဗျာကတော စ ဓမ္မာ | အဗျာကတဿ ဓမ္မဿ ◉ |
| | | **သဟဇာတံ၊ ပစ္ဆာဇာတံ၊ အာဟာရံ၊ ဣန္ဒြိယံ။** | |
| | | အကုသလာ ခန္ဓာ စ မဟာဘူတာ စ | စိတ္တသမုဋ္ဌာနာနံရူပါနံ ◉ |
| | ပစ္ဆာ+ဟာ မိသ် | **ပစ္ဆာဇာတာ** အကုသလာ ခန္ဓာ စ + ကဗဠီကာရော အာဟာရော စ | ဣမဿ ကာယဿ ◉ |
| | ပစ္ဆာ+ဣံ မိသ် | **ပစ္ဆာဇာတာ** အကုသလာ ခန္ဓာ စ + ရူပဇီဝိတိန္ဒြိယဉ္စ | ကဋတ္တာရူပါနံ ◉ |

မှတ်ချက်။ အနီရောင်ဖြင့်ပြထားသော ပါဠိများသည် ပုရေဇာတပစ္စည်းဖြစ်ပြီး၊ အပြာရောင်များသည် ပစ္ဆာဇာတပစ္စည်းနှင့် မိဿက ၃မျိုးတို့ ဖြစ်ပါသည်။ ကျန်ပါဠိများသည် သဟဇာတပစ္စည်း အပြည့်အစုံဖြစ်ပါသည်။ အတ္ထိပစ္စည်းသည် အာရမ္မဏမျိုး၊ သဟမျိုး၊ ဝတ္ထုမျိုး၊ ပစ္ဆာမျိုး၊ ရုပ်အာဟာရမျိုး၊ ရုပ်ဇီဝိတိန္ဒြိယမျိုးအားဖြင့် မျိုးပစ္စည်း ၆မျိုးတွင် ပါဝင်နေသော်လည်း တူတူရာ ပစ္စည်းများတွင် သွတ်သွင်းလိုက်သည့်အခါ အတ္ထိပစ္စည်းကို ကျက်မှန်ရန်အတွက် သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတနှင့် မိဿက၃မျိုးတို့အား အပြည့်အစုံ ကျက်မှတ်ခြင်းအားဖြင့် အတ္ထိအား အပြည့်အစုံ ကျက်မှတ်ပြီးဖြစ်ကြောင်း တွေ့ရပေမည်-

အတ္ထိပစ္စည်း= သဟဇာတပစ္စည်းအပြည့်+ပုရေဇာတပစ္စည်းအပြည့်+ပစ္ဆာဇာတပစ္စည်းအပြည့်+မိဿက၃မျိုး

➢ ဆောင်ရန်။ **"ဇာတ" သုံး၀၊ မိဿက၊ ပေါင်းယူ အတ္ထိရ**

## အပိုင်း(၁၄)
## (အာရမ္မဏပစ္စည်း ကုသလပဒ)

အာရမ္မဏပစ္စည်းကို လေ့လာဖို့ရာ အာရုံနဲ့ အာရမ္မဏိက သဘောကို နားလည်ထားသင့်ပါတယ်။ အာရမ္မဏသတ္တိကို ပိုင်ဆိုင်တာက ပစ္စည်းဘက်ရှိ အာရုံ၆ပါး ဖြစ်ပါတယ်။ ပစ္စယုပ္ပန်ဘက်ကတော့ အာရုံကို ယူတတ်တဲ့ ဝိညာဏ်၆ပါးပေါ့။

အာရုံ၆ပါးထဲမှာ နိဗ္ဗာန်အပါအဝင် ပရမတ်ဓမ္မ အကုန်ပါတယ်။ (ပဋ္ဌာဝါရမှာ ပညတ်ကို မဟောတာမို့ ပညတ်အာရုံတော့ မပါဘူးပေါ့လေ။) အဲ့ဒီတော့ ဒီအာရုံ ၆ပါးထဲမှာ ကု အကု ဗျာ အစုံပါတယ်။ ဒါမို့ ကုသလပဒ၊ အကုသလပဒ၊ အဗျာကတပဒ ၃ခု ရတယ်ပေါ့။

ပစ္စယုပ္ပန်ဘက် ဝိညာဏ်၆ပါးမှာလည်း ပညတ်ကိုပဲ အမြဲအာရုံပြုတတ်တဲ့ ရူပစိတ် ၁၅ပါးရယ်၊ အာကာသာနဉ္စာယတနစိတ် ၃ပါး၊ အာကိဉ္စညာယတနစိတ် အစရှိတဲ့ စိတ် ၂၁ပါး မပါပါဘူး။ သို့သော်ကျန်တဲ့စိတ်တွေထဲမှာ ကု အကု ဗျာ စိတ်တွေ ပါကြတာမို့ ပဒါဝသာနပိုင်းမှာလည်း ၃ချက်ထွက်လာတယ်။ ဒ့ါကြောင့် ပဒ၃ × ပဒါဝသာန ၃= သချ်ာ ၉ချက်ထွက်ပါတယ်။

ဝိညာဏ်၆ပါးရှိတဲ့အနက် စက္ခုဝိညာဏ် အစရှိတဲ့ ဝိညာဏ် ၅ပါးက အလွန်ရှင်းပါတယ်။ ယူတဲ့အာရုံက ဆိုင်ရာ ပစ္စုပ္ပန် ပဥ္စာရုံ တစ်မျိုးစီ ဖြစ်ပါတယ်။ အဲ့ဒီတော့ အာရုံကလည်း ရုပ်အဗျာကတ၊ အာရမ္မဏိက,ကလည်း ဝိပါက်အဗျာကတ။ ဒါမို့ ဗျာ-ဗျာ သချ်ာထဲ ဝင်သွားပါတယ်။

"ရူပါယတနံ စက္ခုဝိညာဏဿ"

"သဒ္ဒါယတနံ သောတဝိညာဏဿ"

"ဂန္ဓာယတနံ ဃာနဝိညာဏဿ"

"ရသာယတနံ ဇိဝှါဝိညာဏဿ"

"ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဿ" ဒါလောက်လေးပါပဲ။

မနောဝိညာဏ်အပိုင်းကတော့ အလွန်ရှုပ်သွားပြီ။ အာရုံက ၆ပါးလုံး ရနိုင်တယ်။ ဒါကြောင့် အပေါ်က ပါဠိတွေလို တစ်ချက်ထဲပြောပါဆိုရင် "သဗ္ဗေ ဓမ္မာ မနောဝိညာဏဿ" လို့ ပြောရပါလိမ့်မယ်။ သို့သော် ဒီလိုဟောလို့ မဖြစ်နိုင်ဘူး၊ ဘာလို့ဆို ဒီကုသလတိက်မှာ ဓမ္မတွေကို ၃ပုံ၃စုပြုပြီး သချ်ာ တစ်တွဲစီ ထုတ်ပြီး ဟောတာမို့ပါ။ "သဗ္ဗေဓမ္မာ" ထဲမှာ ကု အကု ဗျာ ၃ခုလုံးပါသလို၊ "မနောဝိညာဏဿ" ထဲမှာလည်း ကု အကု ဗျာ ၃ခုလုံး ပါပါတယ်။ ဒ့ါကြောင့် ဆိုင်ရာ သချ်ာတွေထဲ အသီးသီး ဖြန့်ဝင်သွားတာမို့ "သဗ္ဗေ ဓမ္မာ မနောဝိညာဏဿ" ဆိုတဲ့ ပါဠိကို ဒီကုသလတိတ် ပဥ္စာဝါရဝိဘင်္ဂထဲမှာ ရှာမတွေ့နိုင် ပါဘူး။ သို့သော် အပေါ်မှာပြခဲ့တဲ့ ပဉ္စဝိညာဏ်အတွက် ဟောထားတဲ့ ပါဠိ၅ကြောင်းက လွဲလို့ ကျန်ပါဠိတွေကို စုပေါင်းလိုက်ရင် "သဗ္ဗေ ဓမ္မာ မနောဝိညာဏဿ" ပါပဲလို့ ဒီလိုပဲ နားလည်မိပါတယ်။

#ကု-ကု

ဒီသင်္ချာမှာ အာရုံကလည်း ကုသိုလ်၊ အာရမ္မဏိက(စိတ်)ကလည်း ကုသိုလ်ပါ။ ကုသိုလ် အာရုံပိုင်းမှာ ကာမကုသိုလ်၊ မဟဂ္ဂုတ်ကုသိုလ်၊ မဂ်ကုသိုလ် ဆိုပြီး ၃ပိုင်း ရှိပါတယ်။ သာမာန် အားဖြင့် ကာမကုသိုလ်ကို အရင်ဟောတယ်၊ ပြီးရင် မဟဂ္ဂုတ်ကုသိုလ်၊ ပြီးမှ မဂ်ကုသိုလ် ဟောပါတယ်။ ဒီသင်္ချာမှာ ဟောတဲ့အစီအစဉ်က.....

၁။ ဒါန၊ သီလ၊ ဥပုသ်သီလ >> ဆင်ခြင်စိတ်

၂။ ပုဗ္ဗ ကုသိုလ် >> ဆင်ခြင်စိတ်

၃။ ဈာန >> ဆင်ခြင်စိတ်

၄။ ဂေါတြဘုစိတ် >> ဆင်ခြင်စိတ်

၅။ ဝေါဒါန်စိတ် >> ဆင်ခြင်စိတ်

၆။ မဂ်စိတ် >> ဆင်ခြင်စိတ်

၇။ လောကီကုသိုလ် >> ဝိပဿနာရှုစိတ်

၈။ သူတပါး ကုသိုလ်စိတ် >> စေတောပရိယအဘိညာဉ်ဖြင့်သိ

၉။ ပထမ အာရုပ္ပစိတ်>> ဒုတိယ အာရုပ္ပစိတ်

၁၀။ တတိယ အာရုပ္ပစိတ် >>စတုတ္ထ အာရုပ္ပစိတ်

၁၁။ ကုသိုလ်နာမက္ခန္ဓာများ >> အဘိညာဉ်များ

ဒါလေးကို အတိုကောက်လေးနဲ့ "ဒါ၊ ပုဗ်၊ ဈာ၊ မဂ်၊ ဝိ၊ ဘိ၊ အာ၊ ဘိ " လို့ ကျွန်တော်မှတ်ထားတယ်။

(၁) ဒါ= ဒါနံ ဒတွိ... စသည်ကို ဆိုလို။

(၂) ပုဗ်=ပုဗ္ဗေ သုစိဏ္ဏာနိ ... စသည်

(၃) ဈာ= ဈာနာ ဝုဋ္ဌဟိတွာ... စသည်

(၄ ၅ ၆) မဂ်= (မဂ္ဂဝီထိကို အာရုံပြုပြီး) ဂေါတြဘု ...စသည်၊ ဝေါဒါန်... စသည်၊ မဂ္ဂါ ဝုဋ္ဌဟိတွာ ...စသည်

(၇) ဝိ= (ခန္ဓာ၅ပါးကို အာရုံပြုပြီး) အနိစ္စတော... စသည်

(၈) ဘိ= (သူတပါးစိတ်ကို အာရုံပြုပြီး) စေတောပရိယအဘိညဉ် ... စသည်

(၉ ၁၀) အာ= (အာကာသာနဉ္စာယတနစိတ်ကို အာရုံပြုပြီး) ဝိညာနဉ္စာ...စသည်

(၁၁) ဘိ= (ခန္ဓာ၅ပါးကိုအာရုံပြုပြီး) စေတောပရိယညာဏာဿ... စသည်

စေတောပရိယအဘိညာဉ်ဟာ (၈)မှာရော (၁၁)မှာရော ၂ကြိမ်ဟောသလို ဖြစ်နေပါ တယ်။ (၈)မှာက "ကုသိုလ်စိတ်ရှိသော ပုဂ္ဂိုလ်" စသဖြင့် ပုဂ္ဂလာဓိဋ္ဌာန်နဲ့ ဟောပါတယ်။ (၁၁)မှာက "ကုသိုလ် နာမက္ခန္ဓာ" စသဖြင့် ဓမ္မာဓိဋ္ဌာန်နဲ့ ဟောပါတယ်လို့ ခွဲခြားမှတ်သားလို့ ရနိုင်ပါတယ်။ ကျန်သင်္ချာများကို ဆက်လက် ရေးသားပါမည်။

သာဓုသာဓုသာဓု

27-4-2017

# အာရမ္မဏပစ္စည်း

သချာ(နဝ) (☸ = အာရမ္မဏပစ္စယေန ပစ္စယော။)

| မှတ်ချက် | | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|---|
| | | **(၁) ကုသလော ဓမ္မော** | **ကုသလဿ ဓမ္မဿ ☸** |
| | ၁ | ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ | ပစ္စဝေက္ခတိ။ |
| | ၂ | ပုဗ္ဗေ သုစိဏ္ဏာနိ | ပစ္စဝေက္ခတိ။ |
| | ၃ | ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | ပစ္စဝေက္ခတိ။ |
| | ၄ | သေက္ခာ ဂေါတြဘုံ | ပစ္စဝေက္ခန္တိ။ |
| | ၅ | ဝေါဒါနံ | ပစ္စဝေက္ခန္တိ။ |
| | ၆ | သေက္ခာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ပစ္စဝေက္ခန္တိ။ |
| | ၇ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | ၈ | (၂) ကုသလစိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယဉာဏေန ၊ (၃) ဇာနန္တိ။ |
| | ၉ | အာကာသာနဉ္စာယတနကုသလံ | ဝိညာဏဉ္စာယတနကုသလဿ ☸ |
| | ၁၀ | အာကိဉ္စညာယတနကုသလံ | နေဝသညာနာသညာယတနကုသလဿ ☸ |
| | ၁၁ | ကုသလာ ခန္ဓာ | ဣဒ္ဓိဝိဓဉာဏဿ, စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိ-ဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ ☸ |
| | | **(၂) ကုသလော ဓမ္မော** | **အကုသလဿ ဓမ္မဿ ☸** |
| ကုသလတိက-၃ | ၁ | ဒါနံ ဒတွာ, သီလံ သမာဒိယိတွာ, ဥပေါသထကမ္မံ ကတွာ တံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| | ၂ | ပုဗ္ဗေ သုစိဏ္ဏာနိ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ... (အထက်နည်းအတိုင်း) |
| | ၃ | ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ |
| | | ဈာနေ ပရိဟီနေ | ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| | | **(၃) ကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ☸** |
| | ၁ | အရဟာ မဂ္ဂါ ဝုဋ္ဌဟိတွာ မဂ္ဂံ | ပစ္စဝေက္ခတိ။ |
| | ၂ | ပုဗ္ဗေ သုစိဏ္ဏာနိ | ပစ္စဝေက္ခတိ။ |
| | ၃ | ကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | ၄ | (၂) ကုသလစိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယဉာဏေန ၊ (၃) ဇာနာတိ။ |
| | ၅ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ ကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| | ၆ | ကုသလံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိ..၊ ဝိစိကိစ္ဆာ..၊ ဥဒ္ဓစ္စံ..၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| | ၇ | အာကာသာနဉ္စာယတနကုသလံ | ဝိညာဏဉ္စာယတနဝိပါကဿ စ ကိရိယဿ စ ☸ |
| | ၈ | အာကိဉ္စညာယတနကုသလံ | နေဝသညာနာသညာယတနဝိပါကဿ စ ကိရိယဿ စ ☸ |
| | ၉ | ကုသလာ ခန္ဓာ | စေတော..၊ ပုဗ္ဗေ..၊ ယထာ..၊ အနာဂတံ..၊ အာဝဇ္ဇနာယ ☸ |

အကုသလပဒ-၃

| | (၄) အကုသလော ဓမ္မော | အကုသလဿ ဓမ္မဿ ☸ |
|---|---|---|
| ၁ | ရာဂံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ၂ | ဒိဋ္ဌိံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ... (အထက်နည်းအတိုင်း) |
| ၃ | ဝိစိကိစ္ဆံ | အာရဗ္ဘ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ၄ | ဥဒ္ဓစ္စံ | အာရဗ္ဘ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ၅ | ဒေါမနဿံ | အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ။ |
| | **(၅) အကုသလော ဓမ္မော** | **ကုသလဿ ဓမ္မဿ ☸** |
| ၁ | သေက္ခာ ပဟီနေ ကိလေသေ | ပစ္စဝေက္ခန္တိ။ |
| ၂ | ဝိက္ခမ္ဘိတေ ကိလေသေ | ပစ္စဝေက္ခန္တိ။ |
| ၃ | ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ဇာနန္တိ။ |
| ၄ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| ၅ | (၂) အကုသလစိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယဉာဏေန<br>(၃) ဇာနန္တိ။ |
| ၆ | အကုသလာ ခန္ဓာ | စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ ☸ |
| | **(၆) အကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ☸** |
| ၁ | အရဟာ ပဟီနေ ကိလေသေ | ပစ္စဝေက္ခတိ။ |
| ၂ | ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ | ဇာနာတိ။ |
| ၃ | အကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| ၄ | (၂) အကုသလစိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယဉာဏေန<br>(၃) ဇာနာတိ။ |
| ၅ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ အကုသလံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ၊ ကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| ၆ | အကုသလံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။ |
| ၇ | အကုသလာ ခန္ဓာ | စေတောပရိယဉာဏဿ, ပုဗ္ဗေနိဝါသာနုဿတိဉာဏဿ, ယထာကမ္မူပဂဉာဏဿ, အနာဂတံသဉာဏဿ, အာဝဇ္ဇနာယ ☸ |

အဗျာကတဒုက-၄

| | | |
|---|---|---|
| | **(၇) အဗျာကတော ဓမ္မာ** | **အဗျာကတဿ ဓမ္မဿ ☸** |
| ၁ | အရဟာ ဖလံ | ပစ္စဝေက္ခတိ။ |
| ၂ | နိဗ္ဗာနံ | ပစ္စဝေက္ခတိ။ |
| ၃ | နိဗ္ဗာနံ | ဖလဿ, အာဝဇ္ဇနာယ ☸ |
| ၄ | အရဟာ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| ၄ | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိ..ပါကေ အဗျာကတေ ကိ..ယာဗျာကတေ ခန္ဓေ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| ၅ | ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿတိ။ |
| ၆ | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏာတိ။ |
| ၇ | (၂) ဝိ..ပါကဗျာကတ- ကိ..ယာဗျာကတစိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယညာဏေန (၃) ဇာနာတိ။ |
| ၈ | အာကာသာနဉ္စာယတနကိရိယံ | ဝိညာဏဉ္စာယတနကိရိယဿ ☸ |
| ၉ | အာကိဉ္စညာယတနကိရိယံ | နေဝသညာနာသညာယတနကိရိယဿ ☸ |
| ၁၀ | ရူပါယတနံ | စက္ခုဝိညာဏဿ ☸ |
| ၁၀ | သဒ္ဒါ../ဂန္ဓာ../ရသာ../ဖောဋ္ဌဗ္ဗာ.. | သောတ../ဃာန../ဇိဝှါ../ကာယဝိညာဏဿ ☸ |
| ၁၁ | အဗျာကတာ ခန္ဓာ | ဣဒ္ဓိဝိဓ..., စေတော..., ပုဗ္ဗေ..., အနာဂတံ... အာဝဇ္ဇနာယ ☸ |
| | **(၈) အဗျာကတော ဓမ္မော** | **ကုသလဿ ဓမ္မဿ ☸** |
| ၁ | သေက္ခာ ဖလံ | ပစ္စဝေက္ခန္တိ။ |
| ၂ | နိဗ္ဗာနံ | ပစ္စဝေက္ခန္တိ။ |
| ၃ | နိဗ္ဗာနံ | ဂေါတြဘုဿ ဝေါဒါနဿ မဂ္ဂဿ ☸ |
| ၄ | သေက္ခာ ဝါ ပုထုဇ္ဇနာ ဝါ စက္ခုံ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| ၄ | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိပါကာဗျာကတေ ကိရိယာဗျာကတေ ခန္ဓေ | အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| ၅ | ဒိဗ္ဗေန စက္ခုနာ ရူပံ | ပဿန္တိ။ |
| ၆ | ဒိဗ္ဗာယ သောတဓာတုယာ သဒ္ဒံ | သုဏန္တိ။ |
| ၇ | (၂) ဝိ..ပါကဗျာကတ- ကိ..ယာဗျာကတ စိတ္တသမင်္ဂိဿ စိတ္တံ | (၁) စေတောပရိယညာဏေန (၃) ဇာနန္တိ။ |
| ၈ | အဗျာကတာ ခန္ဓာ | ဣဒ္ဓိဝိဓ..., စေတော..., ပုဗ္ဗေ..., အနာဂတံ... ☸ |
| | **(၉) အဗျာကတော ဓမ္မော** | **အကုသလဿ ဓမ္မဿ ☸** |
| ၁ | စက္ခုံ | အဿာဒေတိ အဘိနန္ဒတိ၊ |
| ၁ | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ၊ ဒိဋ္ဌိဥပ္ပဇ္ဇတိ၊ ဝိစိကိစ္ဆာ ဥပ္ပဇ္ဇတိ၊ ဥဒ္ဓစ္စံ ဥပ္ပဇ္ဇတိ၊ ဒေါမနဿံ ဥပ္ပဇ္ဇတိ။ |
| ၂ | သောတံ၊ ဃာနံ၊ ဇိဝှံ၊ ကာယံ၊ ရူပေ၊ သဒ္ဒေ၊ ဂန္ဓေ၊ ရသေ၊ ဖောဋ္ဌဗ္ဗေ၊ ဝတ္ထုံ၊ ဝိ..ပါကေ အဗျာကတေ ကိ..ယာဗျာကတေ ခန္ဓေ | အဿာဒေတိ အဘိနန္ဒတိ၊ |
| ၂ | တံ | အာရဗ္ဘ ရာဂေါ ဥပ္ပဇ္ဇတိ ...(အထက်နည်းအတိုင်း) |

## အပိုင်း(၁၅)
## (အာရမ္မဏပစ္စည်း ကုသလပဒအဆက်)

#**ကု-အကု**

ဒီမှာတော့ အာရုံပိုင်းက ကုသိုလ်၊ အာရမ္မဏိကပိုင်းက အကုသိုလ်ပေါ့။ ကု-ကု သင်္ချာမှာ တုန်းက "ဒါ၊ ပုဗ်၊ ဈာ၊ မဂ်၊ ဝိ၊ ဘီ၊ အာ၊ ဘီ" လို့ မှတ်သားခဲ့ပါတယ်။ ဒီမှာကျတော့ "ဒါ၊ ပုဗ်၊ ဈာ" ၃ခုပဲ ရှိတော့တယ်။

ဟုတ်တာပေါ့ မဂ္ဂဝီထိနဲ့ အကုသိုလ်စိတ်နဲ့ ဘာမှ မပတ်သက်တာနော်။ ဘာဝနာဉာဏ် မှာလည်း အကုသိုလ် ဘာဝနာဉာဏ်ရယ်လို့ မရှိဘူး၊ ကုသိုလ်နဲ့ ကြိယာပဲ ရှိမယ်။ အကုသိုလ် အဘိညာဉ်ဆိုတာလည်း မရှိပါဘူး။ ဒါမို့ "မဂ်၊ ဝိ၊ ဘီ၊ အာ၊ ဘီ" ဆိုတဲ့ အပိုင်းတွေ ဒီသင်္ချာမှာ မပါတော့ဘူးပေါ့။

အကုသိုလ်စိတ်ပိုင်းမှာတော့ "ရာဂ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဒေါမနဿ" ဆိုပြီး ဟောပါ တယ်။ လောဘမူစိတ် ၈ပါးဖြစ်ကြောင်း "ရာဂ၊ ဒိဋ္ဌိ"နဲ့ ပြတယ်။ မောဟမူ ၂ပါးဖြစ်ကြောင်း "ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ"နဲ့ ပြတယ်။ ဒေါသမူ ၂ပါးကိုတော့ "ဒေါမနဿံ" နဲ့ ပြတယ်။

ထူးခြားတာ တစ်ခုက ဈာန်အပိုင်းမှာ "ဈာန်မှ ထပြီး ထိုဈာန်ကို အာရုံပြုကာ ဒေါမနဿ ဖြစ်တယ်"လို့ ဟောမထားတာပါပဲ။ ဟုတ်တာပေါ့ ဈာန်ဟာ အလွန် ချမ်းသာတာပဲမို့ မိမိဈာန်ကို ဒေါသဖြစ်စရာ ဘယ်ရှိပါ့မလဲ။ ရှိချင်းရှိ ဈာန်လျောတဲ့အခါပဲ ၎င်းမှာတော့ ဈာန်လျောလေပြီ ဆိုပြီး နှလုံးမသာမယာတဲ့ ဒေါသ ဖြစ်နိုင်မယ်။ ဒါ့ကြောင့် "ဈာနာ ဝုဋ္ဌဟိတွာ ဈာနံ အာရဗ္ဘ ဒေါမနဿံ ဥပ္ပဇ္ဇတိ" "ဈာန်မှ ထ၍ ထိုဈာန်ကို အာရုံပြုကာ ဒေါသဖြစ်၏" လို့ တိုက်ရိုက် မဟောတာပါ။ "ဈာနေပရိဟီနေ ဝိပ္ပဋိသာရိဿ ဒေါမနဿံ ဥပ္ပဇ္ဇတိ" "ပျောက်ဆုံးသွားတဲ့ ပရိဟီနဈာန်သည် ၎င်းတော့ဖြင့် ဈာန်လျှောလေပြီလို့ နှလုံးမသာဖြစ်သောသူအား ဒေါသဖြစ်စေတယ်"လို့ သီးသန့် ထုတ်ဟော ရပါတယ်။

#**ကု-ဗျာ**

ဒီသင်္ချာက ကုသိုလ်အာရုံနဲ့ ဝိပါက်/ကြိယာစတဲ့ အဗျာကတစိတ်ပါ။ ကုသိုလ်အာရုံကို ယူနိုင်တဲ့ ဝိပါက်တွေက တဒါရုံ ၁၁ပါးရယ်၊ ဝိညာနဉ္စာ ဝိပါက်၃၊ နေဝသညာ ဝိပါက်၃၊ ဒီဝိပါက် ၁၇ပါးပဲရှိပါမယ်။ ဒီစိတ်တွေဟာ အပိုဒ် (၅ ၆ ၇ ၈) ဒီ ၄ခုမှာ ဖြန့်ဝင်သွားတာ တွေ့ရတယ်။

ကုသိုလ်အာရုံကို ယူနိုင်တဲ့ ကြိယာတွေက မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ မဟာကြိ ၈၊ ရူပကြိ အဘိညာဉ် ၁၊ ဝိညာနဉ္စာ ကြိ ၃၊ နေဝသညာ ကြိ ၃၊ ပေါင်းရင် ဒီကြိယာစိတ် ၁၇ရှိပါတယ်။ အပိုဒ် (၅ ၆)ကလွဲလို ကျန်အပိုဒ်များထဲ ဖြန့်ဝင်ပါတယ်။ တစ်ခုသတိထားရန်မှာ ဟသိတုပ္ပါဒ် အတွက် သီးသန့် အနုဝါဒပါဠိတော် မဟောခဲ့ပါဘူး။

ကု-ကု မှာ "ဒါ၊ ပုဗ်၊ ဈာ၊ မဂ်၊ ဝိ၊ ဘီ၊ အာ၊ ဘီ" လို့ မှတ်သားခဲ့တယ်။ ကု-အကု မှာ "ဒါ၊ ပုဗ်၊ ဈာ၊" လို့ မှတ်ခဲ့တယ်။ ဒီ ကု-ဗျာ မှာတော့..."မဂ်၊ ပုဗ်၊ ဝိ၊ ဘီ၊ ရုံ၊ အာ၊ ဘီ၊ " လို့ မှတ်သားစေလို ပါတယ်။

ဒီသချိုမှာ "ဒါနံ ဒေတိ... စသည်" မပါတော့သလို "ဗျာနာ ဝုဋ္ဌဟိတွာ... စသည် " လည်း မပါတော့ဘူး။ ဘာလို့များ မပါတော့တာလည်း စဉ်းစားကြည့်ပါတယ်။ ဩော်... ဘုရား ရဟန္တာတွေဟာ အချိန်အားရှိသ၍ ဖြစ်နိုင်မယ် ဆိုရင် အရဟတ္တဖလသမာပတ်ကိုပဲ ဝင်စားချင်ကြမှာပဲလို့ သွားတွေးမိတယ်။ နတ်သုဒ္ဓါကြီး ရှိနေတာ ကြက်သားဟင်းလောက်က ဘာဟုတ်သေးတုန်းနော်။ ဟုတ်တာပေါ့ မြတ်စွာဘုရားဟာ ပရိသတ်တွေသာခုခေါ်နေချိန်မှာကို ဖလသမာပတ်ဝင်စားတယ်လို့လည်း မှတ်သားဖူးတယ်။ အဲ့ဒီတော့ ဈာန်ကို ဝင်စားလို့ မရလို့ မပါတော့တာမဟုတ်ဘူး၊ ပဓာနမဟုတ်လို့ မပါတာလို့ ဒီလိုပဲ သဘောကျမိပါတယ်။

အပိုဒ်(၅ ၆)မှာ တဒါရုံ အကြောင်းပါလာတယ်။ တဒါရုံဟာ မိမိရှေ့မှာ ကုသိုလ်ဇောပဲ ဖြစ်ဖြစ်၊ အကုသိုလ်ဇောပဲ ဖြစ်ဖြစ်၊ ကြိယာဇောပဲ ဖြစ်ဖြစ်၊ ဒီဇောတွေယူတဲ့ အာရုံကိုပဲ ထပ်ဆင့်ယူတယ်လို့ ပြလိုရင်း ဖြစ်ပါတယ်။ သို့သော် ကု အကု ဇောနဲ့ ပတ်သက်ပြီး ၂ပိုဒ်ဟောပေမဲ့ ကြိယာဇောနဲ့ ပတ်သက်ပြီး ဟောတာ မပါပါဘူး။ ဟောပါဆိုရင် "အရဟာ ကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ၊ ကြိယာဗျာကတေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ" လို့ ဟောရပါလိမ့်မယ်။ သို့သော် ကြိယာဇောနဲ့ တဒါရုံနဲ့ဟာ အဗျာကတဇာတ်ချင်း တူတူပဲမို့ ထူးပြီး မဟောခဲ့လေသလားလို့ မှတ်ယူပါတယ်။

နောက်ထပ် မှတ်သားစရာ တစ်ခုရှိသေးတယ်။ အပိုဒ်(၁)မှာ "အရဟာ မဂ္ဂါ... " စသဖြင့် "အရဟာ" ပါဠိကို ထည့်ဟောခြင်းဟာ ပစ္စယုပ္ပန်မှာ ဟောမဲ့ "ပစ္စဝေက္ခတိ"ကို ရဟန္တာရဲ့ ဆင်ခြင်ဉာဏ်ဖြစ်ကြောင်း ထင်ရှားစေလိုရင်း ဖြစ်ပါတယ်။ အပိုဒ် (၂ ၃ ၄)တွေမှာ "အရဟာ" ပါဠိမပါတော့ဘူး ဆိုသော်လည်း ပါပြီးသားဆိုတာ သိရပါမယ်။ ပုဂ္ဂိုလ် အပြောင်းအလဲ မဖြစ်မချင်း တစ်ပိုဒ်ဟောပြီးတာနဲ့ နောက်အပိုဒ်မှာ ထပ်မဟောပါဘူး။ အကယ်၍ တစ်ကြောင်းချင်း ထုတ်ဖို့ လိုအပ်ခဲ့ရင်...

"အရဟာ ပုဗ္ဗေ သုစိဏ္ဏာနိ ပစ္စဝေက္ခတိ။" စသဖြင့် "အရဟာ" ပုဒ်ကို ထည့်ယူသွားနိုင်ပါတယ်။

ကျန်သချိုများကို အပိုင်း၁၆တွင် ဆက်လက်ဖော်ပြပါမည်။ (ဇယားကို ရှေ့တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။)

29-4-2017

## အပိုင်း(၁၆)
## (အာရမ္မဏပစ္စည်း အကုသလပဒ)

**#အကု-အကု**

အကုသိုလ် အာရုံနဲ့ အကုသိုလ် အာရမ္မဏိက။ အကုသိုလ်အာရုံကို "ရာဂ၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ ဥဒ္ဓစ္စ၊ ဒေါမနဿ" ဆိုပြီး ၅မျိုးပြားပါတယ်။ အကုသိုလ်စိတ်ပိုင်းလည်း ထိုနည်းတူ ၅မျိုးပြားပါတယ်။

ထူးခြားချက် တစ်ခုပဲ ရှိပါတယ်။ ပထမ ၂ပိုဒ်မှာ "အဿာဒေတိ (သာယာသည်)" "အဘိနန္ဒတိ (အလွန် နှစ်သက်မြတ်နိုးသည်)" ဆိုတာပါပြီး နောက် ၃ပိုဒ်မှာ မပါပါဘူး။ ဘာလို့လဲဆိုရင် ဒီဝိသေသတွေဟာ နှစ်သက်ဖွယ်ဣဋ္ဌအာရုံအပေါ်မှာပဲ ဖြစ်သင့်တာကြောင့်မို့ပါ။ဒေါသတို့ မောဟတို့ဟာ အလေးအမြတ်ပြုအပ်တဲ့ ဣဋ္ဌအာရုံတွေ မဟုတ်ကြပါဘူး။ ဒေါသ မောဟတွေကို အာရုံပြုပြီး အလွန်နှစ်သက်မြတ်နိုးတဲ့ ရာဂ မဖြစ်နိုင်ဘူးလို့ မှတ်ယူရပါမယ်။ ဒါကြောင့်ပဲ အာရမ္မဏာဓိပတိနဲ့ အာရမ္မဏူပနိဿယမှာလည်း ဒီ ၃ပိုဒ်ကို ချန်လှပ်ပြီး ပထမနှစ်ပိုဒ်မျှသာ ဟောရပေတယ်။

**#အကု-ကု**

အကုသိုလ်အာရုံ ကုသိုလ်စိတ်။ ဒီသင်္ချာမှာတော့ အကုသိုလ်အာရုံပိုင်းကို ကိလေသာ ၃မျိုး ခွဲပြီး ဟောပါတယ်။

၁။ ပဟီနေ ကိလေသေ (ပယ်ပြီးတဲ့ ကိလေသာကို)

၂။ ဝိက္ခမ္ဘိတေ ကိလေသေ (မပယ်ရသေးတဲ့ ကိလေသာကို)

၃။ ပုဗ္ဗေ သမုဒါစိဏ္ဏေ ကိလေသေ (ရှေးက အလေ့အကျက် များခဲ့တဲ့ ကိလေသာကို)

အဲ့ဒီလို ၃မျိုး ခွဲဟောပါတယ်။ ဒီမှာလည်း "သေက္ခာ" ပုဒ်ဟာ အပိုဒ် ၂ ၃မှာ မပါပေမဲ့ ပါပြီးသားလို့ နားလည်ရပါမယ်။

အဘိညာဉ်မှာတစ်ခုပြောစရာကျန်နေပါတယ်။ ဣဒ္ဓိဝိဓဖြစ်တဲ့ တန်ခိုးအမျိုးမျိုး ဖန်ဆင်းတဲ့ အဘိညာဉ်ဟာ ပါဒကစျာန်နဲ့ နိမိတ္တရုပ် စတာတွေကိုပဲ အာရုံပြုနိုင်ပါတယ်။ ဒါကြောင့် သူရဲ့အာရုံထဲမှာ ကုသိုလ်နဲ့ အဗျာကတပဲရှိနိုင်တယ်၊ အကုသိုလ် ပါစရာ မရှိဘူး။ ပါဒကဆိုတာ အဘိညာဉ် ဝီထိမတိုင်မီ အခြေခံအားဖြင့် ဝင်စားရတဲ့ ရူပ ပဉ္စမစျာန်ကို ပြောတာပါပဲ။ ပုထုဇဉ်နဲ့ သေက္ခာပုဂ္ဂိုလ်တွေမှာ ကုသိုလ်အဘိညာဉ်ပဲ ရှိတာမို့ သူတို့ရဲ့ ပါဒကစျာန်က ရူပကုသိုလ် ပဉ္စမစျာန်ပေါ့။ ရဟန္တာအတွက် ပါဒကစျာန်က ရူပကြိယာ ပဉ္စမစျာန်ပေါ့။ ဒါ့ကြောင့် ဒီ အကု-ကု သင်္ချာမှာ ဣဒ္ဓိဝိဓ မရနိုင်ပါဘူး။

**#အကု-ဗျာ**

ဒီသင်္ချာမှာ ရဟန္တာပုဂ္ဂိုလ် ဖြစ်တာမို့ မပယ်အပ်သေးတဲ့ ကိလေသာ မရှိပါ။ ဒါ့ကြောင့် "ဝိက္ခမ္ဘိတေ ကိလေသေ" ဆိုတဲ့ တစ်ပိုဒ် ချန်လှပ်ခဲ့ရတာ နားလည်မယ် ထင်ပါတယ်။ အဗျာကတ

ပဒါဝသာနဖြစ်တဲ့အတွက် ကု-ဗျာ တုန်းကလိုပဲ တဒါရုံအကြောင်း အပိုဒ် ၅ ၆ ထည့်ဟောတာ သိလွယ်ပါပြီ။

ကြုံလို့ သဒ္ဒါအရ အနည်းအများ ပြောင်းတာလေး ပြောပါရစေ။ ပါဠိတော်မှာ "န္တိ" အဲ့လို အဆုံးသတ်ထားရင် အများကိန်းဆိုတာ အကြမ်းဖျင်း နားလည်ထားပေးပါ။ ဥပမာ... ပစ္စဝေက္ခတိ=ဆင်ခြင်သည်။ ပစ္စဝေက္ခန္တိ= ဆင်ခြင်ကြသည်။

ဝိပဿတိ =**သိဝ** နာရှု၏။ ဝိပဿန္တိ = ဝိပဿနာရှုကြ၏။

ဇာနာတိ = သိသည်။ ဇာနန္တိ = သိကြသည်။

ဥပ္ပဇ္ဇတိ= ဖြစ်သည်။ ဥပ္ပဇ္ဇန္တိ = ဖြစ်ကြသည်။

အကု-ဗျာ သင်္ချာဖြစ်၍ "အကု"တွင် ပါဒကစျာန်လည်းမရ ရုပ်ကိုလည်း မရသည်ဖြစ်၍ လက္ခဏဝိဒ အဘိညာဥ် ချန်လှပ်ခဲ့ကြောင်း နားလည် နိုင်ပါပြီ။ ကျန်သင်္ချာများကို အပိုင်း၁၇တွင် အပြီးရေးသား မျှဝေပါမည်။ (ဇယားကို ရှေ့တွင် ဖော်ပြ ခဲ့ပြီး ဖြစ်ပါသည်။)

သာဓုသာဓုသာဓု

1-5-2017

## အပိုင်း(၁၇)
## (အာရမ္မဏပစ္စည်း အဗျာကတပဒ)

အာရမ္မဏပစ္စည်းဟာ အရေးလည်းကြီး၊ များလည်းများတာမို့ ၄ပိုင်းခွဲပြီး ရေးခဲ့ရပါတယ်။ အခု နောက်ဆုံးပိုင်းဟာ အဗျာကတပဒဖြစ်တာမို့ အာရုံပိုင်းမှာ နိဗ္ဗာန်၊ ဖိုလ်၊ ရုပ်တရားများ ပါလာပြီဆိုတာ ကြို့တင် သတိပြုရပါမယ်။

၁။ ဖိုလ်အာရုံ

၂။ နိဗ္ဗာန်အာရုံ

၃။ စက္ခု သောတ ဃာန ဇိဝှါ ကာယ ဝတ္ထု(ဟဒယ) ဟူသည့် ဝတ္ထာရမ္မဏ၆ပါး

၄။ ရူပါရုံ သဒ္ဒါရုံ ဂန္ဓာရုံ ရသာရုံ ဖောဋ္ဌဗ္ဗာရုံ ဓမ္မာရုံ(ဝိပါကာဗျာကတ ကြိယာဗျာကတ ခန္ဓာ) ဟူသည့် အာရုံ၆ပါး

ဒါကိုပဲ အရကောက်ရင် စက္ခုမှ ဖောဋ္ဌဗ္ဗထိ ၁၀ခုကနေ ဩဠာရိကရုပ် ၁၂ပါးရပါတယ်၊ ဟဒယဝတ္ထုနဲ့ ပေါင်းရင် ရုပ် ၁၃ပါးပေ့ါ။ ဝိပါကာဗျာကတာ ကြိယာဗျာကတာ ခန္ဓာကတော့ ဝိပဿနာ ရှုအပ်တဲ့ လောကီဝိပါက်၃၂၊ ကြိယာ၂၀ရပါတယ်။

#**ဗျာ-ဗျာ**

ပစ္စယပွန် အဗျာကတမို့ အများစုသည် ရဟန္တာ အကြောင်းဆိုတာ သတိပြုပါ။ အပိုဒ် ၁ ၂ ၃ လွယ်ကူပါပြီ။ အပိုဒ် ၄ကလည်း ဝတ္ထာရမ္မဏ ၆ နဲ့ အာရုံ ၆ကို ပေါင်းပြီး ပြပါတယ်။

အပိုဒ် ၅သည် ဒိဗ္ဗစက္ခုဖြင့် ရူပါရုံကို မြင်ကြောင်း၊ ဒိဗ္ဗသောတဖြင့် သဒ္ဒါရုံကို ကြားကြောင်း ဟောပါတယ်။ ဒီ အဘိညာဉ် ၂ခုဟာ အဗျာကတဖြစ်တဲ့ ဒီအာရုံ ၂ခုကိုပဲ ယူနိုင်ပါတယ်။ ဒါမို့ ရှေးရှေးသော ကုသလပဒ၊ အကုသလပဒ တွေမှာ မပါခဲ့ပဲ အဗျာကတပဒကြမှ ပါလာရတာ နားလည်ရပါမယ်။ အပိုဒ် ၁၀မှာ ပဉ္စာရုံနဲ့ ပဉ္စဝိညာဏ်အပိုင်း ထပ်ပိုလာပါတယ်။

"ဖိုလ်၊ နိဗ်၊ ဝိ၊ ဘိ၊ အာ၊ ပဉ္စာ၊ ဘိ" လို့ ကျွန်တော်မှတ်ပါတယ်။

ဖိုလ်... အပိုဒ်၁
နိဗ်... အပိုဒ်၂ ၃
ဝိ..... အပိုဒ်၄ ဝိပဿနာ ဘာဝနာ
ဘိ... အပိုဒ် ၅ ၆ ၇
အာ... အပိုဒ် ၈ ၉
ပဉ္စ... အပိုဒ် ၁၀
ဘိ... အပိုဒ် ၁၁

မှတ်သားရန်မှာ "ကုသလံ/အကုသလံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿ      တိ"လို့ ဟောပေမဲ့ "အဗျာကတံ အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော ဝိပဿတိ" လို့ တစ်ကြောင်းတည်း ပေါင်းမဟောဘဲ အပိုဒ်၄မှာ ပြသလို ၁၂မျိုးပဲ ခွဲပြီး ဟောသွားပါတယ်။ (ထူးရာကို ပြလိုသည်က တစ်ကြောင်း၊ "အဗျာကတံ" လို့ ဟောပါက နိဗ္ဗာန်ပါ ပါသွားနိုင်သောကြောင့်ဟု ယူဆမိပါသည်။)

ယထာကမ္မုပဂ အဘိညာဉ်ကို အဗျာကတပဒမှာ မရနိုင်ပါ။ ဤအဘိညာဉ်ဟာ ကံတွေရဲ့ အကြောင်းကို သိတာဖြစ်ပြီး "အဗျာကတကံ" ရယ်လို့ မဆိုသာတာမို့ "အဗျာကတာ ခန္ဓာ ယထာကမ္မုပဂဉာဏာသ" လို့ ဟောလို့ မရနိုင်ပေ။ ချန်လှပ်ခဲ့ရပါသည်။

#ဗျာ-ကု

ဗျာ-ဗျာ သင်္ချာကနေ အပိုဒ်၈ ၉ ၁၀ကို ကြည့်လိုက်ရင် ဗျာ-ကု ရပါတယ်။ ကုသလ-ပဒါဝသာန ဖြစ်တာမို့ သေက္ခာနဲ့ ပုထုဇဉ်ရဲ့ အကြောင်းတွေဆိုတာ ကြိုတင် နားလည်ပေးပါ။ ဒါကြောင့်မို့ အများကိန်းအဖြစ် "တိ" တွေကနေ "န္တိ" တွေဆီ ပြောင်းသွားတာ တွေ့နိုင်ပါတယ်။

#ဗျာ-အကု

အကုသလပဒါဝသာန ဖြစ်တာမို့ "ဗျာ" ထဲမှာ ဖိုလ်တွေ နိဗ္ဗာန်တွေ ပါရန်မရှိတော့။ ရှေးမှာပြောခဲ့သလို စက္ခု အစရှိတဲ့ ၁၂မျိုးနဲ့ပဲ ဟောပါတယ်။ လွယ်ကူပါပြီ။

<u>အနှစ်ချုပ် မှတ်သားရန်</u>

၁။ ပစ္စယုပ္ပန်ကို ကြည့်၍ ပုဂ္ဂိုလ် မှန်းဆပါ။

၂။ ပုဂ္ဂိုလ်အရ အနည်းကိန်းအများကိန်းများ သတိပြုပါ။

၃။ ပါဒကစျာန်/ရုပ် စသည်တို့ပါမှ ဣဒ္ဓိဝိဒရမည်။

၄။ ကုသိုလ်/အကုသိုလ်ပဒ၌သာ ယထာကမ္မုပဂ ရမည်။

၅။ အကုသိုလ်ပစ္စယုပ္ပန်သည် ပုထုဇဉ်ကို ပဓာနပြုဟောသည်။

၆။ ကုသိုလ်ပစ္စယုပ္ပန်သည် သေက္ခာပုဂ္ဂိုလ် ပဓာနပြုဟောသည်။

၇။ အဗျာကတပစ္စယုပ္ပန်သည် ရဟန္တာ ပဓာနပြု ဟောသည်။

၈။ စတုတ္ထီဝိဘတ် ဖြစ်လေ့ရှိသော "ဿ" နှင့် အဆုံးသတ်ပါက "အာရမ္မဏပစ္စယေန ပစ္စယော" ထည့်ရွတ်ရလေ့ရှိသည်။ "တိ" / "န္တိ" အဆုံးသတ်ပါက ထည့်ရွတ်ရန်မလို။

၈။ အနုဝါဒသည် ထူးရာကိုသာ ထုတ်ဟောသည်မို့ "ဟသိတုပ္ပါဒ်၊ ပဥ္စဒွါရာဝဇ္ဇန်း၊ သမ္ပဋိစ္ဆိုင်း" စိတ်များနှင့် ၄င်းတို့၏ အာရုံများအကြောင်း မပါဝင်ပေ။ သို့သော် သို့လောသို့လော သံသယ မရှိပါနဲ့။ ဝိဓိပါဠိတော်ထဲ ပါပြီးဖြစ်တယ်လို့ ယုံကြည်မှတ်သား ရပါမယ်။

၉။ အရူပစျာန်များသည် ကု-ကု၊ ကု-ဗျာ၊ ဗျာ-ဗျာ သင်္ချာများ၌သာ ပါဝင်ပါမည်။ အဘယ်ကြောင့် ဆိုသော်..

| <u>(အာရုံ)</u> | <u>(အာရမ္မဏိက)</u> | <u>(အာရုံ)</u> | <u>(အာရမ္မဏိက)</u> |
|---|---|---|---|
| အာကာ ကု... > | ဝိညာ ကု/ဝိ/ကြိ | အာကိံ ကု ...> | နေဝ ကု/ဝိ/ကြိ |
| အာကာ ကြိ...> | ဝိညာ ကြိ | အာကိံ ကြိ...> | နေဝ ကြိ |
| အာကာဝိ.... > | ××မရှိ | အာကိံ ဝိ.....> | ××မရှိ |

အာရမ္မဏ ပစ္စည်းကို လေ့လာရတဲ့အတွက် အာရုံ၊ အာရမ္မဏိကရဲ့ သဘာဝကို သိရှိပြီး ဓမ္မမိတ်ဆွေများ၏ ကမ္မဋ္ဌာန်းကြီးပွားရန်အလို့ငှါ များစွာထောက်ပံ့ပါစေဟု မြတ်သောစေတနာ ဖြင့် ဆုတောင်းလိုက်ရပါသည်။ (ဇယားကို ရှေ့တွင် ဖော်ပြ ခဲ့ပြီး ဖြစ်ပါသည်။)

သာဓုသာဓုသာဓု **1-5-2017**

## အပိုင်း(၁၈)
## (ဥပနိဿယပစ္စည်း ကုသလပဒ)

ဥပနိဿယပြီးရင် ၂၄ပစ္စည်းစုံပြီ ဖြစ်ပါတယ်။ အခက်ဆုံးဖြစ်တဲ့ အတ္ထိ၊ အာရမ္မဏ၊ ဥပနိဿယ တွေကို နောက်ဆုံးမှာ ပြောခဲ့ရတာ အကြောင်းရှိပါတယ်။ ပဋ္ဌာန်းကို အရမ်းခက်တယ်လို့ ကြားဖူးနာဝရှိကြတဲ့အတိုင်း စစချင်း ဆောက်နဲ့ထွင်းသလို ဖြစ်ပြီး စိတ်ပျက်အားလျှော့သွားမှာ စိုးတဲ့အတွက် အလွယ်ဆုံးလေးတွေနဲ့ စတင်ခဲ့ပါတယ်။ ကျွန်တော့်ဆရာ ဆရာကြီး ဦးအုန်းကျော်ရဲ့ နည်းလမ်းအတိုင်းပဲဖြစ်ပါတယ်။ လွယ်တာလေးတွေရတဲ့အတွက် တဖြည်းဖြည်း စိတ်ပါလာပြီး ခက်တဲ့ပစ္စည်းတွေ ရောက်ခဲ့သည့်တိုင်အောင် ရှေးရှေးပစ္စည်းတွေမှာ ပဋ္ဌာန်း သဘာဝတွေ သိခဲ့ပြီမို့ အရမ်းကြီး မခက်ခဲသလို ဖြစ်ပါလိမ့်မယ်။

ဒီဥပနိဿယပစ္စည်းမှာ ၃မျိုးပါဝင်ပါတယ်။

၁။ မိမိရဲ့ပစ္စယုပ္ပန်အတွက် အာရုံလည်းဖြစ်၊ အားကြီးတဲ့မှီရာလည်း ဖြစ်တဲ့ **အာရမ္မဏူပနိဿယ**။

၂။ မိမိရဲ့ ပစ္စယုပ္ပန်ကို အခြားမဲ့ အနန္တရသတ္တိနဲ့လည်း ကျေးဇူးပြုတယ်၊ အားကြီးတဲ့မှီရာလည်း ဖြစ်တဲ့ **အနန္တရူပနိဿယ**။

၃။ မိမိရဲ့ပစ္စယုပ္ပန်အတွက် ပင်ကိုအားဖြင့် အားကြီးတဲ့မှီရာ ဖြစ်နေတဲ့ **ပကတူပနိဿယ**။

ဒီမှာတော့ ပကတူပနိဿယ တစ်ခုထဲကိုပဲ ရှင်းသွားပါမယ်။ အာရမ္မဏူပနိဿယဟာ အာရမ္မဏာဓိပတိနဲ့ အလုံးစုံတူပါတယ်၊ အနန္တရူပနိဿယဟာ အနန္တရ ပစ္စည်းနဲ့ အလုံးစုံ တူပါတယ်၊ ဒ့ါကြောင့် ဇယားကို ကျစ်ကျစ်လစ်လစ် ဖြစ်စေချင်တာမို့ ဒီနှစ်ခုကို ချန်လှပ်ခဲ့ပါတယ်။ သိလိုတယ်ဆိုရင် အာရမ္မဏာဓိပတိနဲ့ အနန္တရကို ပြန်ကြည့်စေလိုပါတယ်။

#**ကု-ကု**

ကုသိုလ်တရားသည် ကုသိုလ်တရားအား အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပါတယ်တဲ့။ ဒါက ဝိဓိပါဠိတော်ပါ။ အနုဝါဒပါဠိမှာတော့ အုပ်စု ၉စုခွဲပြီး ဟောတယ်လို့ မှတ်သားရပါမယ်။

**အုပ်စု ၁**။ သဒ္ဓါ သီလ သုတ စာဂ ပညာ ဆိုတဲ့ **ကုသိုလ်**သူတော်ကောင်းတရား ၅ပါးဟာ မိမိကိန်းရာပုဂ္ဂိုလ်ရဲ့ ဒါနပြုခြင်း၊ နိစ္စသီလ/ဥပုသ်သီလ ဆောက်တည်ခြင်း၊ ဈာန်ရရှိခြင်း၊ ဝိပဿနာဉာဏ် ဖြစ်ပေါ်ခြင်း၊ မဂ်ဉာဏ်ရရှိခြင်း၊ အဘိညာဉ် ရရှိခြင်း၊ သမာပတ် ဖြစ်ပေါ်ခြင်း ဟူသော ကုသိုလ်တရား ၈မျိုးတို့ကို အားကြီးသော မှီရာအဖြစ်ဖြင့် ကျေးဇူးပြုပါတယ်တဲ့။ (ဟိရိဩတပ္ပ မပြထားတာမို့ ၅ပါးဟုသာ ပြောခြင်းဖြစ်)။ (ဒါနံ ဒေတိ အစရှိတဲ့ ကုသိုလ်၈မျိုးကို အောင်ခြင်း၈ပါးဟု အတိုကောက် မှတ်ခဲ့ပါရန်)။ ဒီအုပ်စုကို အပြည့်ဟောရင် သူတော်တရား တစ်ပါးစီအတွက် ပါဠိတော် တစ်ကြောင်းစီ ထွက်ရပါမယ်။ မြတ်စွာဘုရား ဟောတဲ့အတိုင်း အပြည့်ပူဇော်ချင်တယ် ဆိုရင်တော့ ပေယျာလတွေ စက်လှည့်တာတွေကို အကုန်ဖော်ပြီး ပူဇော် ရပါလိမ့်မယ်။

**အုပ်စု ၂။** အုပ်စု၂လို ဟောပုံလေးက သင်္ချာတိုင်းမှာ ပါပါတယ်။ အားလုံးပေါင်းပြီး တစ်ကြောင်းတည်းနဲ့ အနားသတ်လိုက်တဲ့ ပုံစံလေးပါ။ သူတော်တရား ၅ပါးက သူတော်တရား ၅ပါးကို ကျေးဇူးပြုပါတယ်တဲ့။ **အုပ်စု**-၁သည် အစိတ်အစိတ်၊ **အုပ်စု**-၂သည် အပေါင်း။ နောက်မှာ လာမဲ့ သင်္ချာတွေမှာလည်း ဒီလိုပဲ အစိတ်တစ်ချက် အပေါင်းတစ်ချက် ဟောပါတယ်။

**အုပ်စု ၃။** ဒီအုပ်စုက ဈာန် ၈မျိုးနဲ့ သူတို့ရဲ့ ပရိကံတွေနဲ့ ဆက်စပ်မှုကို ပြထားတာ ဖြစ်ပါတယ်။ ဈာန်တို့ မဂ်တို့လိုမျိုး အပ္ပနာဇောတွေဟာ ခရီးသွားဟန်လွဲ ဖြစ်ရိုးမရှိဘူး။ ပရိကံ ပြုရတယ်၊ ရှိရတယ်။ ပရိကံမရှိဘဲ မဖြစ်ဘူး။ ဒါ့ကြောင့် ဆိုင်ရာပရိကံဟာ ဆိုင်ရာဈာန်ကို အားကြီးစွာ ကျေးဇူးပြုကြောင်း ဒီအုပ်စုမှာ ဟောပါတယ်။

**အုပ်စု ၄။** ဆိုင်ရာဈာန်တွေဟာ မိမိရဲ့ တစ်ဆင့်မြင့်တဲ့ ဈာန်ကို အားကြီးစွာ ကျေးဇူးပြုပါ တယ်တဲ့။ ဒီအုပ်စုက ဈာန်အချင်းချင်း ကျေးဇူးပြုတာပါ။ လွယ်ကူပြီ။

**အုပ်စု ၅။** အဘိညာဉ် ၇ပါးနဲ့ သူတို့ရဲ့ ပရိကံများ ဆက်စပ်မှုပါ။ ဈာန်နဲ့ သဘောတူပြီ။

**အုပ်စု ၆။** အဘိညာဉ် ၇ပါးဟာ မိမိရဲ့တစ်ဆင့်မြင့်အဘိညာဉ်ကို ကျေးဇူးပြုပုံ။ လွယ်ကူပြီ။

**အုပ်စု ၇။** မဂ် ၄ပါးနဲ့ ၎င်းတို့၏ ပရိကံ။ လွယ်ပြီ။

**အုပ်စု ၈။** မဂ် ၄ပါးဟာ တစ်ဆင့်မြင့်မဂ်ကို ကျေးဇူးပြုပုံ။ လွယ်ပြီ။

**အုပ်စု ၉။** သေက္ခပုဂ္ဂိုလ်တွေဟာ မိမိရဲ့မဂ်ကိုမှီပြီး မဖြစ်ရသေးတဲ့ သမာပတ်တွေ ဖြစ်ပေါ် စေတယ်၊ ဖြစ်ပြီးတဲ့ သမာပတ်တွေ ပွားများစေတယ်၊ သင်္ခါရတို့အပေါ် ဝိပဿနာရှုပါတယ်တဲ့။ နောက်တစ်ပိုင်းက မဂ်သည် ပဋိသမ္ဘိဒါ ၄ပါးနှင့် ဌာနာဌာနကောသလ္လဉာဏ်ကို အားကြီးတဲ့ မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုပါတယ်တဲ့။

သတိပြုစရာလေးတစ်ခုက ပုထုဇဉ်တွေသည် အထူးထူးသော အဘိညာဉ်များ ရနိုင် သော်လည်း ပဋိသမ္ဘိဒါတော့ မရနိုင်ဘူးလို့ တွေ့ရပါတယ်။

ကြုံလို့ သမာပတ်လေး အနည်းငယ် ပြောပါရစေ။ ဈာနသမာပတ်၊ ဖလသမာပတ်၊ နိရောဓသမာပတ် ဆိုပြီး သမာပတ် ၃မျိုး ရှိပါတယ်။ ဈာနသမာပတ်က ကုသိုလ်/ကြိယာ ၂မျိုး ရှိနိုင်ပါတယ်။ ဖလသမာပတ်က ဝိပါက်ပဲ ရှိပါမယ်။ နိရောဓသမာပတ်ကတော့ စိတ်စေတသိက် ချုပ်ငြိမ်းနေတာမို့ ကုသိုလ် အကုသိုလ် အဗျာကတရယ်လို့ မဆိုနိုင်ပါဘူး။

အဲ့ဒီတော့ ဒီသင်္ချာကို အနှစ်ချုပ်ရရင် ၁ ၂သည် သူတော်တရား ၅ပါး၊ အပိုဒ် ၃ ၄သည် လောကီဈာန် ၈ပါး၊ ၅ ၆သည် အဘိညာဉ် ၇ပါး၊ ၇ ၈ ၉သည် အောက်မဂ် ၃ပါး ဖြစ်ကြပါတယ်။

ဆက်လက်ရေးသားပါမည်။

သာဓုသာဓုသာဓု
3-5-2017

# ဥပနိဿယပစ္စည်း

သချာ(နဝ) (⊛ = ဥပနိဿယပစ္စယေန ပစ္စယော။)

| မှတ်ချက် | | ပဒ [ပစ္စည်း(ကတ္တား)] | ပဒါဝသာန [ပစ္စယုပ္ပန်(သမ္ပဒါန်)] |
|---|---|---|---|
| | | (၁) ကုသလော ဓမ္မော | ကုသလဿ ဓမ္မဿ ⊛ |
| | | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ ကု-ကု သချာအတိုင်း) | |
| | | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ ကု-ကု သချာအတိုင်း) | |
| | | ပကတူပနိဿယော - | |
| ကုသလပဒ-၉ | ၁ | သဒ္ဓံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ (အောင်ခြင်းစပါးဟုမှတ်သားထားရန်) |
| | | သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊.. (အောင်ခြင်းစပါး) |
| | ၂ | သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ | သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ⊛ |
| | ၃ | ပဌမဿ ဈာနဿ ပရိကမ္မံ | ပဌမဿ ဈာနဿ ⊛ |
| | | ဒုတိယဿ...၊ တတိယဿ...၊ စတုတ္ထဿ ဈာနဿ ပရိကမ္မံ | ဒုတိယဿ ...၊ တတိယဿ...၊ စတုတ္ထဿ ဈာနဿ ⊛ |
| | | အာကာ...၊ဝိညာ...၊အာကိဉ္စညာ...၊ နေဝ... ဈာနဿ ပရိကမ္မံ | အာကာ...၊ဝိညာ...၊အာကိဉ္စညာ...၊ နေဝသညာနာသညာ-ယတနဿ ⊛ |
| | ၄ | ပဌမံ ဈာနံ | ဒုတိယဿ ဈာနဿ ⊛ |
| | | ဒု...၊ တ...၊ စ...၊ အာကာ...၊ ဝိညာ...၊ အာကိဉ္စညာယတနံ | တ...၊ စ...၊ အာကာ...၊ ဝိညာ...၊ အာကိဉ္စညာ...၊ နေဝသညာနာသညာယတနဿ ⊛ |
| | ၅ | ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ | ဒိဗ္ဗဿ စက္ခုဿ ⊛ |
| | | ဒိဗ္ဗာယ သော...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာ... ပရိကမ္မံ | ဒိဗ္ဗာယ သော...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာဂတံသညာဏဿ ⊛ |
| | ၆ | ဒိဗ္ဗစက္ခု | ဒိဗ္ဗာယ သောတဓာတုယာ ⊛ |
| | | ဒိဗ္ဗသောတ...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာကမ္မူပဂညာဏံ | ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာဂတံသ-ညာဏဿ ⊛ |
| | ၇ | ပဌမဿ မဂ္ဂဿ ပရိကမ္မံ | ပထမဿ မဂ္ဂဿ ⊛ |
| | | ဒု...၊ တ...၊ စ... မဂ္ဂဿ ပရိကမ္မံ | ဒု...၊ တ...၊ စ... မဂ္ဂဿ ⊛ |
| | ၈ | ပဌမော မဂ္ဂေါ၊ ဒု...၊ တ... မဂ္ဂေါ | ဒုတိယဿ မဂ္ဂဿ၊ တ...၊ စ... မဂ္ဂဿ ⊛ |
| | ၉ | သေက္ခာ မဂ္ဂံ ဥပနိဿာယ | အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | | မဂ္ဂေါ | သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ဓမ္မ...၊ နိရုတ္တိ...၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ ⊛ |

## အပိုင်း(၁၉)
## (ဥပနိဿယပစ္စည်း ကုသလပဒအဆက်)

**#ကု-အကု**

ရှေးသင်္ချာလိုပဲ အစိတ်တစ်ချက်၊ အပေါင်းတစ်ချက် ဟောပါတယ်။ အပိုဒ် ၁မှာက သူတော်တရား ၅ပါးကို မှီပြီး မာနဖြစ်တယ်၊ ဒိဋ္ဌိဖြစ်တယ်တဲ့။ မာနဒိဋ္ဌိဆိုတော့ လောဘမူစိတ် တွေပေါ့။ အလွန်သတိထားစရာ ကောင်းလှပါတယ်။

(သဒ္ဓါ သီလ သုတ စာဂ ပညာတွေကြောင့် မာန ဒိဋ္ဌိဖြစ်ရတာ အနည်းငယ် ပြပါရစေ။ အထူးသဖြင့် ကျွန်တော်တို့လို အဘိဓမ္မာ လေ့လာနေတဲ့သူများဟာ "သုတံ ဥပနိဿာယ မာနံ ဇပ္ပေတိ" (သုတကို အားကြီးစွာမှီ၍ မာနသည်ဖြစ်၏)ဆိုတဲ့ ပါဠိတော်နဲ့ ငြိနေတတ်ပါတယ်။ ကိုယ်က ဘယ်ပရိယတ် စာမေးပွဲတွေ အောင်ပြီ၊ သုတဘယ်လောက်ရှိပြီ ဆိုပြီး ထောင်လွှားနေ တတ်တယ်။ ကိုယ့်လောက် မသိတဲ့ မိတ်ဆွေတွေကို သနားသလိုလိုနဲ့ တကယ်မှာတော့ မာနတွေ ဖြစ်ပေါ်နေတတ်ပါတယ်။ အဘိဓမ္မာ မလေ့လာဖူးဘဲ တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေကိုလည်း အထင်သေးနေတတ်တယ်။ ဒါဟာ သုတကြောင့် မာနတွေ ဖြစ်ပေါ်နေတာပါပဲ။ ကု-ကု မှာတုန်းက "သုတံ ဥပနိဿာယ မဂ္ဂံ ဥပ္ပါဒေတိ" လို့ တွေ့ခဲ့တယ်၊ ကု-အကု ရောက်တော့ "သုတံ ဥပနိဿာယ မာနံ ဇပ္ပေတိ"လို့ တွေ့ပြန်တယ်။ ဒီနှစ်ခုကြားက အဓိကသော့ချက်ဟာ နှလုံးသွင်း မှန်ခြင်း မမှန်ခြင်းပဲ ဆိုတာ သံဝေဂယူမိပါတယ်။ မှန်တဲ့သူက သုတကြောင့် ကောင်းတာတွေ ဖြစ်မယ်၊ မဂ်ဉာဏ်အထိ ကျေးဇူးပြုမယ်၊ မမှန်တဲ့သူကတော့ သုတတွေများလေလေ မာနတွေ ကြီးလေလေ ဖြစ်နေပါလိမ့်မယ်။ ဤကား စကားချပ်။)

အပိုဒ်၂မှာ ပေါင်းပြီး အနားသတ်ပါတယ်။ သူတော်တရား၅ပါးက နှလုံးသွင်း မမှန်သူအဖို့ "ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ" ဆိုတဲ့ အကုသိုလ်၆မျိုး ဖြစ်စေပါတယ်တဲ့။ အကုသိုလ်နဲ့ ပတ်သက်ပြီး အပေါင်းဟောတိုင်း (အနားသတ်တိုင်း) ဒီ ၆မျိုးနဲ့ ဟောပါတယ်။ "ရာဂအပေါင်း၆"လို့ မှတ်ထားပေးပါ။

**#ကု-ဗျာ**

အပိုဒ်(၁)သည် သူတော်တရား ၅ပါးကိုမှီပြီး ဒုက္ခသဟဂုတ် ကာယဝိညာဏ်စိတ် ဖြစ် ကြောင်းကို ဟောပါတယ်။ "အတ္တာနံ အာတာပေတိ" မိမိကိုယ်ကို ပူပန်စေ၏၊ "ပရိတာပေတိ" ထက်ဝန်းကျင်မှ ပူပန်စေ၏၊ "ပရိယိဋ္ဌိမူလကံ ဒုက္ခံ ပစ္စနုဘောတိ" ရှာမှီးခြင်းလျှင် အရင်းရှိသော ဆင်းရဲကို ခံစား၏။ ဒါတွေကို အရကောက်ရင် ဒုက္ခသဟဂုတ် ကာယဝိညာဏ်ကိုပဲ ရပါတယ်။

မြတ်စွာဘုရားဟာ သဒ္ဓါ အစရှိတဲ့ တရားတွေကို မှီပြီး ဒုက္ခ ခံစားရတာကို ဘာလို့များ အထူးတလည် ပြောပါလိမ့်လို့ အရင်က အတွေးပေါ်ဖူးပါတယ်။ ဥပမာ တစ်ခုပြောရရင် ဘုရား အလောင်းလို သူတော်ကောင်း ပုဂ္ဂိုလ်တွေဟာ သဒ္ဓါကြီးလွန်းတာမို့ အသက်၊ ခြေလက်အင်္ဂါ စသဖြင့် အင်မတန်စွန့်နိုင်ခဲ့တာတွေကိုပါ စွန့်လှူတာမို့ ကာယိကဒုက္ခကို ခံစားကြရပါတယ်။ ကျွန်တော်တို့လည်း ဒီလိုပဲ၊ တစ်ခါလောက်များ ဥပုသ်ယူရင် ဗိုက်က တယ်နိုပ်စက်တယ်။

အဲ့ဒီတော့ သဒ္ဒါတရားကြောင့် ပူပန်ရတာတွေ ကိုယ်ဆင်းရဲမှုတွေကို ကြုံရရင် ဒါဟာ သူတော်ကောင်းတွေ ကြုံရမြဲပဲ၊ ချီးကျူးထိုက်တဲ့ ကိစ္စပဲ၊ ဘယ်လို ဆင်းရဲကြုံရကြုံရ သူတော်တရားတွေကို မစွန့်လွှတ်အပ်ဘူးလို့ အထူးပြုဟောကြား လေသလားရယ်လို့ မှတ်ယူမိပါတယ်။

အပိုဒ်(၂)မှာ သူတော်တရား ၅ပါးဟာ သုခ ဒုက္ခ ဖလသမာပတ်တို့ကို ကျေးဇူးပြုကြောင်း အနားသတ် အပေါင်းဟောပါတယ်။

အပိုဒ်(၃)မှာ ကုသိုလ်ဟာ ကုသလဝိပါက်တွေအတွက် အားကြီးသော မှီရာဖြစ်ကြောင်း ဟောပါတယ်။

အပိုဒ်(၄)မှာ ကု-ကု တုန်းက အပိုဒ် ၉နဲ့ သဘောတူပါတယ်။ ဒီမှာကတော့ ရဟန္တာအတွက်ပေါ့။ ဒါမို့ သမာပတ်မှာ "ကိရိယာသမာပတ်"လို့ ထည့်ဟောပါတယ်။

အပိုဒ်(၅)မှာ သောတာပတ္တိမဂ် မဖြစ်ခဲ့ပဲ သောတာပတ္တိ ဖလသမာပတ် ဘယ်ဖြစ်မှာလဲနော်။ ဒ့ါကြောင့် ဆိုင်ရာ မဂ်ဟာ ဆိုင်ရာ ဖလသမာပတ်အတွက် အားကြီးတဲ့ မှီရာပဲပေါ့။

ဆက်လက်ရေးသားပါမည်။
3-5-2017

# ဥပနိဿယပစ္စည်း

သင်္ချာ(နဝ) (☸ = ဥပနိဿယပစ္စယေန ပစ္စယော။)

| | (၁) ကုသလော ဓမ္မော | ကုသလဿ ဓမ္မဿ ☸ |
|---|---|---|
| | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ ကု-ကု သင်္ချာအတိုင်း) | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ ကု-ကု သင်္ချာအတိုင်း) | |
| | ပကတူပနိဿယော - | |
| ၁ | သဒ္ဓံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ၊ ဈာနံ ဥပ္ပါဒေတိ၊ ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။ (အောင်ခြင်းစပါးဟုမှတ်သားထားရန်) |
| | သီလံ၊ သုတံ၊ စာဂံ၊ ပညံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊.. (အောင်ခြင်းစပါး) |
| ၂ | သဒ္ဓါ၊ သီလံ၊ သုတံ၊ စာဂေါ၊ ပညာ | သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ☸ |
| ၃ | ပဌမဿ ဈာနဿ ပရိကမ္မံ | ပဌမဿ ဈာနဿ ☸ |
| | ဒုတိယဿ...၊ တတိယဿ...၊ စတုတ္ထဿ ဈာနဿ ပရိကမ္မံ | ဒုတိယဿ ...၊ တတိယဿ...၊ စတုတ္ထဿ ဈာနဿ ☸ |
| | အာကာ...၊ဝိညာ...၊အာကိဉ္စညာ...၊ နေဝ... ဈာနဿ ပရိကမ္မံ | အာကာ...၊ဝိညာ...၊အာကိဉ္စညာ...၊ နေဝသညာနာသညာ-ယတနဿ ☸ |
| ၄ | ပဌမံ ဈာနံ | ဒုတိယဿ ဈာနဿ ☸ |
| | ဒု...၊ တ...၊ စ...၊ အာကာ...၊ ဝိညာ...၊ အာကိဉ္စညာယတနံ | တ...၊ စ...၊ အာကာ...၊ ဝိညာ...၊ အာကိဉ္စညာ...၊ နေဝသညာနာသညာယတနဿ ☸ |
| ၅ | ဒိဗ္ဗဿ စက္ခုဿ ပရိကမ္မံ | ဒိဗ္ဗဿ စက္ခုဿ ☸ |
| | ဒိဗ္ဗာယ သော...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာ... ပရိကမ္မံ | ဒိဗ္ဗာယ သော...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာဂတံသညာဏဿ ☸ |
| ၆ | ဒိဗ္ဗစက္ခု | ဒိဗ္ဗာယ သောတဓာတုယာ ☸ |
| | ဒိဗ္ဗသောတ...၊ ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာကမ္မုပဂညာဏံ | ဣဒ္ဓိ ...၊ စေတော...၊ ပုဗ္ဗေ ...၊ ယထာ...၊ အနာဂတံသ-ညာဏဿ ☸ |
| ၇ | ပဌမဿ မဂ္ဂဿ ပရိကမ္မံ | ပဌမဿ မဂ္ဂဿ ☸ |
| | ဒု...၊ တ...၊ စ... မဂ္ဂဿ ပရိကမ္မံ | ဒု...၊ တ...၊ စ... မဂ္ဂဿ ☸ |
| ၈ | ပဌမော မဂ္ဂေါ၊ ဒု...၊ တ... မဂ္ဂေါ | ဒုတိယဿ မဂ္ဂဿ၊ တ...၊ စ... မဂ္ဂဿ ☸ |
| ၉ | သေက္ခာ မဂ္ဂံ ဥပနိဿာယ | အနုပ္ပန္နံ သမာပတ္တိံ ဥပ္ပါဒေန္တိ၊ ဥပ္ပန္နံ သမာပဇ္ဇန္တိ၊ သင်္ခါရေ အနိစ္စတော၊ ဒုက္ခတော အနတ္တတော ဝိပဿန္တိ။ |
| | မဂ္ဂေါ | သေက္ခာနံ အတ္ထပ္ပဋိသမ္ဘိဒါယ၊ ဓမ္မ...၊ နိရုတ္တိ...၊ ပဋိဘာနပ္ပဋိသမ္ဘိဒါယ၊ ဌာနာဌာနကောသလ္လဿ ☸ |

## အပိုင်း(၂၀)
## (ဥပနိဿယပစ္စည်း အကုသလပဒ)

**#အကု-အကု**

အကုသိုလ် ပဒဆိုတာနဲ့ "ရာဂအပေါင်း၆" လာပြီ။ ပစ္စယုပ္ပန်ဘက်က အကုသိုလ် ၁၈မျိုး ခွဲဟောပါတယ်။ ၁၈မျိုးဆိုတော့ မှတ်ရတာ အနည်းငယ် ခက်ခဲနိုင်ပါတယ်။ ၂-၄-၄-၃-၅ဆိုပြီး မှတ်သင့်ပါတယ်။

''၂''က ပါဏံဟနတိ သူ့အသက်သတ်ခြင်းနဲ့၊ အဒိန္နံ အာဒိယတိ သူ့ဥစ္စာခိုးယူခြင်း ဖြစ်လို့ ကာယဒုစရိုက် ၂ပါးပေ့ါ။

"**၄**"က ဝစီဒုစရိုက် ၄ပါး။

နောက်ထပ် ''**၄**''က သန္ဓိံ ဆိန္ဒတိ (ခြံစည်းရိုးကို ဖျက်ပြီး ခိုးတယ်)၊ နိလ္လောပံ ဟရတိ (ပုန်းကွယ်ပြီး ခိုးတယ်)၊ ဧကာဂါရိကံ ကရောတိ (တစ်အိမ်တည်းကို ဝိုင်းရံ လုယက်တယ်)၊ ပရိပန္ထေ တိဋ္ဌတိ (လမ်းဆုံလမ်းမမှာ ရပ်ပြီး လုယက် ခိုးယူတယ်)။ အဲ့ဒီတော့ ဒီ၄ခုကို ခိုးဆိုးလုယှက်၄လို့ မှတ်သားထားမယ်။

"**၃**"က ပရဒါရံ ဂစ္ဆတိ (သူတစ်ပါးမယားကို ပြစ်မှား ဖျက်ဆီးတယ်)၊ ဂါမဃာတံ ကရောတိ (ရွာကို ဖျက်ဆီးတယ်)၊ နိဂမဃာတံ ကရောတိ (နိဂုံးကို ဖျက်ဆီးတယ်)။ ဒီနေရာမှာ "ပရ" ဆိုတာ သူတစ်ပါး၊ "ဒါရ" ဆိုတာ မယား။ "ဂါမ"ဆိုတာ ရွာ၊ "နိဂမ" ဆိုတာ နိဂုံး။ ပါဠိအစိမ်းတွေမို့ ဒါလေးတွေ မှတ်သားစေချင်ပါတယ်။ အဲ့ဒီတော့ ဒီအုပ်စုကို ဖျက်ဆီးခြင်း ၃ခုလို့ မှတ်သားပါမယ်။

"၅"ကတော့ ပဉ္စာနန္တရိယကံ ၅ပါးမို့ ထူးပြီး ရှင်းရန် မလိုပြီ။

အကုသိုလ် ၁၈မျိုးကို ပြန်ကောက်ရင် ကာယဒုစရိုက် ၂၊ ဝစီဒုစရိုက် ၄၊ ခိုးဆိုးလုယှက် ၄၊ ဖျက်ဆီးခြင်း ၃၊ အနန္တရိယကံ ၅၊ စုစုပေါင်း ၁၈ ဖြစ်ပါတယ်။

**အုပ်စု ၁။** "ရာဂအပေါင်း၆"သည် အကုသိုလ် ၁၈အား ကျေးဇူးပြုကြောင်း အစိတ်အစိတ် ဟောပါတယ်။ ရာဂအတွက် ၁၈၊ ဒေါသအတွက် ၁၈၊ မောဟအတွက် ၁၈ စသဖြင့် အဲ့ဒီလို စိတ်ပြီး ဟောရမှာပါ။

**အုပ်စု ၂။** အပေါင်းဟောနည်း ဖြစ်ပါတယ်။ "ရာဂအပေါင်း၆"သည် "ရာဂအပေါင်း၆"အား ကျေးဇူးပြုကြောင်း တစ်ချက်တည်း ပေါင်းဟောပါတယ်။

**အုပ်စု ၃။** ပစ္စည်း ပစ္စယုပ္ပန် ၂ခုလုံး ဒုစရိုက် ၁၀ပါး ဖြစ်ကြပါတယ်။ တစ်ပါးသော ဒုစရိုက်ဟာ နောင်မှာ ၁၀ပါးသော ဒုစရိုက်တွေ ကျူးလွန်မိစေဖို့ အားကြီးသော မှီရာပါတဲ့။ ဒုစရိုက် တစ်ပါးစီမှာ ၁၀ပါးစီ ပြားနိုင်တာမို့ ဘုရားဟောအတိုင်း ပူဇော်ချင်ရင် ဒီအုပ်စုတစ်ခုထဲ စာကြောင်း ၁၀၀ထွက်လာပါမယ်။ (အဆက်ဆက်သော ဆရာတော်ကြီးများက ပဋ္ဌာန်းတစ်ခု လုံးကို စာအုပ်၅အုပ်ထဲနဲ့ ခြုံငုံမိအောင် မှတ်တမ်းတင်ထားတာမို့ စက်လှည့်ရတာတွေ ပေယျာလ တွေ အသုံးပြုကြရပါတယ်။ အဲ့ဒီလိုသာ မလုပ်ခဲ့ရင် စာအုပ်ပေါင်း ၁၃သန်းလောက် ထွက်လာပါ လိမ့်မယ်။)

စက်လှည့်ပုံလေး ပြောပါရစေ။ ABCD ရှိတယ် ဆိုပါစို့။ Aအတွက် AA AB AC AD ၄ခုထွက်လာမယ်။ Bအတွက် BB BC BD BA ဆိုပြီးထွက်မယ်။ ဆိုလိုတာက မျိုးတူရာ အရင်လာတယ်၊ အစဉ်လိုက် လှည်သွားတယ်၊ ပြီးရင် မိမိ မတိုင်မီ တစ်ခုနဲ့ ပိတ်တယ်။ Cအတွက် CC CD CA CB။ Dအတွက် DD DA DB DC။ ဒါလေးနားလည်ရင် စက်လှည့်ပုံ သိပါပြီ။

ဒုစရိုက်၁၀ပါးမှာ ရှေးဆုံးနဲ့ နောက်ပိတ်ကို အပြည့်ပြထားပြီး အလည်က ၈ခုကို ပေယျာလထိုးသွားတာ နားလည်မယ် ထင်ပါတယ်။

**အုပ်စု၄။** အနန္တရိယကံ ၅ပါးနဲ့ နိယတမိစ္ဆာဒိဋ္ဌိကို ရှေးနည်းအတိုင်း စက်လှည့်ပါ။လွယ်ပြီ။

**#အကု-ကု**

သဘောသွားကို သိရင် သိပ်မခက်တော့ပါဘူး။

**အပိုဒ်၁။** "ရာဂအပေါင်း၆"သည် "အောင်ခြင်း၈ပါး"အား ကျေးဇူးပြုကြောင်း အစိတ်-အစိတ် ဟောပါတယ်။

**အပိုဒ်၂။** အနားသတ် အပေါင်းဟောပါတယ်။ ကုသိုလ်နဲ့ ပတ်သက်ရင် အနားသတ်တိုင်း "သူတော်တရား၅ပါး" ပါပဲ။ အကုသိုလ်ဆို "ရာဂအပေါင်း၆"ပဲ။ ဥပမာ အနားသတ်များ....

| | **ပစ္စည်း** | **ပစ္စယုပ္ပန်** | |
|---|---|---|---|
| ကု ကု... ဆိုရင် | "သူတော်၅" | "သူတော်၅" | |
| ကု အကု..ဆိုရင် | "သူတော်၅" | "ရာဂ၆" | |
| အကု အကု..ဆိုရင် | "ရာဂ၆" | "ရာဂ၆" | |
| အကု ကု... ဆိုရင် | "ရာဂ၆" | "သူတော်၅" | ဒီသဘောလေးပါပဲ။ |

**အပိုဒ်၃။** အကုသိုလ် ၁၈ပါးသည် အောင်ခြင်း ၈ပါးကို ကျေးဇူးပြုကြောင်း ပြပါတယ်။ အကုသိုလ်ကို အကုသိုလ်မှန်းသိပြီး ဒီအပြစ်ကို ပြေပျောက်စေလိုတဲ့ အတွက် အောင်ခြင်း၈ပါးကို ပြုကြတဲ့အကြောင်း ဟောတာဖြစ်ပါတယ်။

(မှတ်သားလိုက်နာရမဲ့ အပိုဒ်ဖြစ်ပါတယ်။ နမူနာ... ပါဏံ ဟန္တွာ (သူတစ်ပါး အသက်ကို သတ်၍) တဿ (ထိုစေတနာ၏ အကျိုးပေးကို) ပဋိဃာတတ္ထာယ (ဖျောက်ခြင်းငှါ) ဒါနံ ဒေတိ (ဒါန ပြုသည်) ... စသဖြင့် အောင်ခြင်း၈ပါးကို ဖြစ်စေ၏။ အရှင် အင်္ဂုလိမာလကို ကြည့်ပါ၊ သတ်ခဲ့တဲ့ လူတွေ နည်းမှ မနည်းတာနော်၊ ဘုရားနဲ့တွေ့ပြီး အမှားမှန်းသိလို့ တရားအားထုတ်တဲ့ အခါ အရဟတ္တမဂ်ဖိုလ်ကို ရရှိတော်မူတယ်။ အဲ့ဒီတော့ ပြုခဲ့ပြီးတဲ့ အကုသိုလ်တွေအတွက် ပူဆွေးရန် မလိုဘူး၊ လက်ကျန် အချိန်တွေမှာ ကောင်းမှုတွေ လုပ်လို့ရသေးတယ်နော်။ ဓမ္မမိတ်ဆွေတွေထဲ အင်္ဂုလိမာလောက်တော့ အကုသိုလ် မကြီးကြဘူး ထင်ပါတယ်။ စာကျက်ရင်းနဲ့ တစ်ဖက် ကလည်း ကမ္မဋ္ဌာန်းကို လုပ်စေချင်ပါတယ်။ ဤကား စကားချပ်။)

အကုသိုလ် ၁၈မျိုးမှာ စျာန်မဂ်တွေ မရနိုင်တာ နောက်ဆုံးက အနန္တရိယကံ ၅ပါးပေါ့။ ဒါမို့ သူ့အလှည့်မှာ "စျာနံ ဥပ္ပါဒေတိ၊ ဝိပဿ နံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ၊ အဘိညံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ။" ဆိုတဲ့ ပါဠိတော်တွေ မပါတော့ပါဘူး။ ပထမ ၁၃ခုက အောင်ခြင်း၈ပါး အပြည့် ရတယ်။ နောက်ဆုံး ပဉ္စာနန္တရိယကံ၅ခုက ဒါန/သီလ/ဥပုသ် ဒီ၃ခုပဲရတယ်။

**#အကု-ဗျာ**

ကုဗျာ ဟောပုံ အတိုင်းပါပဲ။ **အပိုဒ် (၁)**မှာ "ရာဂအပေါင်း၆"ကြောင့် ကာယိက ဒုက္ခတွေ ခံရကြောင်း အစိတ်အစိတ် ဟောပါတယ်။

**အပိုဒ်၂။** "ရာဂအပေါင်း၆" ... "သုခ ဒုက္ခ ဖလသမာတ်" အပေါင်းဟောပါတယ်။

**အပိုဒ် ၃။** အကုသိုလ်ကံဟာ အကုသလဝိပါက်ကို အားကြီးသော မှီရာ အဖြစ်ဖြင့် ကျေးဇူး ပြုကြောင်း ပြပါတယ်။

**5-5-2017**

(☸ = ဥပနိဿယပစ္စယေန ပစ္စယော။)

| | (၄) အကုသလော ဓမ္မော | | အကုသလဿ ဓမ္မဿ ☸ |
|---|---|---|---|
| | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | | |
| | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ အကု-အကု သချာအတိုင်း) | | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ အကု-အကု သချာအတိုင်း) | | |
| | ပကတူပနိဿယော - | | |
| ၁ | ရာဂံ ဥပနိဿာယ | ၂ | ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ |
| | | ၄ | မုသာ ဘဏတိ၊ ပိသုဏံ ဘဏတိ၊ ဖရုသံ ဘဏတိ၊ သမ္ဖံ ပလပတိ၊ |
| | | ၄ | သန္ဓိံ ဆိန္ဒတိ၊ နိလ္လောပံ ဟရတိ၊ ဧကာဂါရိကံ ကရောတိ၊ ပရိပန္ထေ တိဋ္ဌတိ၊ |
| | | ၃ | ပရဒါရံ ဂစ္ဆတိ၊ ဂါမဃာတံ ကရောတိ၊ နိဂမဃာတံ ကရောတိ၊ |
| | | ၅ | မာတရံ ဇီဝိတာ ဝေါရောပေတိ၊ ပိတရံ ဇီဝိတာ ဝေါရောပေတိ၊ အရဟန္တံ ဇီဝိတာ ဝေါရောပေတိ၊ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတိ၊ သင်္ဃံ ဘိန္ဒတိ။ |
| | ဒေါသံ ဥပနိဿာယ | | ။ပ။ (အကုသိုလ် ၁၈ပါးဟု မှတ်သားထားရန်) |
| | မောဟံ ဥပနိဿာယ | | ။ပ။ |
| | မာနံ ဥပနိဿာယ | | ။ပ။ |
| | ဒိဋ္ဌိံ ဥပနိဿာယ | | ။ပ။ |
| | ပတ္ထနံ ဥပနိဿာယ | | ပါဏံ ဟနတိ၊ ။ပ။ သံဃံ ဘိန္ဒတိ။ |
| ၂ | ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ | | ရာဂဿ၊ ဒေါ..၊ မော..၊ မာန..၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ ☸ |
| ၃ | ပါဏာတိပါတော | ၃ | ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသု မိစ္ဆာစာရဿ၊ |
| | | ၄ | မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယ ဝါစာယ၊ သမ္ဖပ္ပလာပဿ၊ |
| | | ၃ | အဘိဇ္ဈာယ၊ ဗျာပါဒဿ၊ မိစ္ဆာဒိဋ္ဌိယာ ☸ |
| | အဒိန္နာဒါနံ | | အဒိန္နာဒါနဿ၊ ကာမေသု မိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ (သံခိတ္တံ) မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ ☸ ။ (စက္ကံ ဗန္ဓိတဗ္ဗံ။) |
| | ကာမေသု မိစ္ဆာစာရော | | ။ပ။ |
| | မုသာဝါဒေါ | | ။ပ။ |
| | ပိသုဏာဝါစာ | | ။ပ။ |
| | ဖရုသာဝါစာ | | ။ပ။ |
| | သမ္ဖပ္ပလာပေါ | | ။ပ။ |
| | အဘိဇ္ဈာ | | ။ပ။ |
| | ဗျာပါဒေါ | | ။ပ။ |
| | မိစ္ဆာဒိဋ္ဌိ | | မိစ္ဆာဒိဋ္ဌိယာ၊ ပါဏာတိပါတဿ၊ အဒိန္နာဒါနဿ၊ ကာမေသု မိစ္ဆာစာရဿ၊ မုသာဝါဒဿ၊ ပိသုဏာယ ဝါစာယ၊ ဖရုသာယ ဝါစာယ၊ သမ္ဖပ္ပလာပဿ၊ အဘိဇ္ဈာယ၊ ဗျာပါဒဿ ☸ |

| | | |
|---|---|---|
| ၄ | မာတုဃာတိကမ္မံ | မာတုဃာတိကမ္မဿ၊ ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒ-ကမ္မဿ၊ သံဃဘေဒကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ |
| | ပိတုဃာတိကမ္မံ | ပိတုဃာတိကမ္မဿ၊ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ သံဃဘေဒ-ကမ္မဿ၊ နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ |
| | အရဟန္တဃာတိကမ္မံ | အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒကမ္မဿ၊ .... ။ပ။ |
| | ရုဟိရုပ္ပါဒကမ္မံ | ရုဟိရုပ္ပါဒကမ္မဿ၊ .... ။ပ။ |
| | သံဃဘေဒကမ္မံ | သံဃဘေဒကမ္မဿ၊ .... ။ပ။ |
| | နိယတမိစ္ဆာဒိဋ္ဌိ | နိယတမိစ္ဆာဒိဋ္ဌိယာ၊ မာတုဃာတိကမ္မဿ၊ ...။ပ။ အရဟန္တဃာတိကမ္မဿ၊ ရုဟိရုပ္ပါဒ-ကမ္မဿ၊ သံဃဘေဒကမ္မဿ |
| | **(၅) အကုသလော ဓမ္မော** | **ကုသလဿ ဓမ္မဿ** |
| | ပကတူပနိဿယော - | |
| ၁ | ရာဂံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ.. (အောင်ခြင်းစပါး) |
| | ဒေါသံ၊ မောဟံ၊ မာနံ၊ ဒိဋ္ဌိံ၊ ပတ္ထနံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ.. (အောင်ခြင်းစပါး) |
| ၂ | ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ | သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ |
| ၃ | ပါဏံ ဟန္တွာ တဿ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ... (အောင်ခြင်းစပါး) |
| | အဒိန္နံ အာဒိယိတွာ ။ပ။ မုသာ ဘဏိတွာ ။ပ။ ပိသုဏံ ဘဏိတွာ ။ပ။ ဖရုသံ ဘဏိတွာ ။ပ။ သမ္ဖံ ပလပိတွာ ။ပ။ သန္ဓိံ ဆိန္ဒိတွာ ။ပ။ နိလ္လောပံ ဟရိတွာ ။ပ။ ဧကာဂါရိကံ ကရိတွာ ။ပ။ ပရိပန္ထေ ဌတွာ ။ပ။ ပရဒါရံ ဂန္တွာ ။ပ။ ဂါမဃာတံ ကရိတွာ ။ပ။ နိဂမဃာတံ ကရိတွာ တဿ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ... (အောင်ခြင်းစပါး) |
| | မာတရံ ဇီဝိတာ ဝေါရောပေတွာ တဿ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ |
| | ပိတရံ ဇီဝိတာ ဝေါရောပေတွာ ။ပ။ အရဟန္တံ ဇီဝိတာ ဝေါရောပေတွာ ။ပ။ ဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေတွာ ။ပ။ သံဃံ ဘိန္ဒိတွာ တဿ | ပဋိဃာတတ္ထာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဥပေါသထကမ္မံ ကရောတိ။ |
| | **(၆) အကုသလော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ** |
| | အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ အကု-ဗျာ သချာအတိုင်း) | |
| | ပကတူပနိဿယော - | |
| ၁ | ရာဂံ ဥပနိဿာယ | အတ္တာနံ အာတာပေတိ ပရိတာပေတိ၊ ပရိယိဋ္ဌိ-မူလကံ ဒုက္ခံ ပစ္စနုဘောတိ။ |
| | ဒေါသံ၊ မောဟံ၊ မာနံ၊ ဒိဋ္ဌိံ၊ ပတ္ထနံ ဥပနိဿာယ | ။ |
| ၂ | ရာဂေါ။ ဒေါသော။ မောဟော။ မာနော။ ဒိဋ္ဌိ။ ပတ္ထနာ | ကာယိကဿ သုခဿ။ ကာယိကဿ ဒုက္ခဿ။ ဖလသမာပတ္တိယာ |
| ၃ | အကုသလံ ကမ္မံ | ဝိပါကဿ |

## အပိုင်း(၂၁)
## (ဥပနိဿယပစ္စည်း အဗျာကတပဒ)

#**ဗျာ-ဗျာ**

အဗျာကတပဒပိုင်းမှာ အဗျာကတတရားတွေကို

၁။ ကာယိက သုခ

၂။ ကာယိက ဒုက္ခ

၃။ ဥတု

၄။ ဘောဇန

၅။ သေနာသန ဆိုပြီး ၅မျိုး ဟောပါတယ်။

**အပိုဒ် ၁။** အဗျာကတ ၅မျိုးသည် "ကာယိက သုခ၊ ကာယိက ဒုက္ခ၊ ဖလသမာပတ်"တို့ကို ကျေးဇူးပြုကြောင်း အစိတ်အစိတ် ဟောပါတယ်။

**အပိုဒ် ၂။** အပေါင်းအနေနဲ့ အပိုဒ်၁ကို တစ်ချက်တည်းပေါင်းပြီး ပြန်ဟောပါတယ်။

**အပိုဒ် ၃။** အပိုဒ် ၁/၂ ကို ဟောတဲ့အခါ ကာယိက သုခနဲ့ ကာယိက ဒုက္ခဟာ အကြောင်း+ အကျိုး ၂ဖက်လုံးမှာ ပါပါတယ်။ ဖလသမာပတ်ကတော့ အကျိုးဘက်မှာပဲ ပါခဲ့တယ်။ ဘာလို့ဆို ဖလသမာပတ်ဟာ ကာယိကသုခကိုပဲ ဖြစ်ပေါ်စေနိုင်တယ်၊ ကာယိကဒုက္ခကို ဖြစ်ပေါ်စေတယ် မရှိဘူး။ ဖိုလ်ဝင်စားပြီး ကိုယ်ဆင်းရဲတယ် မရှိဘူးနော်။ ဒ့်ကြောင့် "ကာယိကံ သုခံ၊ ကာယိကံ ဒုက္ခံ၊ ဖလသမာပတ္တိ။ ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ"လို့ ရောပြီး ဟောလို့ မရဘူး ဖြစ်သွားတယ်။ အပိုဒ် ၁ရော ၂ရော ဖလသမာပတ်ကို ပစ္စည်းဘက်မှာ ဟောမရဘူး ဖြစ်သွားပါတယ်။ ဒါမို့ "ဖလသမာပတ္တိ ကာယိကဿ သုခဿ"လို့ သီးခြား ထုတ်ပြီး ဟော ရတာပါ။ အပိုဒ် ၃ဟာ အပိုဒ်၁နဲ့ ၂ရဲ့ နောက်ဆက်တွဲဆိုတာ နားလည်ရပါမယ်။

**အပိုဒ် ၄။** ရဟန္တာသည် အဗျာကတ၅မျိုးကို မှီပြီး မဖြစ်ဖူးသေးတဲ့ သမာပတ်တွေကို ဖြစ် စေတယ်၊ ဖြစ်ပြီး သမာပတ်ကို ပွားစေတယ်၊ သခ်ီ ရတို့အပေါ်**သိ၀** နာရှုပါတယ်တဲ့။

#**ဗျာ-ကု**

**အပိုဒ် ၁။** "ဗျာ"= အဗျာကတ ၅မျိုး၊ "ကု" = အောင်ခြင်း၈ပါး။ အစိတ်အစိတ် ဟောပုံ လွယ်ကူပါပြီ။

**အပိုဒ် ၂။** အဗျာကတ၅မျိုးနဲ့ သူတော်တရား ၅ပါး အပေါင်းဟောပုံ ဖြစ်ပါတယ်။ (ကုသိုလ်နဲ့ အနားသတ်တိုင်း သူတော်တရား ၅ပါးသာ)

ဒီသခ်ျာမှာ သတိပြုစရာရှိပါတယ်။ ဗျာ-ဗျာရဲ့ အပိုဒ် ၄မှာ ရဟန္တာက အဗျာကတ ၅မျိုးကို မှီပြီး သမာပတ်တွေဖြစ်တာ၊**သိ၀** နာတွေဖြစ်တာ ဟောပါတယ်။ ဒီ ဗျာ-ကုမှာ သေက္ခပုဂ္ဂိုလ် တွေအတွက် ဘာလို့မဟောတာလဲလို့ မေးစရာရှိပါတယ်။ တကယ်တော့ သေက္ခပုဂ္ဂိုလ်တွေအတွက် အပိုဒ်(၁)မှာ ပါပြီးသားမို့ ထပ်မဟောတော့တာလို့ နားလည် စေချင်ပါတယ်။ "ကာယိကံ သုခံ ဥပနိဿာယ ဝိပဿနံ ဥပ္ပါဒေတိ၊ သမာပတ္တိံ ဥပ္ပါဒေတိ" ဆိုတဲ့ ၂ချက်ထဲမှာ ပါပြီး ဖြစ်ပါတယ်။

**#ဗျာ-အကု**

**အပိုဒ် ၁။** "ဗျာ" = အဗျာကတ၅မျိုး၊ "အကု" အကုသိုလ် ၁၈မျိုး အစိတ်အစိတ် ဟောပုံ။

အပိုဒ် ၂။ "ဗျာ" = အဗျာကတ၅မျိုး၊ "အကု" = ရာဂအပေါင်း၆ အပေါင်းဟောပုံ။

****ဥပနိဿယပစ္စည်းအတွက် အနှစ်ချုပ်မှတ်သားရန်များ****

၁။ ပစ္စယုပ္ပန်မှာ စိတ်စေတသိက်တွေပဲ ရှိပါတယ်။

၂။ ကုသိုလ်အနားသတ်တိုင်း သုတော်တရား ၅ပါး။

၃။ အကုသိုလ်အနားသတ်တိုင်း ရာဂအပေါင်း၆ပါး။

၄။ အဗျာကတအနားသတ်တိုင်း "သုခ ဒုက္ခ ဖလသမာပတ်" ၃ပါး။

၅။ သင်္ချာတိုင်းမှာ အစိတ် ၁ချက်၊ အပေါင်း ၁ချက်ဟောပါတယ်။

၆။ အပိုဒ် ၁သည် အစိတ်ဟောပုံ၊ အပိုဒ် ၂သည် အပေါင်း ဟောပုံ။

၇။ ကံနဲ့ ကံရဲ့အကျိုးအကြောင်း ကု-ဗျာမှာ တစ်ချက်၊ အကု-ဗျာမှာ တစ်ချက်ဝင်မယ်။
"ကုသလံ ကမ္မံ ဝိပါကဿ" နဲ့ "အကုသလံ ကမ္မံ ဝိပါကဿ"။

၈။ အာရမ္မဏူပနိဿယသည် အာရမ္မဏာဓိပတိနှင့်တူ။

၉။ အနန္တရူပနိဿယသည် အနန္တရနှင့်တူ။

သတိရလို့ ပါဠိရွတ်တာလေး တစ်ခု ပြောရန်ကျန်။ "တွာ" လို့ မြင်ရင် "တ" နှစ်လုံးဆင့်သံ ထွက်ရပါတယ်။ ဥပမာ... "အာဒိယိတွာ" ကို "အာဒိယိတ်တဝါ"လို့ ဖတ်ရပါတယ်။ "ကရိတွာ"ကို ကရိတ်တဝါ၊ "ဘဇိတွာ"ကို ဘဇိတ်တဝါ၊ "ဆိန္ဒိတွာ"ကို ဆိန္ဒိတ်တဝါ စသဖြင့် သတိပြုပါရန်။

ပကတူပနိဿယကို လေ့လာရတဲ့အတွက် အကုသိုလ်တရားတွေ အကြောင်းကို ကြောက်မက်ဖွယ် တွေ့ရှိရပါလိမ့်မယ်။ ငါတော့ဖြင့် ဒုစရိုက်၉ပါးလုံးတယ် တစ်ပါးပဲကျန်တယ်၊ မဆိုးလှဘူး မအောက်မေ့စေလိုပါဘူး။ အဲ့ဒီ ဒုစရိုက် တစ်ပါးဟာ ကျန်၉ပါး ကျူးလွန်စေဖို့ အချိန်မရွေး အသင့်ဖြစ်နေတယ်ဆိုတာ မမေ့အပ်ပါဘူး။

"ယေကေစိ ကုသလာ ဓမ္မာ သဗ္ဗေ တေ ယောနိသောမနသိကာရ မူလကာ" (ဖြစ်ပေါ်လာသမျှ အလုံးစုံသော ကုသိုလ်တရားတွေဟာ ယောနိသော မနသိကာရသည်သာ အခြေခံပါပဲ) ဆိုတဲ့အတိုင်း မှန်ကန်သော နှလုံးသွင်းဖြစ်ပေါ်စေဖို့ရာ ဤစာစုများမှ ဖတ်ရှုလေ့လာသူများအား တစ်စုံတရာ အထောက်အကူ ပြုပါစေသတည်း။

အသစ်အသစ်သော အကုသိုလ်များ မဖြစ်စေဖို့ သတိပြုထိန်သိမ်းရင်း ပြုမိမှားခဲ့သော အကုသိုလ်များ၏ အကျိုးပေးကို ပြေပျောက်စေဖို့ရာ ဥပနိဿယ ပစ္စည်းရဲ့ လမ်းညွှန်မှုအတိုင်း လိုက်နာ ကျင့်သုံးကြရပါမယ်။ အကုသိုလ် အကျိုးပေးကို ဖြေဖျောက်ဖို့ ကြိုးစားရင်း "ဝိပဿနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ" ဖြစ်နိုင်ကြပါစေဟု မေတ္တာ ဆုမွန်ပို့သအပ်ပါသည်။

သာဓုသာဓုသာဓု

6-5-2017

(☸ = ဥပနိဿယပစ္စယေန ပစ္စယော။)

| | | |
|---|---|---|
| | **(၇) အဗျာကတော ဓမ္မော** | **အဗျာကတဿ ဓမ္မဿ ☸** |
| | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ ဗျာ-ဗျာ သချာအတိုင်း) | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ ဗျာ-ဗျာ သချာအတိုင်း) | |
| | ပကတူပနိဿယော - | |
| ၁ | ကာယိကံ သုခံ | ကာယိကဿ သုခဿ၊ ကာယိကဿ ဒုက္ခဿ၊ ဖလသမာပတ္တိယာ ☸ |
| | ကာယိကံ ဒုက္ခံ | ။ |
| | ဥတု | ။ |
| | ဘောဇနံ | ။ |
| | သေနာသနံ | ။ |
| ၂ | ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ | ။ |
| ၃ | ဖလသမာပတ္တိ | ကာယိကဿ သုခဿ ☸ |
| ၄ | အရဟာ ကာယိကံ သုခံ ဥပနိဿာယ | အနုပ္ပန္နံ ကိရိယသမာပတ္တိံ ဥပ္ပါဒေတိ၊ ဥပ္ပန္နံ သမာပဇ္ဇတိ၊ သင်္ခါရေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ။ |
| | ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ | ။ |
| | **(၈) အဗျာကတော ဓမ္မော** | **ကုသလဿ ဓမ္မဿ ☸** |
| | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ ဗျာ-ကု သချာအတိုင်း) | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ ဗျာ-ကု သချာအတိုင်း) | |
| | ပကတူပနိဿယော - | |
| ၁ | ကာယိကံ သုခံ ဥပနိဿာယ | ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ.. (အောင်ခြင်းစပါး) |
| | ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ | ။ |
| ၂ | ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ | သဒ္ဓါယ၊ သီလဿ၊ သုတဿ၊ စာဂဿ၊ ပညာယ ☸ |
| | **(၉) အဗျာကတော ဓမ္မော** | **အကုသလဿ ဓမ္မဿ ☸** |
| | အာရမ္မဏူပနိဿယော၊ အနန္တရူပနိဿယော၊ ပကတူပနိဿယော။ | |
| | အာရမ္မဏူပနိဿယော - (အာရမ္မဏာဓိပတိ၏ ဗျာ-အကု သချာအတိုင်း) | |
| | အနန္တရူပနိဿယော - (အနန္တရပစ္စည်း၏ ဗျာ-အကု သချာအတိုင်း) | |
| | ပကတူပနိဿယော - | |
| ၁ | ကာယိကံ သုခံ ဥပနိဿာယ | ပါဏံ ဟနတိ၊ အဒိန္နံ အာဒိယတိ၊ ...(အကုသိုလ် ၁၈ပါး) |
| | ကာယိကံ ဒုက္ခံ။ ဥတုံ။ ဘောဇနံ။ သေနာသနံ ဥပနိဿာယ | ပါဏံ ဟနတိ၊ .... (သခိတ္တံ။) .... သဃံ ဘိန္ဒတိ။ (အကုသိုလ် ၁၈ပါး) |
| ၂ | ကာယိကံ သုခံ။ ကာယိကံ ဒုက္ခံ။ ဥတု။ ဘောဇနံ။ သေနာသနံ | ရာဂဿ၊ ဒေါ..၊ မော..၊ မာန..၊ ဒိဋ္ဌိယာ၊ ပတ္ထနာယ ☸ |